www.burmeseclassic.com

မောင်စူးစမ်း

# ဘောဂဗေဒနှင့် ဂျာနယ်လစ်ဇင် ပလုံးပထွေး

www.burmeseclassic.com

# မာတိကာ

## PROFILE


၁။ ဘောဂဗေဒနှင့် ဂျာနယ်လစ်ဇင် ဗလုံးဗထွေး ၁


## COMMENTARY


၂။ ပေါ်လစီဗေဒ ၅

၃။ ရေစီးဘယ်လောက်သန်မလဲ၊ တစ်ဖက်လှန်ကြည့်ခြင်း ၁၅

၄။ ပြဿနာကြီးကြီး ပုံကြီးကြီး ၁၉

၅။ ကာဆပ်ဘယ်လီ အူတိုင်ကျောရိုးနှင့် အန္တိမအစမ်းအသပ် ၂၃

၆။ ကမ္ဘာ့လုံခြုံရေးဗီရှင်းအသစ်တွင် အင်အားသုံးစွဲမှု ဘယ်လိုရှိမလဲ ၂၇

၇။ စီးပွားရေး နိုင်ငံရေး သံသရာနှစ်မျိုး၊ ဦးနှောက်နှစ်ခြမ်းတို့ဖြင့် လေ့လာခြင်း ၃၁

၈။ ဒုတိယအကြီးဆုံးအကျပ်၊ တန်ပြန်ရှော့(ခ်)ကြီးနှစ်ရပ် ၃၅

၉။ ကြီးသော်မကောင်းဟု ဆိုနိုင်ပါ့မလား၊ တရုတ်အငြင်းအခုံ ၃၉

၁၀။ တစ်ဦးတည်းကျိတ်ဝါဒ ဒဏ်ပြင်းသလား၊ မှန်းဆချက်တွေလွဲ ၄၃

၁၁။ နိုင်ငံရေးညီမျှခြင်းနှင့် အကြွင်းမရှိ အနှောင့်အယှက် အစ္စရေး–ပါလက်စတိုင်း ဒိုင်းနမစ် ၄၇

၁၂။ ကန်ကွန်ကမ္ဘာ့ကုန်သွယ်ရေးညီလာခံ ဘာကြောင့်ပျက် ၅၃

၁၃။ ထွက်ပေါက်မဟာဗျူဟာ ဘာဖိအားတွေရှိသနည်း ၅၇


www.burmeseclassic.com

www.burmeseclassic.com

၁၄။ အဆင်ပြေအလံများနှင့် ကုလသမဂ္ဂကျောရိုး နှစ်ပါး ၆၁

၁၅။ ထရိုတ်ယူနီယံဇာတ်လမ်း အဟောင်းဖြစ်ပြီလား ၆၇

၁၆။ နတ်ဆိုးနှင့် ညစာသုံးဆောင်လျှင် ဇွန်းရှည်ရှည်လိုသလော ၇၁

၁၇။ ဖရီးလား – ဖဲယားလား၊ ဘုနိုပ်မှားသလား ၇၇

၁၈။ ကျင့်ထုံးနှင့် ယဉ်ကျေးမှုမျက်နှာစာနှစ်ရပ်ကို
ဂလိုဘယ်အချိန်နှင့်တွက်ခြင်း ၈၃

၁၉။ မက္ကရိုကင်းဗတ်(စ်)၌ အူတိုင်ငါးပါး ရေးဆွဲခြင်း ၈၇

၂၀။ ၂၁ ရာစုနှစ် အရင်းရှင်စနစ်ကို ခန့်မှန်းကြခြင်း ၉၃

၂၁။ အတ္ထုပ္ပတ္တိတိဗ္ဗီ – ပုံပြင်ဝတ္ထုလား၊ ရိုဂဲင်ရပ်ရှင်အငြင်းအခုံ ၉၇

၂၂။ ဗရုတ်သုတ်ခကမ္ဘာ၌ ဇကန်တရားရှာပုံတော် ၁၀၁

၂၃။ အီရတ်ကန်ထရိုက်နောက်မှ အစစ်အမှန်နိုင်ငံရေး ၁၀၅

၂၄။ ဆဒမ်နှင့် ချူကလီယား ညီမျှခြင်းကိစ္စ
စစ်အေးခေတ်နှင့် တွက်လို့ရမလား ၁၁၁

၂၅။ အကြမ်းထည် ဆိုရှယ်ဒါဝင်ဝါဒက
သမိုင်းလမ်းကြောင်းကို ပြောင်းနေသည် ၁၁၇

## TREND

၂၆။ လိပ်နှင့် ခရမ်းချဉ်သီး ၁၂၁

၂၇။ ရွှေမင်းသမီးနှင့် ဖားဒဏ္ဍာရီ ၁၂၇

www.burmeseclassic.com

www.burmeseclassic.com

# ဘောဂဗေဒနှင့် ဂျာနယ်လစ်ဇင်ဗလုံးဗထွေး

## မှတ်တိုင် (၁)

စာရေးသူ၏ဘဝ၌ ဘောဂဗေဒနှင့် ဂျာနယ်လစ်ဇင်တို့သည် ဗလုံးဗထွေး နှင့် ပေါင်းစည်းမိနေသည်။ ပထမမှတ်တိုင်အကြောင်း ပြောရလျှင် စာရေးသူ အရွေးမှန်သွားသောအဖြစ်ကို စတင်ပြောရမည်ဟု ထင်သည်။ ၁၉၄၇–၄၈ ခုနှစ်၌ စာရေးသူ အိုင်အေအောင်၍ ဘာသာသုံးရပ်တွင် ဂုဏ်ထူးတန်း တက်နိုင်သောအမှတ်တွေ ရရှိသည်။ ဘောဂဗေဒ၊ သမိုင်းနှင့် ဒဿနတို့တွင် ဖြစ်သည်။

အခု ပြန်စဉ်းစားကြည့်သည်။ သမိုင်းများရွေးမိလျှင် စီးပွားရေးအကြောင်းတွေ ရေးသားနေသော 'မောင်စူးစမ်း' ဖြစ်လာမည်မဟုတ်။ ဒဿနရွေးမိလျှင် စာရေးဆရာမဖြစ်ဘဲ ဘုန်းကြီးပဲ ဖြစ်သွားမလားမသိပေ။ ကံကောင်းသည်။ အရွေးမှန်သွားသည်။ ဘောဂဗေဒဂုဏ်ထူးတန်း ရွေးလိုက်သည်။ စာရေးသူနှင့် အတူ ဂုဏ်ထူးတန်းတက်သူမှာ ကိုသန်းအောင်နှင့် ကိုညွန့်ဝေတို့ ဖြစ်ကြသည်။

ဘာသာရပ်ရွေးချယ်ရာ၌ မှန်သော်လည်း နိုင်ငံရေးရွေးချယ်မှု၌မူ မှားသွားသလားမသိ။ စာရေးသူ ဂျန်ဂဲလ် ဘဝတက္ကသိုလ်ထဲ ရောက်သွားသည်။

ကိုသန်းအောင်က ကိန်းဘရစ်တက္ကသိုလ်သို့သွားသည်။ ကိုညွန့်ဝေက ဟားဗတ်သို့ သွားသည်။

ဂျန်ဂဲလ်ထဲ ရောက်သွားပေမယ့် ဘောဂဗေဒနှင့်တော့ ဝေးသွားခြင်း

www.burmeseclassic.com

www.burmeseclassic.com


မရှိပါ။ ဘောဂဗေဒ စာပေမျိုးစုံကို ဖတ်ရသည်။ ဒီအထဲ မက်(က်)(စ်) ဘောဂဗေဒကတော့ အဓိကပေါ့။ အရင်းကျမ်းဆို အတော်နံ့နှံ့စပ်စပ်ဖတ်သည်။ ထိုစဉ်က အမေရိကန် ကေတီအေမှ ရေးဆွဲပေးသော ပြည်တော်သာ စီမံကိန်းကိုလည်း လှမ်းဝေဖန်ပစ်လိုက်သည်။ မန္တလေးလူထုဂျာနယ်တွင် မောင်စူးစမ်း ကလောင်အမည်ဖြင့် အခန်းဆက်ဝေဖန်ရာမှ ဗမာ့စီးပွားရေး စစ်တမ်းစာအုပ် ထွက်လာခဲ့သည်။ စာရေးသူ၏ ပထမဆုံးလက်ရာ ဖြစ်သည်။ ဤစာအုပ် သုံး–လေးကြိမ် ပြန်ရိုက်ရသည်။

## မှတ်တိုင် (၂)

မှတ်တိုင် (၂) ကို ဆက်ပြောရဦးမည်။ ဂျန်ဂဲလ်မှ ပြန်ရောက်အပြီး၌ စာမေးပွဲဆက်ဖြေသည်။ အောင်သည်။ အောင်သည်နှင့် စာရေးသူအား ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနတွင် လက်ထောက်ကထိက (ဘာသာပြန်)အဖြစ် ပါမောက္ခ ဆရာဦးအေးလှိုင်က ခန့်တော့သည်။ ဆရာဦးအေးလှိုင်ကို သိပ်လည်း ကျေးဇူးတင်သည်။ မိမိလည်း အလွန်ဝမ်းသာသည်။ အဘယ့်ကြောင့်ဆိုသော် ဂျန်ဂဲလ်မှ ပြန်လာပြီးသည့်နောက် တက္ကသိုလ်အရိပ်အာဝါသတွင် အေးအေးလူလူနှင့် အရိုးထုတ်သွားတော့မည်ဟု ရည်ရွယ်ထားမိသောကြောင့် ဖြစ်သည်။ အမ်အေလည်း ဆက်တက်သည်။ သုံး–လေးလအကြာ စာရေးသူအား လက်ထောက်ကထိကအဖြစ် ခန့်ထားမှုနှင့်ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ်ကောင်စီတွင် ပြဿနာတက်သည်ဟု ကြားရတော့သည်။ လက်ထောက်ကထိကကို ဆီးနိတ်က မခန့်နိုင်။ ကောင်စီကသာ ခန့်နိုင်သည် စသည်ဖြင့် အငြင်းတွေပွားကြသည်လောက်သာ သိရသည်။ ဒီတော့ စာရေးသူ ထွက်လိုက်ရသည်။ မောင်စူးစမ်း ကလောင်နာမည်က ရှိနေတော့ ခံသာသည်။ အတော်ပဲ၊ ထိုစဉ်က မြန်မာ့အလင်း သတင်းစာက ပင်တိုင်ဆောင်းပါးရှင်အဖြစ် ဖိတ်ခေါ်သည်။ မြန်မာ့အလင်း သတင်းစာတိုက်၌ ပင်တိုင်ဆောင်းပါးရှင်၊ ခေါင်းကြီးရေးသူ၊ အထူးသတင်းထောက် စသည်ဖြင့် ဂျာနယ်လစ်ဘဝစုံအောင် ဆောင်ရွက်ရသည်။ ဖြစ်ချင်တာက ကျောင်းဆရာ၊ ဖြစ်လာတာက သတင်းစာဆရာ။

www.burmeseclassic.com

www.burmeseclassic.com


မြန်မာ့အလင်း၌ စာရေးနေစဉ် ဘ၀၏ ဒုတိယခံစစ်ကြောင်းအနေနှင့် ဘီအယ်(လ်)ကို ဝင်ဖြေရသေးသည်။ အောင်ပါသည်။ ရှေ့နေလည်းဖြစ်လာပါသည်။ သို့သော် ရှေ့နေမလိုက်သေး။ သတင်းစာဆရာအဖြစ်ပင် ရှိနေစဉ် စာပေဗိမာန်နှင့် အာရှဖောင်ဒေးရှင်းတို့အတွက် ဘောဂဗေဒစာအုပ်သုံးအုပ်ကို ဘာသာပြန်ပေးလိုက်သည်။ ကျောင်းသုံးဖြစ်သည်။

## တစ်နေ့သ၌

မှတ်တိုင် (၃) ကို ပြောရလျှင် 'တစ်နေ့သ၌' မှ စရမည်။ တကယ်တစ်နေ့၌ မနက်ထိ အိပ်မောကျနေစဉ် သန်းသန်း (ကွယ်လွန်သူ ဇနီး) က စာရေးသူအား အိပ်ရာမှ တအားလှုပ်ယမ်းနှိုးသည်။ အပြောင်အရွတ် ပြောတတ်သော သန်းသန်း က၊ "ထ..ထ... အထူးအရာရှိကြီး" ဟုခေါ်သည်။ ဘာမှန်းမသိ ကြောင်နေရာမှ သတင်းစာကို ပြသည်။ နိုင်ငံရေးသမားကြီး ၂၁ ယောက်ကို တော်လှန်ရေးကောင်စီက အထူးအရာရှိများ ခန့်သည့်သတင်း ဖြစ်နေသည်။ တစ်ယောက်ယောက်ကတော့ လာခေါ်တော့မှာပဲဟု ထင်သည်နှင့် ရေမိုးချိုးပြီး အဝတ်အစားလဲကာ စောင့်နေစဉ်၊ မနက် ၈ နာရီ ခွဲလောက်၌ စစ်ရုံးမှ စာရေးသူသူငယ်ချင်း ဗိုလ်မှူးတစ်ယောက် သူ့ဂျစ်ကားနှင့် လာခေါ်သည်။ ဒဂုံရိပ်သာပါ။

မှတ်တိုင် (၃) က စာရေးသူ အထူးအရာရှိဖြစ်ခြင်း ဖြစ်သည်။ ဟိုအစည်းအဝေး၊ ဒီအစည်းအဝေးတွေ အများကြီးတက်ရသည်။ မှတ်မှတ်ရရ ပညာရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်က အသက်မွေးဝမ်းကျောင်းဌာနနှင့် ကောလိပ်တို့ကို သီးခြားတက္ကသိုလ်များအဖြစ် ဖွဲ့စည်းရန် ဆုံးဖြတ်လိုက်သည်။

စီးပွားရေးတက္ကသိုလ် ပေါ်လာသည်။ စီးပွားရေးတက္ကသိုလ် ပညာရေးဘုတ်အဖွဲ့တွင် စာရေးသူလည်း အဖွဲ့ဝင်လူကြီး ဖြစ်လာသည်။ နောက် ပြင်ပစာစစ်မှူးလည်း ဖြစ်လာသည်။ စီးပွားရေးတက္ကသိုလ်သို့ မကြာခဏလည်း ဆိုရှယ်လစ် စီးပွားရေးအကြောင်း သွားရောက်ပို့ချရသည်။

www.burmeseclassic.com

www.burmeseclassic.com


## ယနေ့ဘဝ

မှတ်တိုက် (၄) က စာရေးသူ၏ ယနေ့ဘဝ ဖြစ်သည်။ စီးပွားရေး ဆောင်းပါးရှင်းသာမကဘဲ အကြောင်းအရာပေါင်းစုံကို ကြုံသလိုရေးသည့် စာရေးဆရာ ဖြစ်လာသည်။ ယခင်က စာရေးဆရာဘဝ၌ စာရေးခြင်းသည် ဒုတိယဝင်ငွေသဘော ဖြစ်ခဲ့သည်။ ယခု စာရေးသူ၌ အခြားဝင်ငွေရစရာ မရှိတော့။ သို့ဖြင့် စာမူခတို့သည် စာရေးသူ၏ ပထမဝင်ငွေနှင့် တစ်ခုတည်းသော ဝင်ငွေ ဖြစ်လာသည်။ ခုမှ professional writer စာရေးခြင်းဖြင့်အသက်မွေး ဝမ်းကျောင်းသူ စစ်စစ်ဖြစ်လာသည်။

တစ်နေ့… မဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေသူတစ်ဦးက စာရေးသူ အား မေးခွန်းတစ်ပုဒ် မေးပါသည်။

"ဆရာရယ်၊ ကျောင်းက ဆရာတွေကလည်း ဆောင်းပါးရေးကြပါတယ်။ ဆရာ့ဆောင်းပါးလောက် ဖတ်လို့မကောင်းဘူး။ အဲဒါ ဘာကြောင့်လဲ ဆရာ"

စာရေးသူက ချက်ချင်းပဲ အဖြေပေးပါသည်။

"သူတို့က ကျမ်း thesis လို ရေးလို့ပါ။ ကျမ်းလိုရေးရင် ဘောဂဗေဒ ဟာ အတော်ပျင်းစရာ ကောင်းပါတယ်၊ မွဲခြောက်ခြောက်နဲ့…"

စာရေးသူက ဂျာနယ်လစ်စတိုင်ဖြင့် ဆောင်းပါးရေးကြောင်း အနည်းငယ် ရှင်းပြသည်။ စာရေးသူ၏ ဘဝကိုက ဘောဂဗေဒနှင့် ဂျာနယ်လစ်ဇင် ဗလုံး ဗထွေးနှင့် ရောထွေးပြီး ခုလိုဖြစ်လာရပုံကို ဤထုတ်ဝေသူက သိပုံမရပါ။

၁၁၊ အောက်တိုဘာ၊ ၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

COMMENTARY

# ပေါ်လစီဗေဒ

**“ ယခု ခေတ်စားနေသောနည်းမှာ “ပြဿနာကို ဗဟိုချက်” ပေးသောနည်း ဖြစ်သည်။ အဖြေကို ထုပ်ပြီးပိုးပြီးသား အရန်သင့်မထား၊ တရားသေမဆန်၊ ပြဿနာအမှန်ကို လေးလေး နက်နက် တွေ့အောင်ရှာ၍ စိစစ်သုံးသပ်ခြင်းဖြစ်၏။ ”**

ကွန်မြူနစ်ဝါဒ အရေးနိမ့်သွားသောအခါ အယူအဆတစ်ခု ပေါ်လာသည်။ ယင်းမှာ အတွေးအမြင် စိတ်ကူး (ideas) တို့သည် အင်အားမကြီးတော့။ နိုင်ငံတို့၏ ကံကြမ္မာတို့ကို အတွေးအမြင်တို့က ဩဇာပြုနိုင်စွမ်းအားသည်၊ ချည့်နဲ့သွားပြီဟူ၍ ဖြစ်သည်။

ထွန်းသစ်စ ဈေးကွက်စီးပွားရေးနှင့် အတောင်အလက်ပေါ်ခါစ ဒီမိုကရေစီတို့တွင်၊ ဆိုင်ရာဆိုင်ရာ အခန်းတို့မှ ပါဝင်ကပြနေကြကုန်သော ဇာတ်ဆောင်အပေါင်းတို့ကလည်း၊ သာမန်ရိုးစင်းသောလက်တွေ့ဝါဒ simple pragmatism ဖြင့် အလုပ်လုပ်နေကြသည်က များနေသည်ဟု ဆက်လက်၍ ပြောသည်။

သို့သော် ယခုတစ်ဖန် အတွေးအမြင်အလံကို ပြန်လည်၍ မြှင့်တင်ရန်

www.burmeseclassic.com

www.burmeseclassic.com


ကြိုးပမ်းလာကြသည်။ သေသေချာချာ စနစ်တကျ ပြုလုပ်၍ ဖြန့်ချိနိုင်လျှင်၊ အတွေးအမြင် စိတ်ကူးတို့သည် ဈေးကွက်စီးပွားရေး အောင်မြင်ရေးကို ဖြစ်စေ၊ ကမောက်ကမဖြစ်ခြင်းကိုဖြစ်စေ ကြီးစွာသြဇာလွှမ်းမိုးပါလိမ့်မည်ဟု ဆိုလာကြသည်။

သို့ဖြင့် မဟာဗျူဟာ သုတေသနအဖွဲ့၊ ပေါ်လစီ စိစစ်ရေးအဖွဲ့၊ ဉာဏ်ကြီးရှင် think tank အဖွဲ့ အစရှိသည့်အဖွဲ့များ ပေါ်လာကြသည်။ ထိုအဖွဲ့များ အလွန် ရေပန်းစားလာကြသည်။

## ပေါ်လစီ နောက်ကွယ်မှ

အတွေးအမြင်တို့က သြဇာလွှမ်းမိုးဖို့ ဆိုရာတွင်၊ သာမန်ပြည်သူတို့ကြား ထဲ၌ သြဇာလွှမ်းရန် အဓိကမဟုတ်ပြန်ပေ။ ပေါ်လစီ (မူဝါဒ) ချမှတ်သူများ ကြားထဲတွင်၊ သြဇာလွှမ်းမိုးနိုင်ရန် ဖြစ်သည်။ ပေါ်လစီချမှတ်သူတို့ကို ပစ်မှတ်ထား၍ အတွေးအမြင်တို့ကို ဖော်ထုတ်ပြခြင်း ဖြစ်သည်။

ဤသဘောသည် လက်ဝဲသမားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ဟန်ရှိသည်။ လက်ဝဲအယူအဆတစ်ရပ်၌၊ သဘောတရားတစ်ခုကို လူထုကြားထဲ ပျံ့နှံ့၍ လူထုက ဆုပ်ကိုင်မိလျှင်၊ သဘောတရားမည်သော နာမ်အင်အားသည် ရုပ်အင်အားစုကြီး material force အဖြစ်သို့ ပြောင်းလဲသွားမည်ဟု၊ ဟောခဲ့ဖူးသည်။ ထို့ကြောင့် လူထုကို နားထောင်ရန် ပစ်မှတ်အဖြစ် ထားခဲ့ကြသည်။

ယခုအမြင်၌ တကယ့်အပြောင်းအလဲမှာ၊ ပေါ်လစီချမှတ်သူတို့၏ အတွေးအမြင်နှင့် ပေါ်လစီတို့ကြောင့်သာ ဖြစ်ပေသည်။ နားထောင်ရန် ပရိသတ်သည် ပေါ်လစီချမှတ်သူတို့ ဖြစ်ရမည်။ ထို့ကြောင့် စာရေးသူသည် ဤဆောင်းပါး၏ခေါင်းစဉ်ကို ပေါ်လစီဗေဒဟု တပ်လိုက်ရသည်။

ပေါ်လစီဗေဒမှာ ပေါ်လစီချမှတ်ခြင်းဆိုင်ရာပညာဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။ ဤပညာ၏ နည်းနာပိုင်းကို မရှင်းပြမီ ပေါ်လစီ၏ နောက်ကွယ်တွင် ရှိကြကုန်သော အယူအဆနှင့် အတွေးအခေါ်တို့ကို ကနဦး ဇာစ်ဇာစ်မြစ်မြစ် ဝေဖန်ဖော်ပြအပ်သည်ဟု ယူဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုအထဲ၌၊ ပြောလေ့ပြောထရှိသော သဘောတရားနှင့် လက်တွေ့ဆိုသော၊ မျက်နှာစာနှစ်ဖက်သာကြည့်သော အတွေးအခေါ် တစ်ရပ်သည်လည်း ပါဝင်ပါလိမ့်မည်။

## ပြဿနာအမှား

ရှေးဦးစွာ problem ဆိုသော 'ပြဿနာ' နှင့် solution ဆိုသော 'အဖြေ' တို့၏ အဆက်အစပ်ကို သုံးသပ်ကြည့်ဖို့ လိုပါသည်။ ရောဂါရှိလျှင် ဆေးရှိရမည်ဆိုသော ဆိုရိုးစကားကို လက်ကိုင်ပြုလျှင်၊ ပြဿနာနှင့် အဖြေတို့ ဆက်စပ်မှုမှာ ဘာမျှရှုပ်ထွေးစရာမရှိ၊ ရိုးရိုးလွယ်လွယ်ပင် ဖြစ်စရာရှိသည်။ ပြဿနာရှိလျှင် အဖြေရှိဖို့ သေချာသည်၊ certainty ရှိသည်ဟု ဆိုသည်။

သို့သော် ပညာရှင်တို့က 'အဖြေကို ရှာနေသော ပြဿနာများ' problems in search of solutions ဆိုသော အသုံးအနှုန်းနှင့်၊ 'ပြဿနာကို ရှာနေသော အဖြေများ' solutions in search of problems ဆိုသော အသုံးအနှုန်းတို့ကို သုံးစွဲနေကြခြင်းတို့ကို ထောက်ရှုလျှင်၊ ပြဿနာနှင့် အဖြေတို့ကြား ဆက်စပ်မှုသည် ထင်သလောက် မလွယ်လှကြောင်း၊ မရိုးစင်းလှကြောင်းကို တွေ့နိုင်သည်။ တစ်နည်းပြောလျှင် သေချာမှုမရှိကြောင်းကို တွေ့နိုင်၏။

ပြဿနာနှင့် အဖြေကြားတွင် အလွန်ရှုပ်ထွေးသော ကြိုးမျှင်များရှိကြကုန်သည်။ ကြိုးမျှင်ရှိချင်မှလည်း ရှိမည်။ စင်စစ်ပြောရလျှင် ပေါ်လစီချမှတ်သည်ဆိုသည်မှာ၊ မချမှတ်ခင် ပြဿနာတို့ကို မှန်မှန်ကန်ကန်နှင့် အရင်ကနဦး တွေ့အောင်ရှာဖွေသော လုပ်ငန်းမှ စကြရသည်။ ပညာရှင်တစ်ဦး၏မှတ်ချက်အရ ပြဿနာအမှန်သည် မှုန်မွှားနေတတ်၏၊ တွေ့ဖို့ခက်၏။ သို့ရာတွင် ပြဿနာ အမှားတို့ကိုမူ ရှာသူတို့က တိတိကျကျ ဖော်ပြတတ်သည်။ တွေ့ဖို့လည်း လွယ်တတ်သည်။ ထို့အပြင် ပြဿနာအမှားကို ဆုံချက်အမှား wrong focus ဖြင့် ဖော်ပြတတ်ကြသည်လည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


## ထုပ်ပြီး ပိုးပြီးသား

ပြဿနာကို တစ်ကဏ္ဍ၊ အဖြေကို တခြားတစ်ကဏ္ဍဆိုပြီး မျဉ်းခွဲ၍စဉ်းစားလျှင်၊ ဓောင်းပေးမှု (သို့မဟုတ်)ဗဟိုပေးမှုကိုလည်း နှစ်မျိုး ခွဲရတော့မည်။ 'ပြဿနာကို ဗဟိုချက်ပေးသော ရှုထောင့်' problem centered perspective နှင့် 'အဖြေကို ဗဟိုချက်ပေးသော ရှုထောင့်' solution centered perspective တို့ဆိုပြီး ခွဲရတော့မည်။

သို့ဖြစ်လျှင် ပေါ်လစီ စိစစ်သူတို့သည် မည်သည့်ရှုထောင့်ကို ကိုင်မလဲ ဟူ၍ စဉ်းစားရန် ပေါ်လာသည်။ ဤကိစ္စသည် အလွန်အရေးကြီးပေသည်။ ယခင့်ယခင်က ညဏ်ကြီးရှင်အဖွဲ့တို့သည် 'အဖြေကို ဗဟိုချက်ပေးသော ရှုထောင့်' ကို အသုံးပြုခဲ့ကြကုန်သည်။ အဖြေကို အရင်ရှာပြီးမှ ပြဿနာတို့ကို ချဉ်းကပ် ကြည့်ကြသည်။ ဤရှုထောင့်ဖြင့် ပေါ်လစီနှင့် မဟာဗျူဟာတို့ကို အကြံပေးခဲ့ကြလေရာ အတွေ့အကြုံတို့အရ အမှန်နည်းခဲ့ကြသည်။ ပေါ်လစီတို့သည် လမ်းချော်ခဲ့ပြီး ရည်မှန်းထားသော အဖြေတို့နှင့်လည်း တစ်လွဲစီ ဖြစ်ခဲ့ကြသည်။

ဤသို့ ဖြစ်ရသည်မှာလည်း ဆန်းသည်ဟု မဆိုနိုင်။ ထိုပုဂ္ဂိုလ်တို့၌ သဘောတရား theory အစွဲအလမ်း ရှိခဲ့ကြလေရာ၊ ၎င်းတို့ လက်ခံထားသော သီအိုရီသည် ဘုရားဟောကျမ်းမျှအလား၊ အလွန်ခိုင်လုံသည်ဟု ယူဆခဲ့ကြသည်။ ထို့အလျှောက် မည်သည့်ပြဿနာတို့အတွက်မဆို ကိုင်တွယ်ရန် ပေါ်လစီတွေက ထုပ်ပြီး ပိုးပြီးသား အဆင်သင့်ရှိသည်။ ဤပေါ်လစီတို့ကို အကောင်အထည်ဖော်ရန် မဟာဗျူဟာတွေက ထုပ်ပြီး ပိုးပြီးသား အဆင်သင့်ရှိသည်။ ဤပေါ်လစီနှင့် မဟာဗျူဟာတို့အတိုင်းသာ မမိုတ်မသုန်မသွေဖည်ဘဲ ဆောင်ရွက်လျှင်၊ အဖြေတို့ကလည်း မျှော်လင့်ထားသည့်အတိုင်း၊ ကျိန်းသေပေါက် ကွက်တိ ပေါ်လာရသည်မှာ ဒိဋ္ဌဟု ယူဆခဲ့ကြသည်။

သူတို့ သီအိုရီတွေ ခိုင်လုံလွန်းကြောင်းကို သက်သေထူလို၍ theory in search of policy ဟူ၍လည်းကောင်း၊ policy in search of strategy ဟူ၍လည်းကောင်း၊ solution in search of problems ဟူ၍လည်းကောင်း ပြောဆိုခဲ့

www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ ပေါ်လစီကို ရှာဖွေနေသောသီအိုရီ၊ မဟာဗျူဟာကို ရှာဖွေနေသော ပေါ်လစီ၊ ပြဿနာကို ရှာဖွေနေသောအဖြေ စသည်ဖြင့် ပြောကြသည်။

အဓိပ္ပာယ်မှာ မည်သည့်အခြေအနေအတွက်မဆို၊ မှန်ကန်သော သီအိုရီကြောင့် အဖြေတို့သည် ထုပ်ပြီး ပိုးပြီးသား အရန်သင့်ရှိနေသည်ဟု၊ ဆိုလိုခြင်းဖြစ်သည်။ ဤနည်းသည် prepackaged solutions ဟု ဝေဖန်သူတို့က ပြောကြသည်။

အဖြေကို ဗဟိုချက်ပေးသောရှုထောင့်ကို ယခုအခါ ပေါ်လစီဗေဒတွင် သိပ်မသုံးတော့ပေ။

## ငါးနယ်ပယ်

ယခု ခေတ်စားနေသောနည်းမှာ 'ပြဿနာကို ဗဟိုချက်' ပေးသောနည်းဖြစ်သည်။ အဖြေကို ထုပ်ပြီး ပိုးပြီးသား အရန်သင့်မထား၊ တရားသေမဆန်။ ပြဿနာအမှန်ကို လေးလေးနက်နက် တွေ့အောင်ရှာ၍ စိစစ်သုံးသပ်ခြင်းဖြစ်၏။

သီအိုရီသဘောတရားတို့က အဖြေတို့ကို အခါခပ်သိမ်း လုံလောက်စွာပေးနိုင်စွမ်းမရှိဟု ထင်မြင်လာကြသည်။ လိုအပ်၍ သဘောတရားထုတ်ရလျှင်လည်း နောက်ပိုင်းကျမှ ထုတ်ဖို့ဖြစ်၏။ သီအိုရီကို အရင်မမွေးတော့ပေ။

ပေါ်လစီကို စိစစ်သုံးသပ်မှု policy analysis သည် ဉာဏ်ပညာလုပ်ငန်းဖြစ်ပါ၏။ စိစစ်သူသည် အရေးကြီး၍ အချက်အချာကျသော နယ်ပယ်ငါးနယ်ပယ်၌ မိမိ၏ဉာဏ်အားကို ထက်ထက်မြက်မြက် အသုံးပြုရသည်။ ၎င်းတို့မှာ–

(၁) ပေါ်လစီ ပြဿနာတို့၏ သဘာဝ၊
(၂) ယခင်ပေါ်လစီနှင့် လက်ရှိကျင့်သုံးနေသော ပေါ်လစီတို့၏ရလဒ်များ၊
(၃) ပြဿနာတို့ကို ဖြေရှင်းရာ၌ ယင်း ပေါ်လစီတို့က ဘယ်လောက်တန်ဖိုး ရှိပါသလဲ၊

www.burmeseclassic.com

www.burmeseclassic.com


(၄) အစားထိုး ရွေးချယ်ရန် လက်ရှိ ရှိနေသော ပေါ်လစီနှင့် ပေါ်လစီအသစ်များ policy alternatives၊ ၎င်းတို့ကို အကောင်အထည်ဖော်လျှင် သက်ရောက်မည့် ရလဒ်များ၊

(၅) ပြဿနာဖြေရှင်းပေးနိုင်မည့် တကယ်အမှန် ဆောင်ရွက်သင့်သည့် ပေါ်လစီသစ်

စသည်တို့ဟူ၍ဖြစ်သည်။

## ဝရုန်းသုံးကား ပထမ

အထက်ဖော်ပြပါ ငါးနယ်ပယ်မှ လုပ်ငန်းတို့ကိုပင် နည်းနာပိုင်းအားဖြင့် ငါးဆင့် ခွဲပြကြသေးသည်။

(၁) ပြဿနာဖွဲ့စည်းမှုအပိုင်း Problem Structuring

ပြဿနာကို ရှာဖွေဖော်ထုတ်သောအပိုင်းဟု ဆိုနိုင်ပါသည်။ ဤသို့ ရှာဖွေရာ၌ ရှိရင်းစွဲ ယူဆ မှန်းဆချက် assumptions တို့က၊ ပေါ်လစီစိစစ်သူကို စိန်ခေါ်ပါလိမ့်မည်။ ပေါ်လစီချမှတ်သူတို့၌ဖြစ်စေ၊ ပေါ်လစီချမှတ်ခံရ၍ အကျိုးသက်ရောက်ခံရသူ stakeholders တို့၌ဖြစ်စေ မှန်းဆယူဆချက်များ အသီးသီး ရှိနေကြပါလိမ့်မည်။ ဤယူဆချက်တို့သည် မှန်ချင်လည်း မှန်နေမည်၊ မှားချင်လည်း မှားနေမည်။ မည်သို့ပင်ဖြစ်ဖြစ် ဤယူဆချက်တို့ကို စိန်ခေါ်၍ စိစစ်ကြည့်ရန် လိုပါမည်။

အစပထမ၌ စနစ်တကျနှင့် ပြဿနာတို့ကို အချောဖွဲ့စည်းကြည့်နိုင်မည် မဟုတ်။ အကြမ်းထည် ဝရုန်းသုန်းကားနည်း brain-storming ဖြင့် ဖွဲ့စည်းကြည့်ရမည်သာ ဖြစ်သည်။ နောက်ပိုင်းတွင်ကျမှ စနစ်တကျ အချောကိုင်ဖို့ ဖြစ်သည်။

ဤသို့ပြုရင်း ပုန်းလျှိုးနေသော ယူဆချက်နှင့်ပြဿနာများ ပေါ်ရသည့် အကြောင်းရင်းတို့ကို တွေ့ရှိစေကာ ရည်မှန်းချက်တို့ကို ရွေးချယ်ပေးခြင်း၊ ဆန့်ကျင်ဘက်ဖြစ်နေသော အမြင်တို့ကို ပေါင်းစပ်ပေးခြင်းတို့ဖြင့် ရွေးချယ်ရန် ပေါ်လစီ policy options တို့ကို ဖော်ထုတ်ပေးရပေသည်။ ဤနည်းကို

www.burmeseclassic.com

www.burmeseclassic.com


ပေါ်လစီရှာဖွေပြုစုခြင်း policy formulation အပိုင်းဟု ခေါ်သည်။

(၂) ကြိုတင်ခန့်မှန်းခြင်းနည်း Forecasting

ဤနည်းမှာ လက်ခံရန်ရှိသော ပေါ်လစီသစ်ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျှင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် တက်ကနိုလိုဂျီပိုင်းတို့တွင် ဖြစ်ပေါ်လာဖွယ်ရှိသော အလားအလာတို့ကို ခန့်မှန်းပြသောနည်းဖြစ်သည်။ ဤနည်းသည် အနာဂတ်နှင့်ဆိုင်၏။ ဟောကိန်းထုတ်ခြင်းဟု ဆိုသည်။

ဤနေရာ၌ အနာဂတ်ကိုပင် သုံးပိုင်းပိုင်းသည်။ ကျိုးကြောင်းဆီလျော်သော အနာဂတ် plausible၊ သက်ဝင်လှုပ်ရှားလာဖွယ်ရာရှိသော အနာဂတ် potential နှင့် လိုလားဖွယ်ကောင်းသော အနာဂတ် desirable တို့ဟူ၍ဖြစ်သည်။

တစ်ဆက်တည်း၌ လက်ရှိကျင့်သုံးနေသော ပေါ်လစီ၏အကျိုးသက်ရောက်မှုနှင့် အဆိုပြုသော ပေါ်လစီအသစ် ကျင့်သုံးလျှင် ဖြစ်ထွန်းမည့် သက်ရောက်မှုတို့ကို နှိုင်းယှဉ်ပြရဦးမည် ဖြစ်သည်။

ထို့အပြင် ရည်မှန်းချက်တို့ကို အကောင်အထည်ဖော်လျှင်၊ တွေ့ရမည့် အနာဂတ် အခက်အခဲနှင့် အဟန့်အတားတို့ကိုလည်း ဖော်ထုတ်ပြရသည်။ အဆိုပြုပေါ်လစီသည် နိုင်ငံရေးအရ ဖြစ်နိုင်ခြေအလားအလာ ရှိ–မရှိ ဆိုသော အချက်ကိုလည်း သင့်တင့်သလို ရှင်းပြရသည်။

အနာဂတ် ခန့်မှန်းချက်ပြုမှုနှင့် ပတ်သက်၍ အီကော်နယ်မက်ထရစ်နည်း econometrics ၊ စာရင်းအင်းပညာမှ ဆုံးဖြတ်ချက်သီအိုရီ decision theory နှင့် ဒဲလ်ဖီး ကွန်ဖရင့်နည်း delphi conference methods တို့ဟူ၍ ပညာရပ်များ ရှိကြပါသည်။

(၃) ထောက်ခံ အကြံပြုနည်း Recommendation Method

ပေါ်လစီစိစစ်သူသည် အထက်ပါဖော်ပြပါအတိုင်း အဆင့်ဆင့်ပြုလုပ်ပြီးသည့်နောက်တွင် ပေါ်လစီချမှတ် သူတို့အား စဉ်းစားဆုံးဖြတ်နိုင်ရန် ထောက်ခံအကြံပြုချက်များ ပြုရတော့မည်။

ဤအပိုင်း၌လည်း နည်းတွေ၊ ပညာတွေ ရှိပါသေး၏။ လက်တန်းပြုရသည်

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်။ အများအသုံးပြုနေသော နည်းနှစ်နည်းမှာ 'စရိတ်နှင့် အကျိုးအမြတ် သုံးသပ်မှု' cost benefit analysis နည်းနှင့် 'အကောင်းဆုံး အကျိုးဖြစ်ထွန်းမှု' optimization method တို့ဟူ၍ ဖြစ်ကြပါသည်။

ဤနည်းတို့သည် ဘေးအန္တရာယ် risks နှင့် မသေချာ မရေရာမှုတို့ကို တိုင်းထွာပြသည်။ ဘေးထွက်အကျိုး externality နှင့် ဘေးထွက်ယိုစိမ့်မှု spillover တို့ကို ဖော်ထုတ်ပြသည်။ ရွေးချယ်ရန်အတွက် စံတို့ကိုလည်း သတ်မှတ်ပေးသည်။ ပေါ်လစီကို ဆောင်ရွက်ရာ၌ ဆိုင်ရာဆိုင်ရာအလိုက် တာဝန်နှင့် ဝတ္တရားတို့ကိုလည်း သတ်မှတ်ပေးသည်။

(၄) မော်နီတာ လုပ်ခြင်း Monitoring Method

ရွေးချယ်လိုက်သော ပေါ်လစီကို အကောင်အထည်ဖော် ဆောင်ရွက်သောအခါ ရလဒ်နှင့် အကျိုးသက်ရောက်မှုတို့ကို စောင့်ကြည့်ရန် လိုလာပြန်သည်။ ဤအပိုင်းအတွက်လည်း ပေါ်လစီစိစစ်သူသည် သင့်ရာနည်းတို့ကို သုံး၍ မည်သို့စောင့်ကြည့်စစ်ဆေးအပ်သည်ကို ဖော်ပြရသည်။

ဤကိစ္စနှင့် ပတ်သက်၍ ရှေ့ဆောင်အညွှန်း leading indicators တို့ကို အသုံးပြု၍ စစ်ဆေးကြည့်ကြသည်။ အထူးသဖြင့် မရည်ရွယ်သော ရလဒ်နှင့် အကျိုး unintended consequences တို့ ပေါ်ပေါက်လာခြင်းကို သတိထား ဂရုစိုက်ကြသည်။

ထို့အပြင် ပေါ်လစီကို နှောင့်ယှက်သူတို့နှင့် ဌာနတို့ကို မျက်စိ ဒေါက်ထောက်ကြည့်ရသည်။

ပေါ်လစီစိစစ်သူ၏ အလုပ်သည် ဤမျှနှင့် မပြီးသေးပေ။ နောက်ဆုံး အဆင့် တန်ဖိုးသုံးသပ်မှု ကျန်သေး၏။

(၅) တန်ဖိုးသုံးသပ်မှု Evaluaton Method

ဤအပိုင်းသည် ပေါ်လစီကိုချမှတ် အကောင်အထည်ဖော်နေစဉ် အဆင့်၌ဖြစ်စေ၊ အကောင်အထည်ဖော်ပြီးသည့်နောက်၌ဖြစ်စေ ပြန်လည်သုံးသပ်ကြည့်သောနည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဤနည်းအရ ပေါ်လစီအောင်မြင်မှု အတိုင်းအတာကို ရှာဖွေပေးရသည်။ ဤအတိုင်းအတာသည် ပေါ်လစီချမှတ်သူတို့၏ ဆုံးဖြတ်ချက် အရည်အသွေးကို ဖော်ပြကုန်သည်။ ထို့အပြင် တန်ဖိုးသုံးသပ်မှုနည်းဖြင့် ပြဿနာတို့ကို ဖြေရှင်းပေးနိုင်သော အတိုင်းအတာကိုလည်း သိစေနိုင်ရာသည်။

ယင်းမှာ လိုအပ်လျှင် ပေါ်လစီကို ပြန်၍သံစုံညှိပေးရန် readjustment အတွက် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ တန်ဖိုးကို ပြန်လည်သုံးသပ်မှုပြုရာ၌ ဒဿနပညာရှင် ဂျွန်ရောလ်၏ တရားမျှတမှု fairness ကို စံအဖြစ်ထားလာကြသည်ကို သတိချပ်ရာသည်။ တရားမျှတမှု ရှိ–မရှိကိုလည်း စိစစ်ရ၏။ လိုအပ်လျှင် ပေါ်လစီ မှား–မမှားကိုလည်း သုံးသပ်ပေးရပါမည်။

## အိပ်မက်နှင့် ဇာတ်ဝင်ခန်း

အထက်ဖော်ပြပါတို့ကား ပေါ်လစီနှင့်ပတ်သက်၍ နည်းနာနိဿယတို့ကို ဖော်ပြခြင်းဖြစ်ပါ၏။

မကြာသေးမီက ပေါ်လစီနှင့် မဟာဗျူဟာရေးရာတို့နှင့်ပတ်သက်၍ အမြင်သစ်များလည်း ပေါ်လာလေရာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ အမြင်သစ်တစ်ခုက vision engineering ဟု အမည်ပေးထားသည်။ အိပ်မက်အင်ဂျင်နီယာဟု ခေါ်ရမလား မသိပေ။ အိပ်မက် အင်ဂျင်နီယာနည်းဖြင့် ပေါ်လစီနှင့် မဟာဗျူဟာတို့ကို ထုထောင်ပြသည်။ အထူးသဖြင့် တူရှုချက် trends တို့ကို ရှာဖွေကြည့်ကာ လိုအပ်သောပေါ်လစီနှင့် မဟာဗျူဟာတို့ကို အကြံပေးခြင်း ဖြစ်သည်။

အခြားအမြင်သစ်တစ်ရပ်ကမူ scenario planning ဟုခေါ်သည်။ လောကကြီးကို ပြဇာတ်ကဲ့သို့ကြည့်ပြီး ဇာတ်ဝင်ခန်းတို့ကို ကြိုတင်ခန့်မှန်း၍ အကွက်ချစီမံကြည့်သောနည်း ဖြစ်သည်။ ဇာတ်ဝင်ခန်းအလိုက် ပေါ်လစီနှင့် မဟာဗျူဟာတို့ကို ရှာဖွေကြည့်သောနည်း ဖြစ်ပုံရသည်။

ဤနည်းကို နမူနာအဖြစ် ဖော်ပြရလျှင်၊ ခေတ်သစ် တရုတ်ပြည်၏ အနာဂတ်ကို၊ ဖြစ်နိုင်ဖွယ်ရာ ဇာတ်ဝင်ခန်း လေးခန်းခွဲ၍ ဇာတ်အိမ်ဆောက်ကြည့်ထားခြင်းကို ပြရမည်။

www.burmeseclassic.com

www.burmeseclassic.com


## အဝိုင်း

ပထမ ဓာတ်ဝင်ခန်းမှာ တည်ငြိမ်မှု stable ရှိသော ဓာတ်ဝင်ခန်းဖြစ်၏ဟု ပြောသည်။ ဒုတိယဓာတ်ဝင်ခန်းမှာ မတည်ငြိမ်သော ဓာတ်ဝင်ခန်းဖြစ်သည်။ တတိယဓာတ်ဝင်ခန်းမှာ ဒီမိုကရေစီ ထွန်းကားလာသော ဓာတ်ဝင်ခန်းဖြစ်သည်။ စတုတ္ထဓာတ်ဝင်ခန်းမှာ အာဏာရှင်ဓာတ်ဝင်ခန်းဖြစ်သည်၊ autocratic ဟုပြောသည်။

ချုပ်၍ပြောလျှင် ဤသို့သော ဓာတ်ဝင်ခန်းအလိုက်၊ ဓာတ်ကွက်အလိုက် ဆီလျော်သော ပေါ်လစီနှင့် မဟာဗျူဟာတို့ကို ရှာဖွေထုထောင်ကြဖို့ရာ ဖြစ်ပါသည်။

ဤနည်း၌ မသေချာမရေရာမှု uncertainty ကို အဓိက အာရုံစူးစိုက်ထားသည်ဟုဆိုသည်။ ဤသည်မှာ မသေချာမရေရာမှုအပေါ် လောင်းကစားလုပ်နိုင်ရန်ဟု ဤနည်းကို ထုထောင်သူတို့က ဆိုကြသည်။

တစ်နည်းပြောလျှင် မမျှော်လင့်သော အရာ unexpected ကို ဤနည်း၌ နေရာပေးထားခြင်း ဖြစ်လေ၏။ စင်စစ်၌ မျှော်လင့်ထားသောအရာအတွက် ပြင်ဆင်ပြီးမှသာ၊ မမျှော်လင့်သောအရာက ဖြစ်ပေါ်တတ်ပါ၏။ ဤအချက်ကိုလည်း ထည့်သွင်းတွက်ချက်သည်ဟု ဆိုသည်။

မည်သို့ပင်ဆိုစေ ဖော်ပြပါနည်းအားလုံးသည် အဆင့်ဆင့် ထပ်ထားသည် မဟုတ်၊ ထိပ်မှ အောက်သို့ဟူ၍ မရှိ။ အဝိုင်း circular ပြုပြီး စဉ်းစားကြသော နည်းများ ဖြစ်ကြသည်။

**အညွှန်း –** (1) Fortune,1996, No. 18.

(2) Ecomic Reform Today, 1996, No. 3]

www.burmeseclassic.com

www.burmeseclassic.com

# ရေစီးဘယ်လောက်သန်မလဲ

# တစ်ဖက်လှန်ကြည့်ခြင်း

“ယခုလောလောဆယ်ပင် တရုတ်ပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေး Global economy အပေါ် မည်သို့ အကျိုးသက်ရောက်မည်ဟု ဆွေးနွေးနေကြသည်။ တစ်ဖက်လှန် မျက်နှာစာအဖြစ် ကမ္ဘာ့ရေးရာတို့ကကော တရုတ်ပြည်အပေါ် မည်သို့ သက်ရောက်မည်ဟူ၍လည်း လေ့လာသုံးသပ်ကြည့်နေကြသည်။”

## သက်ရောက်မှု

တရုတ်ပြည် စီးပွားရေး၌ ပုဂ္ဂလိက ကဏ္ဍက ၄၀ ရာခိုင်နှုန်းအထိ တိုးချဲ့မိလာသောအချိန်တွင် တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ သို့ဖြင့် ပုဂ္ဂလိကကဏ္ဍတိုးချဲ့မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ တိုက်ဆိုင်မှုသည် မတော်တဆတော့ ဖြစ်တန်ရာမဟုတ်ဟု ပညာရှင်တို့က ယူဆလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com


မတော်တဆ မဟုတ်ဟုဆိုလျှင် ပုဂ္ဂလိကကဏ္ဍသည် တရုတ်ပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအင်ဂျင်စက်ဖြစ်နေပြီဟု ကောက်ချက်ဆွဲရန်သာ ရှိတော့သည်။ သို့သော် ပညာရှင်တို့က စိတ်ချလက်ချ မဆိုသေး။ နောက်ထပ် မေးခွန်းတစ်ပုဒ်ကို ထုတ်ပြီး ဖြေကြည့်နေကြသည်။ ယတိပြတ် ကောက်ချက် မပေါ်သေးပါ။ နောက်ထပ်မေးသော မေးခွန်းမှာ အကယ်၍များ ပုဂ္ဂလိကကဏ္ဍသည် တရုတ်စီးပွားရေး၌ ၅၀ ရာခိုင်နှုန်း(တစ်ဝက်) ကျော် နေရာယူလိုလျှင် မည်သို့သော သက်ရောက်မှုတွေ ဖြစ်လာမည်နည်းဟူ၍ ဖြစ်သည်။

သို့ဖြင့် ၄၀ ရာခိုင်နှုန်းက ဖြစ်ထွန်းသည့် သက်ရောက်မှု impact နှင့်၊ ၅၀ ရာခိုင်နှုန်းက ဖြစ်ထွန်းမည့် သက်ရောက်မှုတို့ကို နှိုင်းယှဉ်ကြည့်ရန် ဟန်ပြင်နေကြသည်။ ၄၀ ရာခိုင်နှုန်းမှ ဖြစ်ထွန်းသော သက်ရောက်မှုတို့ကို အတိုချုံး ဖော်ပြရသော် ဤသို့ဖြစ်သည်။

(၁) ပုဂ္ဂလိက ကဏ္ဍသည် တရုတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်ကဲ့သို့ ဖြစ်လာသည်။

(၂) တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှု၌မျိုးဆက်သစ်တွေ ပေါ်လာသည်။

## အရေခွံလဲ

တရုတ်ပြည်သည် ဟောင်ကောင်၊ တိုင်ဝမ်တို့နှင့် ပတ်သက်ပြီး ‘တစ်ပြည်ထောင် စနစ်နှစ်ရပ်’ one country, two system မူဝါဒကို ချမှတ်ထားသည်။ စနစ်ဆိုရာ၌ စီးပွားရေးနှင့်နိုင်ငံရေး နှစ်ပိုင်းစလုံး ပါဝင်လေရာ စီးပွားရေးစနစ်၌ ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ် နှစ်မျိုးစလုံးကို ရည်ညွှန်းသည်။ တရုတ်ပြည်ထဲ၌ ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ ပူးတွဲယှဉ်ပြိုင်မည်ဟု ဆိုလိုခဲ့ကြသည်။

ထိုမူဝါဒကို ချမှတ်ခဲ့သော ခေါင်းဆောင်တို့သည် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ် ယှဉ်ပြိုင်လျှင် ဆိုရှယ်လစ်စနစ်က မုချအနိုင်ရလိမ့်မည်ဟု အပိုင်တွက်ထားခဲ့ကြသည်။ ဤအချက်အပေါ် ခိုင်ခိုင်မာမာ ယုံကြည်၍လည်း တစ်ပြည်ထောင် စနစ်နှစ်ရပ်မူဝါဒကို ချမှတ်ခဲ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် လက်တွေ့ဖြစ်ရပ်တို့က ဘာတွေပြလာသနည်း။ ၂၀၀၃ ခုနှစ်ထဲ၌ တရုတ်ပြည်စီးပွားရေးတွင် ပုဂ္ဂလိကကဏ္ဍက ၄၀ ရာခိုင်နှုန်းအထိ နေရာယူလာခြင်းသည်၊ အရင်းရှင်စနစ်က ဆိုရှယ်လစ်စနစ်အပေါ် အောင်ပွဲခံလာခြင်းကို ပြလာသည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း ပုဂ္ဂလိကအပိုင်းက ၅၀ ရာခိုင်နှုန်း (တစ်ဝက်) ကျော် နေရာယူလာလျှင်မူ၊ အရင်းရှင်စနစ်က အဆုံးအဖြတ်ပေးသော အောင်ပွဲ decisive victory ကို ရရှိလိုက်ပြီဟု ဆိုစရာဖြစ်လာသည်။

ယခုပင် ကျန်စီမင်း၏ မူဝါဒအဖြစ် တရုတ် အရင်းရှင်တို့အား၊ ကွန်မြူနစ်ပါတီထဲ ဝင်ခွင့်ပြုပြီး စည်းရုံးရန် ပြုလုပ်ရပြီ။ ယင်းမှာ ကွန်မြူနစ်ပါတီအား အရေခွံပြောင်းခွာပြီး၊ ဆိုရှယ်ဒီမိုကရေစီ social democracy အရေခွံသစ်လဲခြင်း ဖြစ်သည်။

## ဘယ်ဘက်အစီးသန်

တစ်ပြည်ထောင် စနစ်နှစ်ခု မူဝါဒချမှတ်စဉ်ကပင် ဟောင်ကောင်ဆန်ခြင်း၊ Hongkongnization ဆိုသော အယူအဆပေါ်ခဲ့သည်။ ထိုစဉ်က ပေါ်ခဲ့သော အငြင်းအခုံမှာ တရုတ်ပြည်မကြီးမှ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု သြဇာတို့သည် ဟောင်ကောင်သို့ ပျံ့နှံ့ကူးစက်မလား။ သို့တည်းမဟုတ်၊ ဟောင်ကောင်၏ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုသြဇာတို့သည် တရုတ်ပြည်မဘက်သို့ ပို၍ ပျံ့နှံ့ကူးစက်မလားဆိုသော အငြင်းအခုံဖြစ်သည်။ တစ်နည်းပြောလျှင် ရေစီးကြောင်း မည်သည့်ဘက် အစီးသန်မလဲဟူ၍ ဖြစ်သည်။

ယနေ့ တရုတ်ပြည်သည် ဟောင်ကောင်ကို တုပသည်။ ဟောင်ကောင်နှင့် ယှဉ်ပြိုင်သည်။ စီးပွားရေးစီမံခန့်ခွဲမှုပုံသဏ္ဌာန် တော်တော်များများတွင် ဟောင်ကောင်ပုံသဏ္ဌာန် အတုခိုးသည်။ အရင်းရှင် အဆောက်အအုံဖြစ်သော စတော့အိပ်(စ်) ချိန်းတွေ ထူထောင်ပေးရသည်။ နိုင်ငံခြားအရင်းအနှီးတို့အား တင်းကျပ်သောစနစ်တို့ကို ပြုပြင်ခြင်းအားဖြင့် မက်မက်မောမော ဖိတ်ခေါ်ရသည်။ ဤလက္ခဏာတို့သည် တရုတ်ပြည်မထဲ၊ ဟောင်ကောင်အကျိုး သက်ရောက်မှုတွေ ပျံ့နှံ့ရောက်ရှိသွားခြင်းကို ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးပိုင်း၌ ဟောင်ကောင်၏ နိုင်ငံရေးစနစ်၊ လစ်ဘရယ်ဆန်မှုတို့သည် တရုတ်ကွန်မြူနစ်ပါတီကိုယ်တိုင် ဆိုရှယ်ဒီမိုကရေစီ အရေခွံလဲရခြင်းနှင့် ပူးပေါင်းသွားနိုင်စရာ အကြောင်းရှိသည်။ ဟောင်ကောင်၏ သမိုင်းလက်ကျန် လစ်ဘရယ်ဆန်မှုကို လိုက်လျောညီထွေ ခွင့်ပြုဖွယ်ရှိသည်။

## တစ်ဖက်လှန်

တရုတ်ပြည်၏ အနာဂတ်သည် အမေရိကန် စူပါ ပါဝါနှင့်မဟာဗျူဟာ ဆက်ဆံရေးအပေါ် အတော်ကြီးကြီးမားမား မှီတည်လေရာ၊ ခေတ်၏ရေစီးကြောင်း main streams တို့နှင့် ညှိနှိုင်းဆက်စပ်ရန်လည်း လိုပါလိမ့်မည်။ တစ်နည်းပြောလျှင် ကမ္ဘာ့ရေးရာတို့၏ ပုံသဏ္ဌာန်တို့က တရုတ်ပြည်ပေါ်သို့လည်း သက်ရောက်မှုတွေ ရှိပါလိမ့်မည်။

ယခုလောလောဆယ်ပင် တရုတ်ပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေး Global economy အပေါ် မည်သို့ အကျိုးသက်ရောက်မည်နည်းဟု ဆွေးနွေးနေကြသည်။ တစ်ဖက်လှန် မျက်နှာစာအဖြစ် ကမ္ဘာ့ရေးရာတို့ကကော တရုတ်ပြည်အပေါ် မည်သို့သက်ရောက်မည်နည်းဟူ၍လည်း လေ့လာသုံးသပ်ကြည့်နေကြသည်။ တစ်ပြည်ထောင် စနစ်နှစ်ရပ်မူဝါဒသည် အနှစ်သာရ ပြောင်းနေပြီ။

ဇူလိုင်၊ ၂၀၀၃။

စာညွှန်း – Business Week

www.burmeseclassic.com

www.burmeseclassic.com

# ပြဿနာကြီးကြီး ပုံကြီးကြီး

**"ဒီမိုကရေစီကူးပြောင်းရေးဘာသာရပ် လေ့လာမှုကို မဏ္ဍာရိုနိုင်ငံရေးထဲ သွတ်သွင်းစဉ်းစားကြသည်။ ကမ္ဘာအရပ်ရပ်မှ ဖြစ်ထွန်းမှုတို့နှင့် နှိုင်းယှဉ် လေ့လာရသည်ဖြစ်၍လည်း "နှိုင်းယှဉ်နိုင်ငံရေး" comparative politics ဟုခေါ်ဆိုသည်။"**

## ရေစီးကြောင်း

နိုင်ငံရေးသိပ္ပံပညာတွင် သမိုင်းကြောင်း ရှေ့နောက်အဆက်အစပ် historical context အကြောင်းကို အခြေခံ အတိုင်းအဆတစ်ခုအနေဖြင့် ထည့်သွင်း စဉ်းစားသည်။ ထိုအကြောင်းကို ဆွေးနွေးကြရင်း သမိုင်းရေစီးကြောင်း historical currents တို့ အကြောင်းကိုလည်း ရောက်ရှိသွားကြသည်။

၁၉ ရာစုနှစ်အကုန်၌ ဂျာမန်နိုင်ငံခြားရေးရာဝါဒတွင် အလွန်နာမည်ကြီး ခဲ့သူ အော်တိုဗွန်ဘိစမတ်က၊ ခေါင်းဆောင်တို့မည်သည် သမိုင်းရေစီးကြောင်းကို သဘာဝဗီဇစိတ်ဖြင့် သိရှိကြသည်ဟုဆိုသည်။ instinctive grasp of historical currents ဟု ပြောသည်။ သို့သော် သူက တစ်ခုသတိပေးသည်။ သမိုင်းရေစီး ကြောင်းကို သဘာဝဗီဇစိတ်ဖြင့် သိရှိစဉ် ဂေါ့(ဒ်)၏ ခြေလှမ်းတို့ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com


နားစွင့်ပါဟု နှိုးဆော်သည်။

သူ၏ ဆိုလိုရင်းအာဘော်မှာ သမိုင်းရေစီးကြောင်းတို့ကို သိရှိရုံဖြင့် မလုံလောက်လျှင် ရေစီးကြောင်းတို့ကို နှိုက်နှိုက်ချွတ်ချွတ် အဓိပ္ပာယ်ရှာဖွေလေ့လာ သုံးသပ်ကြည့်တတ်ဖို့လည်းလိုကြောင်းကို ပြောချင်ပုံရသည်။ ဘိစမတ်က ၁၉ ရာစုနှစ်ခေတ် နိုင်ငံရေးသမားဆိုတော့ ထိုစဉ်က ကွန်ပျူတာများ မပေါ်သေး။ ရေးရာမှန်သမျှကို အသေးစိတ် လေ့လာသုံးသပ်ပေးသော သုတေသနပညာရှင်အဖွဲ့ think tanks များ မပေါ်သေးရကား– ဤအတွက် ဂေါ့(ဒ်)၏ ခြေလှမ်းကိုသာ နားစွင့်ရုံရှိသည်။ ယခု မလိုပြီ။ သမိုင်းရေစီးကြောင်းတို့ကို သုံးသပ်ပေးသော အဖွဲ့အစည်းတွေလည်း တပြုံကြီး ရှိသည်။ စာအုပ်ကျမ်းဂန်တွေလည်း တစ်ပြုံကြီးရှိသည်။

## ရှေ့နောက်အဆက်ပြို

သမိုင်းကြောင်း ရှေ့နောက်အဆက်အစပ် အကြောင်းပြောသူတို့သည် အတိတ်မှ သင်ခန်းစာတို့ကို နှလုံးမူမိရန် သတိပေးလိုချင်ပုံရသည်။ သို့ရာတွင် ဒေါက်တာဟင်နရီကစ်ဆင်ဂျာက သမိုင်းကြောင်း ရှေ့နောက်အဆက်အစပ်တို့ကို၊ မမျှော်လင့်သော ဖြစ်ရပ်ကြီးတို့က ပြန်လှဲပစ်တတ်ကြောင်း collapse of historical context ကို ထောက်ပြသည်။

သမိုင်းရှေ့နောက်အဆက်အစပ်ပြိုသွားလျှင် အတိတ်သည် ဘာတန်ဖိုးမှ မရှိတော့ပေ။ ထိုအခါမျိုး၌ အတိတ်ကို ပြန်လှည့်ခြင်းမျိုးသည် ဘာမှအကျိုးရှိမည်မဟုတ်ပေ။ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီးသည် သမိုင်းရှေ့နောက် အဆက်အစပ်ကို၊ အမြွှာညီနောင်မျှော်စင်ကြီးပြိုသလို ပြိုလဲသွားစေခဲ့သည်။

ထိုအခါမျိုး၌ မဟာဗျူဟာမြော်က် အနာဂတ် အမြော်အမြင် strategic vision လိုသည်။ ဉာဏ်ပညာ အင်အားကောင်းကောင်းဖြင့် သုံးသပ်ပြနိုင်ရန်လိုသည်။ အများသိစိတ် common sense နှင့် ဗီဇစိတ် instinct တို့သည် အလုပ်ဖြစ်နိုင်စရာ အကြောင်းမရှိပေ။

သမိုင်းဆိုသည်မှာ မှတ်ဉာဏ် memory ပင်ဖြစ်သည်။ ဤမှတ်ဉာဏ်ထဲ

www.burmeseclassic.com

www.burmeseclassic.com


တွင် ဒဏ္ဍာရီဖန်တီးခြင်း myth making လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ ရုရှားသမိုင်းကိုကြည့်လျှင် ခေါင်းဆောင်တို့သည် မိမိတို့ကိုယ်မိမိတို့ ဒဏ္ဍာရီလို ကျန်ရစ်အောင် အပတ်တကုတ် ကြိုးပမ်းကြသည်။ ဂေါ်ဘာချော့(ဗ်) မှ မစ္စတာ ပူတင်အထိ အသွင်ကူးပြောင်းရေးကာလကို လေ့လာသော ခေတ်သစ်ရုရှ သမိုင်းပညာရှင်တို့က ဒဏ္ဍာရီဖန်တီးမှုကို ထည့်သွင်းဖော်ပြကြသည်။ မိမိသမိုင်း ကို ဒဏ္ဍာရီလို ကျန်ရစ်လိုသောအာသီသကို ခေတ်သစ်နိုင်ငံရေး သိပ္ပံပညာရှင် တို့က အောက်ခြေမှတ်စု foot note အဖြစ်သာ ဖော်ပြသည်။

## ကမ္ဘာ့ရေးရာငါးပါး

ကမ္ဘာ့နိုင်ငံရေးအကြောင်း ဆွေးနွေးခြင်းကို ကြီးကြီးကျယ်ကျယ် စဉ်းစား ခြင်း thinking big ဟု ပြောဆိုကြသည်။ မည်သည့်ဘာသာ၌မဆို တစ်ခု လုံးကိုခြုံ၍ ကြီးကြီးရှုမြင်ခြင်းနှင့် အစိတ်အပိုင်းတစ်ခုစီကို ငယ်ငယ်စေ့စေ့ စပ်စပ် လေ့လာခြင်းတို့ဟူ၍ ရှိကြသည်။ ပထမလေ့လာနည်းကို မက္ကရိုနိုင်ငံရေး macro-politics ဟုခေါ်၍ ဒုတိယလေ့လာနည်းကို မိုက္ကရိုနိုင်ငံရေး micro-politics ဟုခေါ်သည်။

ဒီမိုကရေစီ ကူးပြောင်းရေး ဘာသာရပ်လေ့လာမှုကို မက္ကရိုနိုင်ငံရေးထဲ သွတ်သွင်းစဉ်းစားကြသည်။ ကမ္ဘာ့အရပ်ရပ်မှ ဖြစ်ထွန်းမှုတို့နှင့် နှိုင်းယှဉ် လေ့လာရသည်ဖြစ်၍လည်း 'နှိုင်းယှဉ်နိုင်ငံရေး' comparative politics ဟု ခေါ်ဆိုသည်။

ဤသို့ နှိုင်းယှဉ်လေ့လာသောအခါ အောက်ပါကဏ္ဍငါးရပ်ကို အခြေခံ အဆိုပြုချက်များအဖြစ် နှိုင်းယှဉ်သုံးသပ်ကြသည်။

(၁) အသက်မွေးဝမ်းကျောင်းပညာသည်လက္ခဏာ professionalism သည်၊ စစ်တပ်တို့၌ ထွန်းကားကျယ်ပြန့်လာခြင်းသည် သူတို့၏ ဘဏ္ဍာကို တိုးချဲ့စေသလော။ သို့တည်းမဟုတ် ပြည်ပကာကွယ်ရေး အတွက်သာ အာရုံစူးစိုက်စေသလား။

(၂) သဘောထားတင်းမာမှုနှင့် သဘောထား ပျော့ပျောင်းသူတို့ဆိုပြီး အုပ်စုခွဲခြားခြင်းသည် မည်မျှဆီလျော်မှု ရှိပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com


(၃) လစ်ဘရယ်ဆန်လာခြင်းနှင့် ဒီမိုကရေစီဆန်လာခြင်းတို့ဆိုပြီး ဒြပ်မဲ့စွာ ယေဘုယျရှုမြင်မည့်အစား အလားတူရလဒ်ပေါ်နိုင်သော သမိုင်းကြောင်းအရ အခြားရွေးချယ်စရာလမ်း alternative paths တို့ကိုကော ထည့်ထွက်လျှင် ပိုပြီးမကောင်းပေဘူးလား။

(၄) 'အတူလာခြင်း' coming together ဖက်ဒရယ်လ်ဝါဒနှင့် 'လက်တွဲပူးပေါင်းခြင်း' holding together ဖက်ဒရယ်လ်ဝါဒဆိုပြီး ခွဲခြားကြည့်ခြင်းသည် ပို၍အခြေအနေနှင့် မအပ်စပ်ပေဘူးလား။

(၅) ကမ္ဘာ့ဘာသာရေးတို့ကို လေ့လာလျှင် တစ်ပိုင်း ဒီမိုကရေစီဆန်သည်။ တစ်ပိုင်း ဒီမိုကရေစီမဆန်ဟု ပါမောက္ခ ဟာတင်တန် ယူဆသလို မယူဆဘဲ၊ နိုင်ငံရေးသိပ္ပံပညာရှင် စတီဖင်ပြောသလို ကမ္ဘာ့ဘာသာရေးကြီးတို့သည် သည်းခံမှုနှင့် သည်းမခံမှု အမြွာဘဝမှလွတ်အောင် ရုန်းထွက်နေကြရသည်၊ multi vocal struggles ဟုယူဆလျှင် မသင့်မြတ်ပေဘူးလား။

ဤကား ကမ္ဘာ့နိုင်ငံရေးမှ ပြဿနာကြီးကြီး big issues တို့ကို ရွေးထုတ်ခြင်းဖြစ်သည်။ တစ်နည်းပြောလျှင် ပုံကြီးကြီး big picture ကို ခြယ်မှုန်းရန်ပြင်ဆင်ခြင်းဖြစ်သည်။

ဇူလိုင်၊ ၂၀၀၃။

စာညွှန်း – Thinking Big

By Laurance Whitehead

www.burmeseclassic.com

www.burmeseclassic.com

# ကာဆပ်ဘယ်လီ အုတ်ကိုင်ကျောက်ရိုးနှင့်
# အန္တိမအစမ်းအသပ်

"အရေးနိမ့်သောနိုင်ငံများ failed states၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ငလျှင်ကြောနေနိုင်ငံများ fault line states များနှင့် မကောင်းဆိုးဝါးနိုင်ငံများ evil states တို့က၊ ကမ္ဘာ (သို့မဟုတ်) ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့ကို၊ အဓိက အန္တရာယ်ပြုလိမ့်မည်ဟု သုံးသပ်ထားကြသည်။"

## စံအမျိုးမျိုး

စစ်တိုက်လျှင် အကြောင်းပြချက်ရှိရသည်။ ၎င်းကို casusbelli ဟု ခေါ်သည်။ "ကာဆပ်ဘယ်လီ" ဟု ဆက်ရေးသွားမည်။ ပြီးခဲ့သော စစ်သမိုင်းတို့ကို ပြန်ကြည့်လျှင်၊ ကာဆပ်ဘယ်လီသည် ထင်ထင်ရှားရှား ပြတ်သားသည်။ ဥပမာ–ဒုတိယကမ္ဘာစစ်ကြီးထဲ ဘာကြောင့်ဝင်ရသလဲဟုမေးလျှင်၊ ဖက်ဆစ်စနစ် ဆန့်ကျင်ရေးအတွက်ဝင်သည်ဟု ခပ်ရှင်းရှင်းဖြေလို့ရသည်။ တစ်ခုတည်းဖြေလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘောလကန်စစ်ပွဲထဲ ဘာကြောင့်ဝင်ရသလဲဟုမေးလျှင်၊ လူမျိုးတုံး သတ်ဖြတ်မှုကို ကာကွယ်ရန်အတွက်ဟု တစ်ခုတည်းဖြေလို့ရသည်။ အာဖဂန် စစ်ပွဲကို အဘယ်ကြောင့် ဆင်နွှဲရသနည်းဟုမေးလျှင်၊ အကြမ်းဖက်သမားတို့ကို ဆန့်ကျင်တိုက်ခိုက်ရန်ဟု ပြောလို့ရပါသည်။ အကြောင်းပြချက်တစ်ခုတည်း ရှင်းပြရုံဖြစ်သည်။

ယခု အီရတ်စစ်ပွဲကား ယခင်စစ်ပွဲတို့နှင့် လုံးဝ မတူပြီ။ ကာဆပ်ဘယ်လီ တွေ များလှသည်၊ တစ်ခုထက်ပိုသည်။ ထို့ကြောင့် အီရတ်စစ်ပွဲကို သမိုင်းက အကဲဖြတ်လျှင် အကြောင်းပြချက်တစ်ခုတည်းပေါ် အခြေစိုက်လို့မရ။ အကြောင်း ပြချက်အစုံဖြင့် အကဲဖြတ်ရသည်။ တစ်နည်းပြောလျှင် သမိုင်းက အီရတ်စစ်ပွဲကို စံအမျိုးမျိုး multiple criteria တို့ဖြင့် အကဲဖြတ်ရာသည်။

အီရတ်စစ်ပွဲအတွက် ကာဆပ်ဘယ်လီတို့ထဲတွင်၊ လူတွေအစုလိုက်အပြုံလိုက် သေစေနိုင်သော လက်နက်တို့ကို ရှာဖွေဖြုတ်ပစ်ရေးဆိုသော ကာဆပ်ဘယ်လီ သည်၊ အဓိကအလွှမ်းမိုးဆုံး ဖြစ်သည်။

## အကယ်၍သာ

ဤအဓိကလွှမ်းမိုးသော ကာဆပ်ဘယ်လီသည်ပင် အားအပျော့ဆုံး ဖြစ် နေသည်။ အကြောင်းမှု ဤအားပြင်းလက်နက်တို့ကို အီရတ်တွင် ရှာဖွေမတွေ့ ရှိသောကြောင့်ဖြစ်သည်။ ဤသို့ ရှာဖွေမတွေ့ရှိသဖြင့်၊ အီရတ်စစ်ပွဲသည် တရား မဝင်ဟု ကောက်ချက်ချလို့ကလည်း၊ မဖြစ်နိုင်ပေ။ အခြား ကာဆပ်ဘယ်လီတို့ က အီရတ်စစ်ပွဲ တရားဝင်ကြောင်းကို ဝင်ကူပေးနေသည်။

သို့သော် credibility ခေါ် ယုံကြည်စိတ်ချရမှုပြဿနာတော့ ပေါ်လာ သည်။ အထူးသဖြင့် အမေရိကန်သမ္မတ ဘုရ်ှ(ရှ်)နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ တို့အား အစီရင်ခံသော ထောက်လှမ်းရေးသတင်းတို့သည်၊ ယုံကြည်စိတ်ချရမှု ရှိ–မရှိ စစ်ဆေးခံလာကြရသည်။ သက်ဆိုင်ရာ အတိုက်အခံတို့က ဤအချက်ကို ဆွဲဆန့်ပြီး သမ္မတဘု(ရှ်) အစိုးရသည်လည်းကောင်း၊ ဝန်ကြီးချုပ် တိုနီဘလဲ အစိုးရသည်လည်းကောင်း လူထုကို အမှားမှားအယွင်းယွင်း လမ်းချော်တင်ပြ သည်။ ထို့ကြောင့် သူတို့ကို ယုံကြည်စိတ်ချစရာ အကြောင်းမရှိဟုဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com


တိုက်ရိုက်သည်။ သည့်ထက်ထပ်ပြီး ဆန့်ကားသူတို့က၊ ကမ္ဘာ့ရေးရာတွင် အမေရိကန်၏ စိတ်ချယုံကြည်ရမှုသိက္ခာသည် ထိခိုက်လေပြီဟု စွပ်စွဲသည်။

ဤနေရာ၌ သမိုင်းကိုပဲ ကိုင်ပြောကြသည်။ တိုနီဘလဲက အကယ်၍သာ အီရတ်အရေးအခင်းတွင် ဘာမျှမလုပ်၊ မပြတ်မသား အုံ့ဆိုင်းနေခဲ့မိလျှင် သမိုင်း၏ဒဏ်ခတ်ခြင်းကို ခံရလိမ့်မည်ဟု ခုခံပြောဆိုသည်။ ဤနေရာ၌ "အကယ်၍" ပါနေသဖြင့် "စိတ်မှန်းသမိုင်း" speculative history နယ်ပယ်ထဲ ရောက်သွားသလို ထင်ရသည်။ သို့ရာတွင် ဤ "အကယ်၍"သည် တကယ့် လက်တွေ့ပိုင်းဖြစ်နေ၍၊ စိတ်မှန်းသမိုင်းကို အသုံးပြုသည်ဟု ဇောက်မပြော နိုင်ပါပေ။

## ရာစုနှစ်သစ်

ကာဆပ်ဘယ်လီများနေသောအခါ တစ်ခုစီ၏အင်အားတွေ ပေါ်လာ သည်။ လက်ရှိအခြေအနေ၌ ဖျက်အားပြင်းလက်နက်တွေ ရှာဖွေရေးဆိုသည့် အကြောင်းပြချက်သည် အားအပျော့ဆုံး။ မကောင်းဆိုးဝါးအာဏာရှင်စနစ် ဖယ်ရှားရေး၊ ဒီမိုကရေစီထူထောင်ရေးနှင့် အီရတ်နိုင်ငံ ပြန်လည်ထူထောင် ရေးဆိုသည့် ကာဆပ်ဘယ်လီတို့က အားကောင်းနေပါသည်။ ၎င်းတို့ကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်ကြောင်းကိုလည်း ပြသရန်လိုဦးမည်။

ကာဆပ်ဘယ်လီလိုက်ပြီး အမှတ်ရခြင်း၊ ကျေးဇူးတင်ခံရခြင်း၊ credit ရခြင်းလည်း မတူညီပေ။ ဖျက်အားပြင်းလက်နက်တို့ကို ရှာဖွေမတွေ့ရှိသည့် အတွက်၊ ဤကာဆပ်ဘယ်လီမှာ အမှတ်သုည ဖြစ်သွားနိုင်သည်။ အနုတ် လက္ခဏာပင် ဖြစ်သွားနိုင်သည်။ ထို့ကြောင့် အီရတ်စစ်ပွဲကို အခြားစစ်ပွဲတွေ တုန်းကနှင့်မတူဘဲ အမှတ်လျှော့ပေးပြီး အအောင်ပေးရလိမ့်မည်ဟု သုံးသပ် လာကြသည်။ passed with less credit ဟု ဆိုသည်။

၂၁ ရာစုနှစ်နှင့် လာမည့်ရာစုနှစ်တို့တွင် အင်အားကြီးနိုင်ငံချင်း ပဋိပက္ခ conflict between major powers တို့သည်၊ ကမ္ဘာငြိမ်းချမ်းရေးကို ခြိမ်း ခြောက်ကြတော့မည် မဟုတ်ပေ။ အရေးနိမ့်သောနိုင်ငံများ failed states၊ လူမျိုးရေး၊ ဘာသာရေး ယဉ်ကျေးမှု ငလျင်ကြောနေနိုင်ငံများ fault line states

www.burmeseclassic.com

www.burmeseclassic.com


များနှင့် မကောင်းဆိုးဝါးနိုင်ငံများ evil states တို့က၊ ကမ္ဘာ (သို့မဟုတ်) ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့ကို၊ အဓိကအန္တရာယ်ပြုလိမ့်မည်ဟု သုံးသပ်ထားကြသည်။

## အန္တိမအခမ်း

ထိုအထဲမှ၊ အရှေ့အလယ်ပိုင်းဒေသ ပထဝီနိုင်ငံရေးကို ဖိုးကပ်(စ်)လုပ်၍၊ စဉ်းစားကြသည်။ ဤ ဖိုးကပ်(စ်)၌၊ အီရတ်ငြိမ်းချမ်းရေးနှင့် အစ္စရေး ပါလက်စတိုင်း ငြိမ်းချမ်းရေးတို့သည်၊ အူတိုင်ကျောရိုး core of geopolitic ဖြစ်နေပြီဟု လက်ခံယူဆထားကြသည်။

အထက်ဖော်ပြပါ ကမ္ဘာ့ရေးရာ အခင်းအကျင်း၌၊ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးသည် 'အခရာ'ဟု ဆိုနိုင်စရာ အကြောင်းရှိသည်။ သို့ရာတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်တာဟင်နရီကစ်ဆင်ဂျာ အမြင်အရ၊ ဤ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲသည်၊ အမေရိကန်နိုင်ငံခြားရေးဝါဒအား အန္တိမစမ်းသပ်ရာအရာ ဖြစ်လိမ့်မည်မဟုတ်။ not ultimate test ဟု ဆိုသည်။

နိုင်ငံခြားရေးပေါ်လစီအတွက် အန္တိမစမ်းသပ်ရာစံသည် အပြည်ပြည် ဆိုင်ရာစံနစ်ကို ပြန်လည်ပုံလောင်းရန်ဖြစ်သည်။ to recast international system ဟု ဆိုသည်။ မျက်မှောက်ခေတ် စစ်အေးခေတ်အပြီး၌၊ အဓိကရန်ဘက် principal adversaries တို့ဟူ၍ မရှိတော့ပြီ။ ဘယ်သူသည် ရန်သူ၊ ဘယ်သူသည် မိတ်ဆွေဟူ၍လည်း မသဲကွဲပေ။ ဒေသအများအပြားသည် အသွင်ကူးပြောင်းရေးထဲ ရောက်ရှိနေကြသည်။ ထိုအခြေအနေတွင် ဒီပလိုမေစီလည်း၊ ဖက်ရှင်အဟောင်း အတိုင်း အလုပ်မဖြစ်ပြီ။

ဇူလိုင်၊ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့လုံခြုံရေးဗိုရှင်းအသစ်တွင် အင်အားသုံးစွဲမှုဘယ်လိုရှိမလဲ

“နိုင်ငံတကာဆက်ဆံရေးစနစ်က ရင်ဆိုင်နေရသော အခြေခံကျသော ပြဿနာတို့ထဲတွင် အင်အားသုံးစွဲခြင်း use of force ကို ဘယ်လို အခါမျိုး၌ ကုလသမဂ္ဂအနေဖြင့် ခွင့်ပြုအမိန့် ပေးသင့်သနည်းဆိုသော ပြဿနာလည်း ပါဝင်သည်။”

## အယူအဆငါးမျိုး

မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာအခင်းအကျင်းတွင် အင်အားအသုံးပြုခြင်း (သို့မဟုတ်) အင်အားပြရခြင်း use or display of force ဆိုသော ပြဿနာသည် အရေးပါအရာရောက်နေသည်။ တစ်ဦးတည်းရှိသော အမေရိကန် စူပါ ပါဝါ အဖို့ရာ၌လည်း အင်အားပြရခြင်း၊ အင်အားအသုံးပြုရခြင်း၊ အင်အားစမ်းသပ်ရခြင်းဆိုသော ကိစ္စတို့နှင့် ရင်ဆိုင်ရသည်။ ကုလသမဂ္ဂ၌လည်း အင်အားအသုံးပြုမှုပြဿနာအတွက် အဖြေရှာနေရသည်။

အမေရိကန် စူပါ ပါဝါ၏ အင်အားပြသရသောကိစ္စ၌ အယူအဆငါးမျိုး ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


ပထမအယူအဆမှာ (၉/၁၁) စက်တင်ဘာ အကြမ်းဖက်တိုက်ခိုက်မှုကြီး ပြီးကတည်းက အမေရိကန် စူပါပါဝါသည် အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အလို့ငှာ အင်အားကို ကြိုတင်ပြရမည်။ ကြိုတင်အသုံးချရမည်ဆိုသော အယူအဆဖြစ်သည်။ pre-emption ဟု ခေါ်သည်။

ဒုတိယအယူအဆသည် အမေရိကန် စူပါ ပါဝါသည် ပြဿနာတိုင်းပေါ်၌ အင်အားကိုပြခြင်း၊ စမ်းသပ်ခြင်း test of strong on every issue ကို မပြုလုပ်သင့်ဆိုသော အယူအဆဖြစ်သည်။ ထစ်ကနဲရှိ အင်အားသုံးဖို့ပဲ စဉ်းစားခြင်းမျိုးကို သတိပေးသော အယူအဆဖြစ်သည်။ ဤသတိပေးချက်ကိုပြုသူတို့မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်တာ ဟင်နရီကစ်ဆင်ဂျာနှင့် အမေရိကန်သမိုင်းပညာရှင် ပေါလ်ကနေဒီတို့ ဖြစ်ကြသည်။

တတိယအယူအဆသည် စူပါ ပါဝါအနေဖြင့် အင်အားသုံးသည့်အခါ တစ်ဦးတည်း သုံးစွဲမလား။ အခြားနိုင်ငံတို့နှင့် ပူးတွဲသုံးမလား ဆိုသော အယူအဆဖြစ်သည်။ တစ်နည်းပြောလျှင် အမေရိကန် စူပါ ပါဝါသည် မိမိအင်အားကို ပြရသောအခါ၌ ကုလသမဂ္ဂ၏ အခွင့်အမိန့်ဖြင့် အင်အားပြမလား၊ (သို့တည်းမဟုတ်) ကုလသမဂ္ဂအပြင်အပမှ ပြသမလား ဆိုသော ပုစ္ဆာကိုဖြေရန် ဖြစ်သည်။

ဤပုစ္ဆာကိုကြားဝင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ဖြေဆိုသည်။ ကုလသမဂ္ဂ၏ အခွင့်အမိန့်ဖြင့် စူပါ ပါဝါ အမေရိကန်က အင်အားသုံးစွဲခြင်းသည် လိုလားဖွယ်ကောင်းသော desirable အရာ ဖြစ်သည်။ သို့သော် လိုအပ်လျှင်မူ necessary တစ်ဦးတည်းအင်အားကို သုံးကောင်းသုံးစွဲရမည်ဟု ဆိုသည်။ အီရတ်စစ်ပွဲသည် လိုအပ်၍ ကုလသမဂ္ဂ အခွင့်အမိန့်ဖြင့်မဟုတ်ဘဲ အင်အားသုံးစွဲခဲ့ခြင်း ဖြစ်သည်။

စတုတ္ထအယူအဆမှာ အင်အားသုံးခဲ့ခြင်းသည် နောက်ဆုံးနည်းလမ်းတွေကုန်မှ သုံးစွဲသင့်သည်ဆိုသော အယူအဆဖြစ်သည်။ use of force as

www.burmeseclassic.com

www.burmeseclassic.com


a last resort ဟု ဆိုသည်။ သို့သော် ဤအယူအဆသည် စိတ်ကူးအနေနှင့် အလွန်ကောင်းမွန်သော်လည်း၊ ဒစ်ပလိုမေစီ displomacy သည် စကတည်းက အလုပ်ရခက်နေသောအခါမျိုးတွင်၊ အင်အားသုံးစွဲခြင်းသည် စောစောစီးစီးကပင် နောက်ဆုံးစခန်းဖြစ်သွားနိုင်သည်။ အချိန်က စကားပြောပါလိမ့်မည်။

ပဉ္စမအယူအဆမှာ အင်အားကို နှစ်မျိုးခွဲကြည့်သော အယူအဆဖြစ်သည်။ စစ်အင်အားကို အမာထည်အင်အား hardp power ဟု ခေါ်၍ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအင်အားတို့ကို အပျော့ထည်အင်အား soft power ဟု ခေါ်ဆိုသည်။ အမေရိကန် စူပါ ပါဝါသည် အမာထည်အင်အားထက် အပျော့ထည်အင်အားကို ပို၍ အလေးပေးသုံးစွဲသင့်သည် ဆိုသော အယူအဆ ဖြစ်သည်။

## ပီးရှင်းအသစ်

စူပါပါဝါအနေဖြင့် အင်အားသုံးစွဲမှု ကိစ္စတွင် ဆိုခဲ့ပါအတိုင်း အယူအဆငါးမျိုးနှင့် နပန်းလုံးနေရစဉ်တွင် ကုလသမဂ္ဂကလည်း အင်အားသုံးစွဲမှုနှင့် ပါဝင်ပတ်သက်ပြီး မေးခွန်းပုစ္ဆာတစ်ပုဒ်ကို ဖြေဆိုရန် အပူတပြင်း ကြံဆနေရသည်။

ထို့ကြောင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က မကြာသေးမီက သူ၏လက်ထောက်တို့နှင့် လျှို့ဝှက်တံခါးပိတ် ဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ လာမည့် စက်တင်ဘာ ကုလသမဂ္ဂအထွေထွေညီလာခံတွင် တင်သွင်းဆွေးနွေးရန် ဖြစ်သည်ဟု သတင်းတို့က ဆိုသည်။

နိုင်ငံတကာဆက်ဆံရေးစနစ်က ရင်ဆိုင်နေရသော အခြေခံကျသော ပြဿနာ fundamantal questions တို့ကို အမြင်သစ် fresh look ဖြင့် ရှုမြင်သုံးသပ်ရန် ဖြစ်တော့သည်။ ဤအခြေခံကျသော ပြဿနာတို့ထဲတွင် အင်အားသုံးစွဲခြင်း use of force ကို ဘယ်လိုအခါမျိုး၌ ကုလသမဂ္ဂအနေဖြင့် ခွင့်ပြုအမိန့် ပေးသင့်သနည်းဆိုသော ပြဿနာလည်း ပါဝင်သည်။

ကိုဖီအာနန်က နိုင်ငံတကာ အခြေအနေနှင့် ပတ်သက်ပြီး ထူးခြားချက်သုံးရပ်ကို ထောက်ပြသည်။ ၎င်းတို့မှာ–

www.burmeseclassic.com

www.burmeseclassic.com


(၁) အကြမ်းဖက်ဝါဒကို ဆန့်ကျင်ပုန်ကန်ခြင်း၊
(၂) လူတွေ အမြောက်အမြား သေကျေပျက်စီးစေနိုင်သော လက်နက်တို့နှင့် ပါဝင်ပတ်သက်၍ တုံ့ပြန်ခြင်းနှင့်
(၃) ယိုင်လဲပြိုကျသွားသောနိုင်ငံ collapsing states တို့အရေးကို တုံ့ပြန်ခြင်းတို့ဟူ၍ ဖြစ်သည်။

ဤသုံးပါးကို ရှုမြင်ရခြင်းသည်ပင် ကမ္ဘာ့လုံခြုံရေးနှင့်ပတ်သက်သော ဗီးရှင်းအသစ် new vision of global security ဟု ကိုဖီအာနန်က ဆိုသည်။

ကိုဖီအာနန်၏ တံခါးပိတ်အစည်းအဝေးသို့ နေတိုး၊ အင်တာပိုလ်နှင့် အာရပ်အဖွဲ့ချုပ်တို့အပါအဝင် အဖွဲ့အစည်းပေါင်း ၃၀ ကျော် တက်ရောက်ကြသည်။ ၂၁ ရာစုနှစ်၌ တွေ့ကြုံရသော စိန်ခေါ်မှုတို့သည် သမိုင်းတွင် တစ်ခါမျှ မပေါ်ဘူးလောက်အောင် များပြားလှသည့်အပြင် အမျိုးအမည်တို့ကလည်း ပဒေသာစုံလှသည်။

ကိုဖီအာနန်ညွှန်ပြသော ကမ္ဘာ့လုံခြုံရေး ဗီးရှင်းအသစ်နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတို့သည် အံမဝင်ခွင်မကျပဲ ဖြစ်နေသည်။ ခေတ်သစ်စိန်ခေါ်ချက်တို့ကို ဖြေရှင်းပေးနိုင်စွမ်း ချို့တဲ့နေကြသည်။ ကုလသမဂ္ဂဆိုင်ရာသံအမတ်တစ်ဦးက ကုလသမဂ္ဂသည် စိန်ခေါ်မှုအသစ်တို့ကို ဗီးရှင်းအသစ်တို့ဖြင့် မကိုင်တွယ်ဘဲ၊ သမားရိုးကျဗျူရိုကရက်နည်းတို့ဖြင့် အလုပ်လုပ်နေသည်ဟု ဝေဖန်ထောက်ပြသည်။

"အချို့အစီအစဉ်တို့သည် ပြဿနာပူပူလောင်လောင်ဖြစ်နေချိန်သာ အိပ်ရာမှလန့်နိုးသလို ထထကြွကြွရှိပြီး သိပ်မကြာခင် ပြန်အိပ်ပျော်သွားကြသည်" ဟူ၍လည်း ကုလသမဂ္ဂဆိုင်ရာ ချီလီသံအမတ်ကြီးက ဝေဖန်ထောက်ပြသည်။ စစ်မက်ရေးရာတို့နှင့် ပတ်သတ်၍ ဂျီနီဗာကွန်ဗင်းရှင်း ရှိထားခဲ့သည်။ သို့ရာတွင် အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးလုပ်ငန်းတို့နှင့်ပတ်သက်၍ မည်သည့် ကွန်ဗင်းရှင်းမှ မရှိသေးပေ။ လာမည့်စက်တင်ဘာ ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ကွန်ဗင်းရှင်းအသစ်ကို အဆိုပြုရန်ရှိလိမ့်မည်ဟု မျှော်လင့်နေကြသည်။

ဩဂုတ်၊ ၂၀၀၃

စာညွှန်း– IHT

www.burmeseclassic.com

# စီးပွားရေး၊ နိုင်ငံရေး
# သံသရာနှစ်မျိုး ဦးနှောက်
# နှစ်ခြမ်းတို့ဖြင့် လေ့လာခြင်း

**“စီးပွားရေးသံသရာကို ဆုတ်ယုတ်ကျဆင်းမှု ရီဆက်ရှင်နှင့် ပြန်လည်နာလန်ထမှုတို့ဟူ၍ ခွဲသည်။ ဤနှစ်ခုသည် တစ်လှည့်စီ ပတ်နေသည်။ နိုင်ငံရေးသံသရာတွင်မူ ပြုပြင်ပြောင်းလဲရေးနှင့် တုံ့ပြန်မှုတို့ဟူ၍ ခွဲသည်။ ယင်းနှစ်ခုလည်း တစ်လှည့်စီ ပတ်ချာလှည့်နေသည်။”**

## အချုပ်ပြောင်း

ကမ္ဘာ့စီးပွားရေး အရေးအခင်းတွင် ရှုမြင်သောသံသရာနှင့် ကမ္ဘာ့နိုင်ငံရေးတွင် သုံးသပ်သော သံသရာတို့ချင်း မတူကြပေ။ သံသရာကလည်း နှစ်မျိုးရှိသည်။ မကောင်းဆိုးဝါးသံသရာ vicious cycle နှင့် မင်္ဂလာသံသရာ virtuous cycle တို့ဟူ၍ ဖြစ်သည်။

စီးပွားရေးသံသရာကို ဆုတ်ယုတ်ကျဆင်းမှု ရီဆက်ရှင် recession နှင့် ပြန်လည်နာလန်ထမှု recovery တို့ဟူ၍ ခွဲသည်။ ဤ နှစ်ခုသည် တစ်လှည့်စီ ပတ်နေသည်။ နိုင်ငံရေးသံသရာတွင်မူ ပြုပြင်ပြောင်းလဲရေး reform နှင့် တုံ့ပြန်မှု reaction တို့ဟူ၍ ခွဲသည်။ ယင်းနှစ်ခုလည်း တစ်လှည့်စီ ပတ်ချာလှည့်နေသည်။

ယခုလောလောလတ်လတ် အမေရိကန် စီးပွားရေး၊ တရုတ်စီးပွားရေးနှင့် ရုရှားစီးပွားရေး နိုင်ငံရေးတို့ကိုကြည့်လျှင် သုံးနိုင်ငံစလုံး၏ စီးပွားရေးမှာ သူ့အတိုင်းအတာနှင့်သူ အတော်အင်အားကြီးကြသည်။ အမေရိကန်စီးပွားရေးသည် ပြန်လည်နာလန်ထလာသည်။ ၂၀၀၃ ခုနှစ်၊ ဒုတိယသုံးလပတ်အတွင်း၌

www.burmeseclassic.com

www.burmeseclassic.com


ထုတ်လုပ်မှုအစွမ်းသတ္တိ productivity ၅.၇ ရာခိုင်နှုန်း တိုးတက်သည်။ သို့သော် အလုပ်အကိုင်သစ်တွေ မတိုးသည့်အပြင် ရှိရင်းအလုပ်သမားတို့ပင်လျှင် အလုပ်တွေ ပြုတ်နေကြသည်။

ထိုအခြေအနေကို အလုပ်အကိုင်အသစ် မဖန်တီးသော တိုးတက်မှု growth without creating new jobs ဟုခေါ်သည်။ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလထဲ၌ ရှိဆက်ရှင်းသည် ပြီးဆုံးပြီဟု တရားဝင်ကြေညာခဲ့သည်။ ယခုပြန်လည် နာလန်ထလာသည်။ သို့သော် ယခင်ပုံစံမျိုးဖြင့် ပြန်လည်နာလန်ထခြင်း မဟုတ်တော့ပေ။ ယခင်ကဆိုလျှင် ပြန်လည်နာလန်ထပြီဟုဆိုသည်နှင့် အလုပ်အကိုင်တွေ ပေါ်များလာသည်၊ အလုပ်လက်မဲ့နှုန်း ကျဆင်းသွားသည်။ ယခု ပြန်လည်နာလန်ထလာပြီဟုဆိုသည်။ သို့သော် အလုပ်လက်မဲ့တွေ ပေါ်များနေသည်။ သံသရာပုံသဏ္ဌာန်ကို ပုံသေနည်းဖြင့် နားလည်လို့မရတော့ကြောင်း သိသာစွာပေါ်လာသည်။ အချိုးပြောင်းသည်။

## ဦးနှောက်နှစ်ခြမ်း

ယခင်သံသရာပုံစံ၌ ပြန်လည်နာလန်ထပြီဟုဆိုလျှင် စတော့ရှယ်ယာဈေးကွက်တွေ စတင်တက်သည်။ ယခု share prices ရှယ်ယာဈေးနှုန်းတွေ ကျဆင်းနေသည်။ ရှယ်ယာဈေးနှုန်းတွေ ကျဆင်းပြီး ဘွန်းဈေးနှုန်း bond prices တွေ ထောင်တက်လာသည်။ ဘွန်းတို့မှ အတိုးနှုန်းကောင်းကောင်း ရရှိလာသည့်သဘော ဖြစ်သည်။ ဘွန်းဆိုသည်မှာ အစိုးရ၏ ငွေချေးအာမခံစာချုပ်များနှင့် ကုမ္ပဏီတို့၏ ငွေချေးအာမခံစာချုပ်တို့ကို ခေါ်သည်။ အကြွေး debt စာချုပ်တွေ ဖြစ်သည်။ ရှယ်ယာက အမြတ်ပေးသည်။ ဘွန်းက အတိုးပေးသည်။

ရှယ်ယာဈေးတွေကျပြီး ဘွန်းဈေးတွေတက်သည်ဆိုသည်မှာ အမြတ် profit ကျပြီး၊ အတိုးနှုန်း interest rate တက်သည့် သဘော ဖြစ်သည်။ သို့ဖြင့် အမေရိကန်စီးပွားရေး၏ လက်ငင်းသံသရာတွင် ထုတ်လုပ်မှုအစွမ်းသတ္တိတက်သည်။ သို့သော် အလုပ်သမားဈေးကွက် labour market ကျပ်တည်းနေသည်။ အတိုးနှုန်းမြင့်နေသည်။ အမြတ်ကျဆင်းနေသည်။ သမိုင်းအစဉ်အလာအရ ဖြစ်ခဲ့သောပုံစံမျိုး မဟုတ်ပေ။

မည်သည့်နိုင်ငံမဆို ယခုအခါ အမေရိကန်စီးပွားရေးနှင့် တရုတ်စီးပွား

www.burmeseclassic.com

www.burmeseclassic.com


ရေး အလားအလာတို့ကို အကဲခတ်ပြီးအလုပ်လုပ်နေကြရသည်။ ဤနိုင်ငံကြီးနှစ်နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးဖြစ်ထွန်းမှုတို့ကို မျက်ခြည်ပြတ်လို့ မရပေ။

တရုတ်ပြည်စီးပွားရေးကို ဦးနှောက်လက်ဝဲဘက်ခြမ်းနှင့် လက်ျာဘက်ခြမ်းဆိုပြီး နှစ်ခြမ်းခွဲကြည့်သည်။ လက်ဝဲဘက်ခြမ်း၌ အခြေခံတရား ဘာတွေရှိသနည်း။ လက်ျာဘက်ခြမ်း၌ မည်သည့်ပေါ်လစီနှင့် မဟာဗျူဟာများ ရှိသနည်းဆိုပြီး သတ္တုချကြည့်ကြသည်။

## မဇ္ဈိမပဋိပဒါ

ကမ္ဘာ့ရေးရာပညာရှင်တို့က တရုတ်စီးပွားရေး၏ ဦးနှောက်လက်ဝဲဘက်ခြမ်းတွင် အခြေခံနှစ်ပါး ထည့်ထားသည်။ ၎င်းတို့မှာ–

(၁) စီးပွားရေး အလျင်အမြန် တိုးတက်မှု rapid economic growth နှင့်

(၂) ခိုင်မြဲသော နိုင်ငံရေး ထိန်းချုပ်မှု firm political control

တို့ ဟူ၍ ဖြစ်သည်။ တစ်နည်းပြောလျှင် နိုင်ငံရေးထိန်းချုပ်မှု မလျော့ပါးစေဘဲ စီးပွားရေးအရ အလျင်အမြန်တိုးတက်ရေးဖြစ်သည်။

ဦးနှောက်၏လက်ျာဘက်ခြမ်းတွင် အခြေခံလေးပါးထည့်သည်။ ၎င်းတို့မှာ–

(၁) သမားရိုးကျ စက်မှုလုပ်ငန်းကြီးတို့ကို ဆုပ်ကိုင်ခြင်း၊

(၂) တရုတ်ပြည်သူလူထု၏ စားဝတ်နေထိုင်ရေး အဆင့်အတန်းကို အနောက်တိုင်း အဆင့်အတန်းနှင့် အမီလိုက်လိုခြင်း၊

(၃) အခြေခံ အဆောက်အအုံ infrastructure တို့ကို ခေတ်မီမီ တည်ဆောက်လိုခြင်း နှင့်

(၄) စက်မှုလယ်ယာထွန်းကားလိုခြင်းတို့ ဖြစ်ကြသည်။

ဦးနှောက်လက်ဝဲဘက်ခြမ်းနှင့် ဦးနှောက်လက်ျာဘက်ခြမ်းတို့သည်၊ အတုံ့အလှည့် အကျိုးပြုရမည့်အပြင် နှစ်ခြမ်းစလုံးသည် ပြင်ပတွင် ပြောင်းလဲနေသော ရေစီးကြောင်းမှန်သမျှတို့အပေါ်၊ လိုက်လျောညီထွေ တုံ့ပြန်ရမည်။

ဤတွင် ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါတရားကို တရုတ်လူမှုသိပ္ပံပညာရှင် အချို့က ဟောလာသည်။ အစွန်းမရောက်သော အလယ်အလတ်လမ်းစဉ်ကို ညွှန်ပြသည်မှာ ဖော်ပြခဲ့ပါ ဦးနှောက်နှစ်ခြမ်းတွင် ထည့်ထားသော အခြေခံတို့သည်

www.burmeseclassic.com

www.burmeseclassic.com


အစွန်းရောက်သည်ဟု ထင်မြင်ကြသောကြောင့် ဖြစ်သည်။

တရုတ်စီးပွားရေးသည် အလယ်အလတ်ဆီသို့ ရွေ့လျားလာသည်။ ဤသည်ကား ပြုပြင်ပြောင်းလဲမှု reform ပင်ဖြစ်သည်။ ဤပြုပြင်ပြောင်းလဲမှု အပေါ် တုံ့ပြန်မှု reaction တွေရှိလာရဦးမည်။ ပြုပြင်ပြောင်းလဲရေးနှင့် တုံ့ပြန်မှုတို့ တစ်လှည့်စီလှုပ်ရှားရင်း သံသရာလည်နေမည်ဟု ဆိုသည်။ cycle of reform and reaction ဟု ပြောသည်။

## ရုရှားသံသရာ

ပြုပြင်ပြောင်းလဲရေးနှင့် တုံ့ပြန်မှုသံသရာကို အခြေခံ၍ ရုရှားနိုင်ငံကို ကြည့်ကြသည်။ ၁၈၁၂–၂၅ ခုနှစ်၌ ပြင်သစ်တော်လှန်ရေး၏ အကျိုးကျေးဇူးကြောင့် လစ်ဘရယ် အရစ္စတိုကရက်တို့၏ ဇာဘုရင်ဆန့်ကျင်ရေး လူ့အဖွဲ့ အစည်းများ ပေါ်လာသည် (ပြုပြင်ပြောင်းလဲရေး)။ ယင်းကို ၁၈၂၅–၅၅ ခုနှစ်တွင် ဇာဘုရင် နီကိုလပ်(စ်) က ဒီဇင်ဘာဂိုဏ်းသားတို့ကို ချေမှုန်း၍ ပုလိပ် နိုင်ငံ ထူထောင်ခြင်းဖြင့် တုံ့ပြန်သည်။ ၁၈၅၅–၈၁ နှစ်တို့၌ ဇာဘုရင် အလက်ဇန္ဒာက မြေကျွန်စနစ်ကို ဖျက်သိမ်း၍ ပြုပြင်ပြောင်းလဲမှု ပြုလုပ်သည်။

ဤပြုပြင်ပြောင်းလဲမှုကို ဇာဘုရင် နီကိုလပ်စ်က တော်လှန်ရေးသမားတို့အား ချေမှုန်းပြီး တုံ့ပြန်သည်။ ၁၉၀၅–၁၇ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် ရုရှား ပါလီမန်ကို ထူထောင်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကို လုပ်ခဲ့ပြန်သည်။ ၁၉၁၇–၅၃ ခုနှစ်အထိ ဗိုရှီဗစ်တော်လှန်ရေးပေါ်လာသည်။ ဂျိုးဇက်စတာလင်က အာဏာရှင်စနစ်ထူထောင်၍ တုံ့ပြန်ခဲ့သည်။ ၁၉၈၅–၉၉ ခုနှစ်တွင် ဂေါ်ဘာချော့ တက်လာပြီး ပြုပြင်ပြောင်းလဲရေးတို့ကို ပြုလုပ်သည်။ ဤပြုပြင်ပြောင်း လဲရေးတို့ကို တုံ့ပြန်ခဲ့ရာ ယခုတိုင် မပြီးသေးပေ။

သို့အားဖြင့် အင်အားကြီးနိုင်ငံအလိုက် စီးပွားရေး၊ နိုင်ငံရေး ဖြစ်ထွန်းမှုတို့ကို လေ့လာရာတွင် အထက်ပါအတိုင်း သံသရာနှစ်မျိုးဖြင့် လည်းကောင်း၊ ဦးနှောက်နှစ်ခြမ်းဖြင့်လည်းကောင်း၊ ရှုထောင့်အသစ်ဖြင့် လေ့လာလာကြ ကြောင်းကို သိရှိအပ်သည်။

ဩဂုတ်၊ ၂၀၀၃။

စာညွှန်း – Business Week

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယအကြီးဆုံး အကျပ်
# တန်ပြန်ရှော့(ခ်)ကြီးနှစ်ရပ်

**“နှစ်ဖက်စလုံး၏ စိတ်သည် “သူတစ်ချက် ကိုယ်သုံး-လေးချက်” ပုံစံဖြင့် လက်စားချေတုံ့ပြန်ရန်လိုမှုတို့ဖြင့် ပိတ်ဆို့နေပြီ။ ဤမှ ဖောက်ထွက်ပြီး မစဉ်းစားတတ်တော့ပေ။ close mindset ပိတ်ဆို့ ထားသော စိတ်တို့ဖြင့်၊ ငြိမ်းချမ်းရေးအဖြေ ရှာဖွေတွေ့ရန် မဖြစ်နိုင်သလောက် ဖြစ်လာသည်။”**

## ဘဂ္ဂဒတ်-ဂျေရုဆလင်

ဩဂုတ်လ ၁၉ ရက်နေ့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အရှေ့အလယ်ပိုင်း ပထဝီနိုင်ငံရေးတွင် တန်ပြန်ရှော့(ခ်) counter-shocks ကြီးနှစ်ရပ်ပေါ်ခဲ့ပြီး၊ ပထမ တန်ပြန်ရှော့(ခ်)သည် ဘဂ္ဂဒတ်မြို့ရှိ ကုလသမဂ္ဂအဆောက်အအုံကို အသေခံ ကားထောင်ဗုံးဖြင့် ဖြိုချတိုက်ခိုက်သောအမှု ဖြစ်သည်။ ဒုတိယ တန်ပြန်ရှော့(ခ်)မှာ ဂျေရုဆလင်မြို့ဂျူးရပ်ကွက်၌ အများပြည်သူစီး ဘက်(စ်) ကားကို အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဤဖြစ်ရပ်ကြီးနှစ်ရပ်စလုံးတွင် လူအသေအပျောက် ၂၀ ကျော်စီရှိ၍ ဒဏ်ရာရရှိသူ တစ်ရာကျော်စီ ရှိကြသည်။ လူအသေအပျောက်နှင့် ဒဏ်ရာရရှိသူဦးရေတို့က နိုင်ငံရေးအဓိပ္ပာယ် သိပ်ကြီးကြီးကျယ်ကျယ် ဆောင်သည်မဟုတ်ဘဲ၊ ဤဖြစ်ရပ်ကြီးတို့ကို ကိုယ်စားပြုသောသင်္ကေတတို့ကသာ၊ အလွန်အရေးပါ အရာရောက်နေသည်။ ဘဂ္ဂဒတ်၌ ကုလသမဂ္ဂအဆောက်အအုံကို တိုက်ခိုက်သည်။ ဂျေရုဆလင်၌ အမေရိကန် ပွဲစားလုပ်ထားသော လမ်းပြမြေပုံအရ၊ နှစ်ဦးနှစ်ဖက် သဘောတူထားသော အပစ်အခတ်ရပ်စဲရေးကာလအတွင်း တိုက်ခိုက်သည်။

အမေရိကန်သည် အီရတ်စစ်ပွဲဆင်နွဲခြင်းအားဖြင့် အရှေ့အလယ်ပိုင်းဒေသအတွင်း၌ တုန်ခါသွားသော ရှော့(ခ်)ကြီး ရိုက်သွင်းခဲ့သည်။

ယခုဖော်ပြပါ အကြမ်းဖက်တိုက်ခိုက်မှု ကြီးနှစ်ရပ်က ဤရှော့(ခ်)ကြီးကို တန်ပြန်လိုက်သော ရှော့(ခ်)ကြီးနှစ်ပါးဟု ဆိုရတော့မည်။ ရှော့(ခ်)ကို တန်ပြန်ရှော့(ခ်)တို့ဖြင့် တုံ့ပြန်ခြင်း ဖြစ်သည်။ ရှော့(ခ်)သံသရာ လည်ဖွယ်ရှိသည်။

## ကျောရိုးအမြွာ

ထိုအခါ မည်သည့်အဓိပ္ပာယ်တွေ ထွက်လာသနည်း။ ဘဂ္ဂဒတ်ရှိ ကုလသမဂ္ဂ အဆောက်အအုံကြီးကို တိုက်ခိုက်ခြင်းသည်၊ ကုလသမဂ္ဂ၏သမိုင်း၌ ပထမဦးဆုံးအကြိမ် ကြုံတွေ့ရခြင်း ဖြစ်လေရာ၊ အဓိပ္ပာယ်သည် အတော်ကြီးလေးနက်သွားတော့သည်။ အချို့က ကုလသမဂ္ဂကို တိုက်ခိုက်ခြင်းသည်၊ အီရတ်၌ အမေရိကန်ရှိနေမှုကိုလည်း အလိုမရှိ။ ကုလသမဂ္ဂရှိနေမှု UN's presence ကိုလည်း၊ အလိုမရှိဟု အချက်ပြရာရောက်သည်ဟု သုံးသပ်သည်။

အချို့ကမူ အီရတ်တွင် အမေရိကန်တို့အတွက်လည်း လုံခြုံမှုမရှိ၊ ကုလသမဂ္ဂအတွက်လည်း လုံခြုံမှုမရှိဟု မက်ဆေ့(ချ်) အမှာစကားပေးခြင်း ဖြစ်သည်ဟု ယူဆသည်။ မည်သို့ပင်ဖြစ်စေ၊ အီရတ်တွင်ကုလသမဂ္ဂ၏အခန်းကို ပြန်လည်စဉ်းစားရန်ပေါ်လာသည်။ ကုလသမဂ္ဂ၏ကဏ္ဍကို သည်အတိုင်း မပြောင်းမလဲဆက်လက်ထားမလား။ (သို့တည်းမဟုတ်) မြှင့်တင်တိုးချဲ့မလား၊ (သို့တည်းမဟုတ်) လျှော့ချပေးမလား။ မည်သည့် နည်းလမ်းကိုရွေးရွေး၊ ကုလသမဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com


နှင့် အမေရိကန်တို့ ပူးပေါင်းဆောင်ရွက်မှုသည် အခရာကျလာပြီ။

ဂျေရုဆလင်တိုက်ခိုက်မှုနှင့် ဆက်စပ်စဉ်းစားကြည့်လျှင် ဤသို့တွေ့ရပြန်သည်။ အီရတ်စစ်ပွဲမဆင်နွှဲမီကပင်၊ အမေရိကန် ပေါ်လစီချမှတ်သူတို့ကြား အီရတ်၌ အုပ်စိုးမှုအပြောင်းအလဲဖြစ်ပြီး၊ ပြဿနာအရပ်ရပ်ကို ပြေလည်စွာ ဖြေရှင်းပေးနိုင်သည်နှင့်အမျှ၊ အစ္စရေး–ပါလက်စတိုင်း ငြိမ်းချမ်းရေးသည် ပို၍အလားအလာ ကောင်းလိမ့်မည်ဟု မှန်းဆထားခဲ့ကြသည်။ အီရတ်အရေးနှင့် အစ္စရေး–ပါလက်စတိုင်းအရေးတို့ကို၊ အရှေ့အလယ်ပိုင်းဒေသ၏ ပထဝီနိုင်ငံရေးတွင်၊ ကျောရိုးအမြွှာ twin core အဖြစ်ယူဆထားကြသည်။

## ဟာဒ်န အိုင်ဒီအိုလိုဂျီ လှေကား

ယခု ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြီး (သို့မဟုတ်) တန်ပြန်ရှော့(ခ်)နှစ်ခုကြောင့်၊ ဤကျောရိုးအမြွှာနှင့် ပတ်သတ်သော မူလမှန်းဆချက်သည်၊ ပျက်စီးသွားပြီလောဟု မေးစရာဖြစ်လာသည်။ အီရတ်အရေးအခင်းထဲ၌လည်း၊ အမေရိကန်နှင့် ကုလသမဂ္ဂတို့ ဗွက်ထဲနစ်လာသည်။ အစ္စရေး–ပါလက်စတိုင်း ပဋိပက္ခတွင်လည်း၊ လမ်းပြမြေပုံ နိဂုံးချုပ်တော့မယောင်ဖြစ်လာသည်။ အပစ်အခတ်ရပ်စဲရေးသည်ကား ပျက်ပြီ။ ကျောရိုးအမြွှာနှစ်ခုစလုံးတွင် ခါတိုင်းနှင့် မတူအောင် တင်းမာပြီး ရှုပ်ထွေးနေပြီ။

အစ္စရေး–ပါလက်စတိုင်းကြား သဘောတူထားသော အပစ်အခတ်ရပ်စဲရေးကို၊ အလယ်အလတ်လမ်းလိုက်သော ပါလက်စတိုင်း ပညာရှင်တို့က၊ "ဟာဒ်န" ဟု အာရပ်ဘာသာစကားနှင့် အမည်ပေးသည်။ ဤစကားကို တမန်တော် မိုဟာမက်က သုံးစွဲဖူးသည်ဟုဆို၍၊ ရရှိထားသော အပစ်အခတ်ရပ်စဲရေးသည် တမန်တော် မိုဟာမက်၏ အတည်ပြုချက်ရထားသယောင် ပုံဖမ်းသည်။ ဟာဒ်နသည် အစွန်းရောက်သမားတို့ အောက်သို့ဆင်းရန် အိုင်ဒီအိုလိုဂျီလှေကားဟု ဆိုသည်။ ယခု ဤလှေကားပျက်သွားပြီ။

အကြမ်းဖက်အုပ်စု ဟားမတ်ခေါင်းဆောင်တစ်ဦးအား၊ အစ္စရေးက ဂါဇာဒေသတွင် တိုက်ခိုက်ရေး ဟယ်လီကော့(ပ်)တာဖြင့် တိုက်ခိုက်ရာ၊ သေဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com


သည်။ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ဝန်ကြီးချုပ် မာမွတ်အာဘတ်(ခ်)က၊ ဟားမက်(စ်) အဖွဲ့အား အရေးယူရန် ဆုံးဖြတ်လိုက်သောအခါ၊ ဟားမက်(စ်) အဖွဲ့က ပါလတ်စတိုင်း၏ ဝန်ကြီးချုပ်မာမွတ်အာဘတ်(ခ်)ကို၊ ပါလက်စတိုင်း နယ်မြေမှ ချက်ချင်းထွက်ခွာသွားရန် ရာဇသံပေးလာသည်။ ပါလက်စတိုင်း အကြမ်းဖက်အဖွဲ့တို့သည်၊ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ဝန်ကြီးချုပ်ကိုပင်၊ လုပ်ကြံသတ်ဖြတ်ရန် ခြိမ်းခြောက်ထားသည်။

ထို့အပြင် ပါလက်စတိုင်းအကြမ်းဖက်အဖွဲ့တို့က၊ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားပြီဟု၊ ကြေညာသည်။ လမ်းပြမြေပုံမရှိတော့ ဟူ၍လည်းပြော သည်။

## စိတ်တွေပိတ်ဆို့ပြီ

အစ္စရေးဝန်ကြီးချုပ်ရှာရွန်ကလည်း ပါလက်စတိုင်းအကြမ်းဖက်သမား တို့အား၊ ယခင်မပြုလုပ်ဘူးသောနည်းတို့ဖြင့် ပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဟု ကြေညာသည်။ ပါလက်စတိုင်းအကြမ်းဖက်သမားတို့ကလည်း၊ အစ္စရေးနိုင်ငံ မီးဟုန်းဟုန်းတောက်စေရမည်ဟု ကြုံးဝါးသည်။ သူတို့ မြေအောက်ပုန်းခိုသွား ကြပြီဟုလည်း သတင်းများပေါ်လာသည်။

သို့ဖြင့် နှစ်ဖက်စလုံးတွင် အမုန်းတရားတွေ အလွန်ကြီးမားနေပြီ။ ကလဲ့ စားချေဖို့ရန်သာ စိတ်ထဲရှိတော့သည်။ သို့ဖြင့် နှစ်ဖက်စလုံး၏ စိတ်သည် "သူတစ်ချက် ကိုယ်သုံး–လေးချက်" ပုံစံဖြင့် လက်စားချေတုံ့ပြန် ရန်လိုမှုတို့ဖြင့် ပိတ်ဆို့နေပြီ။ ဤမှဖောက်ထွက်ပြီး မစဉ်းစားတတ်တော့ပေ။ close mindset ပိတ်ဆို့ထားသောစိတ်တို့ဖြင့်၊ ငြိမ်းချမ်းရေးအဖြေ ရှာဖွေတွေ့ရန်မဖြစ်နိုင် သလောက် ဖြစ်လာသည်။ ထိုကြားထဲ ဘဂ္ဂဒတ်၌ တိုက်ခိုက်မှုတို့က၊ ပါလက် စတိုင်း အကြမ်းဖက်သမားတို့အား၊ အားတက်စေပြန်သည်။ အရှေ့အလယ်ပိုင်း ပထဝီနိုင်ငံရေး၏ ဒုတိယအကြိမ် အကြီးမားဆုံးအကျပ်အတည်းဟု ဆိုရမည်။

ဩဂုတ်၊ ၂၀၀၃။

Ref : CNN

www.burmeseclassic.com

www.burmeseclassic.com

# ကြီးသော်မကောင်းဟု ဆိုနိုင်ပါ့မလား တရုတ်အငြင်းအခုံ

“စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံရေးကွပ်ကဲမှုတို့သည်၊ တရုတ်လူ့အဖွဲ့အစည်း၌ နိုင်သူနှင့် ရှုံးသူ winners and losers တို့ကို၊ ပေါ်ပေါက်စေသည်။ အားလုံးနိုင်သူချည်း မဖြစ်နိုင်ပေ win-win game မဟုတ်ဟု ဆိုသည်။”

## ဘဝနေနည်းတူလာလျှင်

အမေရိကား၌ တရုတ်ပြည်နှင့်ပတ်သက်ပြီး ပေါ်လစီတွေ အမျိုးမျိုးအဖုံဖုံရှိသည်။ မတူကြပေ။ တစ်ခုတည်းသော ဘုံပေါ်လစီဆိုပြီးမရှိ။ ထို့ကြောင့် ဤသို့ တရုတ်ရေးရာပေါ်လစီတွေ၊ အဘယ့်ကြောင့် ကွဲပြားခြားနားရသနည်းဟု အမေးထွက်လာသည်။ အဖြေကရှင်းသည်။ တရုတ်တွေ အများကြီးရှိသောကြောင့်နှင့်၊ အမေရိကန်တွေ အများကြီးရှိသောကြောင့် ဖြစ်သည်။

ဥပမာ–လေယာဉ်ပျံထုတ်လုပ်သော ဘိုရင်း အမေရိကန်ကုမ္ပဏီကြီးက၊ တရုတ်ပြည်ကို အလွန်အကောင်းမြင်သည်။ ဈေးကွက်က ကြီးလွန်းသဖြင့်၊ တရုတ်ပြည်နှင့်ဆက်ဆံရေး ကောင်းမွန်နေသလောက်၊ ဘိုရင်းအတွက် အကျိုး

www.burmeseclassic.com

www.burmeseclassic.com


ရှိနေသည်။ လစ်ဘရယ်ဒီမိုကရက်နှင့် ခရစ်ယာန်အခြေခံဝါဒီသမားတို့ကမူ လူ့အခွင့်အရေးပိုင်းကို ထောက်ချင့်ပြီး၊ တရုတ်ပြည်ကို သံသယမျက်စိနှင့်ကြည့်သည်။

အမေရိကန်တွေ အများကြီးရှိသလို၊ တရုတ်တွေလည်း အများကြီးရှိသည်။ ထို့ကြောင့် ဘယ်လိုတရုတ်ပြည်အမျိုးအစားကို နှစ်ခြိုက်သနည်းဆိုသော အချက်ကို၊ တရုတ်လေ့လာရေးအတွက် အခြေခံအဖြစ် စိုက်ထူလိုက်သည်ဟု ယူဆသူတွေ ပေါ်လာသည်။ ဤကိစ္စ၌၊ အကယ်၍ တရုတ်ပြည်သည် အမေရိကန်ဘဝနေနည်းလမ်း american way of life အတိုင်း တူညီလာလျှင် အသို့ဖြစ်မည်နည်းဟု ကနဦးမေးကြည့်ကြသည်။

ဤမေးခွန်းနှင့် ပတ်သက်၍ အမေရိကန်သမိုင်းပညာရှင် ပေါလ်ကနေဒီက၊ တရုတ်ပြည်၏လူမှုဘဝသည် အမေရိကန်လူမှုဘဝနှင့် နီးစပ်လာသောအခါတွင်၊ ကမ္ဘာ့တန်ခိုးအင်အား world power ၌ အမေရိကား ရရှိထားသောဝေစု share သည် လျော့နည်းသွားမည်ဟု ဖြေသည်။

## နိုင်သူရှုံးသူ စီမံရေး

တရုတ်ပြည်သည် စီးပွားရေးအရ အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည်။ ဤသို့ တိုးတက်စဉ် ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးကွပ်ကဲမှုကလည်း ခိုင်မြဲလျက်ရှိသည်။ ထို့ကြောင့် စီးပွားရေးအလျင်အမြန်တိုးတက်မှု rapid economic growth နှင့်၊ နိုင်ငံရေး ကွပ်ကဲမှုခိုင်မြဲခြင်း firm political control တို့ကို ဆက်စပ်စဉ်းစားကြည့်ကြသည်။

စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံရေးကွပ်ကဲမှုတို့သည်၊ တရုတ်လူ့အဖွဲ့အစည်း၌ နိုင်သူနှင့် ရှုံးသူ winners and losers တို့ကို၊ ပေါ်ပေါက်စေသည်။ အားလုံးနိုင်သူချည်း မဖြစ်နိုင်ပေ win-win game မဟုတ်ဟု ဆိုသည်။ ထို့ကြောင့် နိုင်သူနှင့် ရှုံးသူတို့ကို ဘယ်လို စီမံခန့်ခွဲမလဲ how is manage own winner and loser ဆိုသောပြဿနာသည်၊ တရုတ်ပြည်တွင် အလွန်အရေးပါလာလိမ့်မည်ဟု ထောက်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com


မိသားစု family နှင့် လူ့အဖွဲ့အစည်း society တို့သည် သဘာဝချင်း မတူပေ။ အခြေခံအရ အလွန်ခြားနားသည်။ ထို့ကြောင့် တရုတ်ပြည်တွင်း ပြဿနာတို့ကို၊ မိသားစုဖြေရှင်းနည်းမျိုး ဖြေရှင်းလို့မရနိုင်ပေ။ မိသားစု၌ ဖခင်ကကြီးစိုးသည်။ လူ့အဖွဲ့အစည်း၌ ဤလို ဖခင်ကြီးစိုးမှုမျိုး ယခုခေတ်၌ မရှိနိုင်တော့ပေ။ ဆိုလိုရင်းမှာ နိုင်သူ၊ ရှုံးသူတို့ကို စီမံခန့်ခွဲမှုတွင် ဖခင်ပုံစံမျိုးဖြင့် မဖြေရှင်းနိုင်ခြင်းကို၊ ရည်ညွှန်းခြင်းဖြစ်သည်။

ဈေးကွက်စီးပွားရေး၌ နိုင်သူ–ရှုံးသူ ပြဿနာကို ဈေးကွက်က ဖြေရှင်းပေးသွားသည်။ ဈေးကွက်မူကို ဂရုမမူဘဲ၊ နိုင်သူ–ရှုံးသူပြဿနာကို patronage နီးစပ်ရာကို စောင်မကြည့်ရှုသည့် ပုံစံမျိုးဖြင့် ကိုင်တွယ်လျှင်၊ အကျပ်အတည်း တွေ့နိုင်သည်။

## တရုတ် ပြင်သစ်လို

အမေရိကန်၏ တရုတ်ရေးရာပေါ်လစီတို့မှာ ရောရောထွေးထွေး ဖြစ်နေသည်။ ၂၀ ရာစုနှစ် ပထမတစ်ဝက်က၊ ဗြိတိသျှအင်ပါယာအပေါ် အမေရိကန် သဘောထားတွေ ရှုပ်ထွေးနေပုံမျိုးနှင့် ဆင်တူသည်။ ကနေဒါနှင့် ဩစတြေး လီးယားကဲ့သို့ ဒိုမီနီယံနိုင်ငံတို့ကို အမေရိကားက ထောက်ခံသည်။ အဘယ့် ကြောင့်ဆိုသော် နှစ်နိုင်ငံစလုံးသည်၊ လူဖြူနှင့် ဒီမိုကရေစီတွေ ဖြစ်သော ကြောင့်ဖြစ်သည်။ အမေရိကားနှင့်တူညီ၍ ထောက်ခံခဲ့သည်။ သို့သော် အိန္ဒိယနှင့် အခြား ကိုလိုနီနိုင်ငံတို့ကိစ္စတွင်မူ၊ အမေရိကားသည် ဗြိတိသျှအင်ပါယာအား မထောက်ခံခဲ့ပေ။

ယခုအခြေအနေ၌ စီးပွားရေးဘက်မှ ဖွံ့ဖြိုးတိုးတက်ပုံကိုကြည့်၍၊ နိုင်ငံရေးဘက်တွင် ပိုပြီးလစ်ဘရယ်ဆန်လာမလား (သို့တည်းမဟုတ်) ပိုပြီး အမျိုးသားရေးဆန်လာမလား၊ အမျိုးသားရေး ပိုဆန်ပြီး၊ ပိုပြီးအထိမခံ ရွှေပုဂံ touchy ဖြစ်မလား စသည်ဖြင့် စောင့်ကြည့်နေရသည်။ တစ်ဆက်တည်းတွင် အမေရိကန် စူပါ ပါဝါကဲ့သို့ ပြည်ပသို့ အင်အားမဖြန့်ပေ။ free projection မလုပ်ဟု ဆိုသည်။ ထို့အပြင် သူများပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုလည်း မပြုပေ။

www.burmeseclassic.com

www.burmeseclassic.com


ဤနေရာတွင် တရုတ်ပြည်တွင်းရေးရာနှင့်ပတ်သက်၍ အတွေး အခေါ် ဂိုဏ်းနှစ်ဂိုဏ်း ပေါ်လာသည်။ သရုပ်မှန်ဂိုဏ်း realist school က နိုးကြား တက်ကြွလာသော တရုတ်ပြည်နှင့်၊ ပိုနေမြဲ ကျားနေမြဲ status quo၌နေသော အမေရိကားတို့သည်၊ မလွဲမရှောင်သာ ပဋိပက္ခဖြစ်ရမည်ဟု ကောက်ချက်ချ သည်။ စိတ်ကူးယဉ်ဂိုဏ်း idealist school ကမူ၊ ဆန်းသစ်လာသော တရုတ် ပြည်သည် ပြင်သစ်နှင့် တူလာမည်ဟု ဆိုသည်။ ပြင်သစ်နှင့် အမေရိကား တို့သည် တကျက်ကျက်ရန်ဖြစ်သော်လည်း ရန်သူမဟုတ်ကြပေ။ တရုတ်ပြည် သည်လည်း အမေရိကားနှင့် တကျက်ကျက်ရန်ဖြစ်ရင်း၊ အကောင်းဆုံးချစ်စရာ သူငယ်ချင်း The best buddies ဖြစ်လာနိုင်မည်ဟု အကဲခတ်သည်။

## ငြိမ်းချမ်းစွာ

ဟောင်ကောင်ဘုရင်ခံဟောင်း ခရစ္စပက်တန်အမြင်၌၊ အခြားသမိုင်း ပညာရှင်များ ထင်သလိုမဟုတ်ဘဲ၊ တရုတ်ပြည်သည် အပြောင်းအလဲကို ငြိမ်း ချမ်းစွာဖြစ်ပေါ်လာအောင် စီမံနိုင်သည်။ တရုတ်သမိုင်း၏ ပြီးခဲ့သောရာစုနှစ် ကိုကြည့်လျှင် သွေးထွက်သံယိုမှုတွေ ပြည့်နှက်နေခဲ့သည်။ တရုတ်ပြည်သည် ခေတ်သစ်ပြဿနာတို့ကို၊ တဖြည်းဖြည်း တံခါးဖွင့်ပေးရင်း၊ ရင်ဆိုင်တွေ့နေရ သည်။ ပြဿနာဟောင်းတို့ကို ငြိမ်းချမ်းစွာ မဖြေရှင်းနိုင်ခဲ့သည်ကိုကြည့်၍၊ ပြဿနာအသစ်တို့ကိုလည်း ဖြေရှင်းနိုင်ဖွယ်ရာမရှိဟု အချို့က မြင်ကြသည်။

ခရစ္စပက်တန်ကမူ ဤအမြင်ကို ဆန့်ကျင်သည်။ တရုတ်ပြည်သည် ယခုအခါ မျိုးဆက်သစ်တို့နှင့် လှုပ်ရှားနေသည်။ မျိုးဆက်သစ်တို့က တက် တက်ကြွကြွလန်းဆန်း နေကြသည်။ သူတို့သည် ပြဿနာအသစ်တို့ကို ကိုင် တွယ်နိုင်ပါ့မလားဆိုပြီး ဂနာမငြိမ်နှင့် စောင့်ကြည့်ရန်မဟုတ်ပါဟု ခရစ္စပက် တန်က ပြောပြသည်။ လူ့အဖွဲ့အစည်း၏ စီးပွားရေး၊ လူမှုရေးပိုင်း တံခါးတို့ကို၊ နိုင်ငံရေးတွင် သံမဏိလို ချုပ်ကိုင်ပြီး ဖွင့်လို့မရနိုင်ပေ။

တရုတ်ပြည်၏ အနာဂတ်အကြောင်း၊ ယခုအခါ ထောင့်မျိုးစုံမှ အချေ အတင် ဝေဖန်သုံးသပ်လျက်ရှိသည်။

ဩဂုတ်၊ ၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

# တစ်ဦးတည်းကျိတ်ဝါဒ
# ဒကာပြင်းသလား
# မှန်းဆချက်တွေလွဲ

"အီရတ်စစ်ပွဲနှင့် ၎င်းနောက်ကာလအဖြစ်အပျက်တို့သည် "တစ်ကိုယ် တည်းကျိတ်မယ်" ပေါ်လစီ၏အခက်အခဲတို့ကို မီးမောင်းထိုးပြရုံမျှသာမက၊ စစ်မတိုက်မီက လက်ခံထားခဲ့သော မှန်းဆချက် assumptions အချို့မှာ၊ မှန်းဆသလို ဖြစ်မလာသော အချက်တို့ကလည်း ပေါ်လာသည်။ အချို့ မှန်းဆချက်တို့သည် တက်တက်စင်လွဲသည်။"

## အပြို နှစ်ရပ်

"တစ်ဦးတည်းကျိတ်မယ်" going it alone ဆိုသော စကားသည် အမေရိကန်ရူပါပါဝါ၏ လက်သုံးစကားဖြစ်ခဲ့သည်။ အီရတ်စစ်ပွဲသည် "တစ်ဦးတည်းကျိတ်မယ်" ပေါ်လစီကို လက်တွေ့အကောင်အထည်ဖော်လိုက်သော ဖြစ်ရပ်ဖြစ်သည်။ ယခုလက်တွေ့ ဘာတွေ့လာသနည်းဆိုသော်၊ "တစ်ဦးတည်းကျိတ်မယ်" ဆိုသော ပေါ်လစီသည် မဖြစ်နိုင် impossibility ဟူ၍တော့ မဆိုနိုင်၊ သို့သော် နာကျင်မှုပြင်းသည်ကို တွေ့လိုက်ရပြီး painful policyအဖြစ် သက်သေပြလာပြီ။

စစ်ဆင်ရေးပိုင်း၌ "တစ်ဦးတည်းကျိတ်မယ်" ပေါ်လစီသည် အောင်မြင်သည်။ သို့သော် စစ်အပြီးတွင် စီမံမှု post - war management ၌ ကား အလွန်ခက်လာသည်၊ အလွန်ရှုပ်လာသည်။ ဆန်းစစ်သူတစ်ဦး၏ အဆိုအရ၊ အပြိုနှစ်ပြိုတစ်ပြိုင်နက်တည်း ဖြစ်လာသောကြောင့် ဤသို့ရှုပ်ထွေးသွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ပထမအပြိုမှာ၊ ဆဒမ်ဟူစိန်အုပ်စိုးမှု ပြိုကျသွားခြင်းဖြစ်သည်။ ဘာမှားသွားသနည်းဆိုသော်– အီရတ်စစ်တပ်ကို ဖျက်သိမ်းပစ်လိုက်သော အမှား ဖြစ်သည်။

ဒုတိယအပြိုသည်၊ အီရတ်ရှိ စုန္နီမွတ်ဆလင်နှင့် ရှီယက်မွတ်ဆလင်တို့ကြားရှိ ချိန်ခွင်လျှာနှင့်၊ အီရတ်ရှိ အာရပ်နှင့် ကာ(ဒ်)တို့ကြားရှိ ချိန်ခွင်လျှာ ပြိုပျက်သွားခြင်းဖြစ်သည်။ ရှီယက်ဗလီနှင့် ဗလီဝတ်ပြုသူတို့ကို ကားဗုံးထောင် ဖောက်ခွဲသည်။ ဘဂ္ဂဒက်ရှိ စုန္နီဗလီကို ရှီယက်တို့က ဝင်တိုက်သည်။ အီရတ်မြောက်ပိုင်းတွင် အာရပ်နှင့်ကာဒ်လူမျိုးတို့ကြား မကြာခဏတိုက်ခိုက်မှုတွေ ဖြစ်ပွားသည်။ ဆဒမ်ဟူစိန်လိုလားသူတို့နှင့် နိုင်ငံခြားမှ ရောက်ရှိလာသော အကြမ်းဖက်သမားတို့က ပြောက်ကျားစစ်ဆင်နွှဲလာသည်။

## ဘာရည်ရွယ်ချက်လဲ

ထို့အပြင် ကုလသမဂ္ဂရုံးကိုလည်း ကားဗုံးထောင် တိုက်ခိုက်သည်။ အီရတ်စစ်ပွဲကိုနိုင်အောင် တိုက်ခိုက်နိုင်သည်။ သို့သော် စစ်အပြီး အီရတ်ကို၊ ငြိမ်အောင် မအုပ်ချုပ်နိုင်သောသဘော ပေါ်လာသည်။ "တစ်ဦးတည်းကျိတ်မယ်" ပေါ်လစီသည် နာကျင်မှုကြီးတွေကို မွေးထုတ်ထားပြီ။

ဤအခြေအနေတွင် ကုလသမဂ္ဂ၏ ဝင်ရောက်စွက်ဖက်မှုကို၊ အမေရိကန်က ကမ်းလှမ်းလိုက်သည်။ ကုလသမဂ္ဂတပ်တွေစေလွှတ်လျှင် လက်ခံမည်ဟု ပြောလာသည်။ အီရတ်တွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ တိုးချဲ့ပေးရန်၊ အမေရိကန်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဆိုတစ်ရပ် တင်သွင်းထားသည်။

ဤတွင်၊ အီရတ်၌ ကုလသမဂ္ဂ၏ကဏ္ဍကို ဘယ်လိုရှုမြင်မလဲဟု၊ လေးလေးနက်နက်စဉ်းစားရန် အခွင့်အခါပေါ်လာသည်။ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂ အဆောက်အအုံကြီးကို ကားဗုံးထောင် တိုက်ခိုက်ပြလိုက်ကြသောကြောင့်၊ အစွန်းရောက် အကြမ်းဖက်သမားတို့က ကုလသမဂ္ဂကို အီရတ်၌မလိုချင်ဟု အချက်ပြလိုက်သလို ဖြစ်နေသည်။ တစ်ဖန် အီရတ်တောင်ပိုင်းရှိ ရှီယက်ဗလီ

www.burmeseclassic.com

www.burmeseclassic.com


ကြီးကို တိုက်ခိုက်လိုက်သဖြင့်၊ အီရတ်တွင် ရှီယက်ဩဇာကို အလိုမရှိကြောင်း မက်ဆေ့(ချ်) စကားဆိုလိုက်သလိုလည်း ဖြစ်သွားပြန်သည်။

ကုလသမဂ္ဂအဆောက်အအုံကြီးကို ကားဗုံးထောင် တိုက်ခိုက်ပြလိုက်ခြင်းနှင့်၊ ရှီယက်ဗလီကြီးကို တိုက်ခိုက်ပြလိုက်ခြင်းတို့သည်၊ မည်သည့်အဓိပ္ပာယ်ကို ဆောင်ပါသနည်း။ အဖွဲ့အကြီးကြီးတို့ကို ဖျက်ဆီးပစ်နိုင်သည်ဟု စွမ်းအားကို ပြသရုံသက်သက်လော။ သို့တည်းမဟုတ် သည့်ထက်ကြီးသော ရည်ရွယ်ချက်တွေရှိသလော။ တိတိကျကျမသိရသေးပေ။

## ခပ်ကြမ်းကြမ်း အင်အား

ကြည့်ရသလောက်၌ အီရတ်အရေးကိစ္စတွင်၊ raw power အင်အား ခပ်ကြမ်းကြမ်းသုံးစွဲရမည့်အနေအထား ရှိနေသည်။ ဤအကြမ်းထည်အင်အားကို၊ ကုလသမဂ္ဂတပ်ကိုက အသုံးပြုနိုင်သော အရည်အချင်းနှင့် အခွင့်အာဏာ capacity and mandate ရှိပါသလောဟု၊ စိစစ်ကြည့်ရန်လိုလာသည်။ ဝင်ရောက်ချထားမည့် နိုင်ငံပေါင်းစုံမှ ကုလသမဂ္ဂတပ်တို့သည်၊ အီရတ်အတိုက်အခံ အင်အားစုတို့ကို စစ်ရေးအရဖြစ်စေ၊ ရဲအာဏာအရဖြစ်စေ ခပ်ကြမ်းကြမ်း ခပ်ပြင်းပြင်း ကိုင်တွယ်ရန် အလွန်ခက်မည်။

အကြောင်းမူ ကုလသမဂ္ဂတပ်တို့ဆိုသည်မှာ၊ နိုင်ငံပေါင်းစုံမှတပ်များဖြစ်၍၊ စစ်ရေးအရ တိုက်ရည်ခိုက်ရည် သိပ်ရှိစရာအကြောင်းရှိမည် မဟုတ်ပေ။ အမေရိကန်တပ်တို့လောက် အဘယ်မှာ စွမ်းရည်ရှိနိုင်ပါမည်နည်း။ တစ်ဖန် အခွင့်အာဏာလည်း ရှိမည်မဟုတ်။ ကုလသမဂ္ဂတပ်တို့သည် ပြည်သိမ်းတပ်များ မဟုတ်လေရကား၊ ငြိမ်းချမ်းရေးထိန်းသိမ်းရုံတပ်လောက် symbolic presence သင်္ကေတအရှိသာ ပြုလုပ်နိုင်မည်။ raw power ခပ်ကြမ်းကြမ်းအင်အား သုံးစွဲတိုက်ခိုက်မှုမျိုးတို့ကို လုပ်နိုင်မည်မဟုတ်ဟု ယူဆရသည်။

အီရတ်စစ်ပွဲနှင့် ၎င်းနောက်ကာလအဖြစ်အပျက်တို့သည် "တစ်ကိုယ်တည်းကျိတ်မယ်" ပေါ်လစီ၏အခက်အခဲတို့ကို မီးမောင်းထိုးပြရုံမျှသာမက၊ စစ်မတိုက်မီက လက်ခံထားခဲ့သော မှန်းဆချက် assumptions အချို့မှာ၊ မှန်းဆသလို ဖြစ်မလာသောအချက်တို့ကလည်း ပေါ်လာသည်။ အချို့ မှန်းဆချက်တို့သည် တက်တက်စင်လွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



## မှန်းဆချက်များအောက်

ပထမမှန်းဆချက် ၊ ဆဒမ်ဟူစိန်၌ ၄၅ မိနစ်အတွင်း ပြင်ဆင်တပ်ဆင်ပြီး၊ ပစ်ခတ်နိုင်သော ဇီဝနှင့်ဓါတုဗေဒလက်နက်တွေ ရှိသည်ဆိုသော မှန်းဆချက်ဖြစ်သည်။ ဤမှန်းဆချက်သည် တက်တက်စင်လွဲသွားသည်။

ဒုတိယမှန်းဆချက် ၊ အမေရိကန်တပ်တွေဝင်သည်နှင့် အီရတ်လူထုကြီးက ဆဒမ်ဟူစိန်ကို ပုန်ကန်ထကြွလိမ့်မည်ဆိုသော မှန်းဆချက်။ ဤမှန်းဆချက်လည်း မှန်းဆထားသလိုဖြစ်မလာ။

တတိယမှန်းဆချက် ၊ အီရတ်ကို သိမ်းပိုက်ပြီးသည်နှင့် ပြည်တွင်းလုံခြုံရေးပြဿနာတွေ သိပ်ပေါ်ပေါက်စရာမရှိဟု မှန်းဆသည်။ ထင်တာနှင့် လွဲသွားသည်။

စတုတ္ထမှန်းဆချက်၊ ရေ မီး လျှပ်စစ်အင်အားတို့သည် ပြတ်လပ်ပြတ်တောက် သွားစရာမရှိဟု မှန်းဆသည်။ ဤမှန်းဆချက်လည်း လွဲသွားသည်။

ပဥ္စမမှန်းဆချက်၊ အီရတ်ရေနံတွင်းတွေ အမြန်ဆုံးပြန်လည်ပြင်ဆင်ပြီး၊ အမြန်ဆုံး ရေနံရောင်းချနိုင်မည်ဟု မှန်းဆသည်။ အနည်းငယ် လွဲသွားသည်။

ဆဋ္ဌမမှန်းဆချက်၊ ရှီယက်ဘာသာဝင်တို့၏ အကူအညီထောက်ခံမှုကို အများဆုံးရရှိလိမ့်မည်ဟု မှန်းဆသည်။ မှန်းဆသလို မရခဲ့ပေ။

သတ္တမမှန်းဆချက်၊ ပြောက်ကျားစစ်ပွဲ တိုက်ခိုက်ရလိမ့်မည်မဟုတ်ဟု မှန်းဆခဲ့သည်။ ယခု ပြောက်ကျားစစ် ဆင်နွှဲနေရသည်။

အဋ္ဌမမှန်းဆချက်၊ ဆဒမ်ဟူစိန်ကို လွယ်လွယ်နှင့်ဖမ်းမိလိမ့်မည်ဟု မှန်းဆခဲ့သည်။

သို့ဖြင့် တစ်ဦးတည်းကျိတ်ရေးပေါ်လစီတို့၏ လက်တွေ့အကျိုးဆက်တို့ကို မြင်နေရပြီ။

စက်တင်ဘာ၊ ၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံရေးညှိမျှခြင်းနှင့် အကြွင်းမရှိ အနှောင့်အယှက် အစ္စရေး–ပါလက်စတိုင်း ဒိုင်းနမစ်

“သမိုင်းကို ပုံလောင်းရာ၌လည်းကောင်း၊ အဖြစ်အပျက်တို့ကို ပုံလောင်းရာ၌ လည်းကောင်း၊ လူပုဂ္ဂိုလ်ခေါင်းဆောင်တို့က ကြီးကျယ်စွာ ပါဝင်နေဆဲပင် ဖြစ်သည်။ ထို့ကြောင့် လူပုဂ္ဂိုလ်၏ အခန်းကဏ္ဍကို မှန်ကန်စွာအကဲဖြတ်နိုင်ရန် လိုသည်။”

## အာရာဖတ်ကို နယ်နှင်ရန်

အစ္စရေးဝန်ကြီးချုပ် ရှာရွန်က၊ ပါလက်စတိုင်းခေါင်းဆောင် အာရဖတ်ကို ‘အကြွင်းမရှိသော အနှောင့်အယှက်’ absolute obstacle ဟု၊ ဆိုလိုက်သည်။ အစ္စရေး–ပါလက်စတိုင်း ပဋိပက္ခတွင်၊ အပြန်အလှန် လက်စားချေရေးသည်သာ အဓိကလွှမ်းမိုးနေသော နိုင်ငံရေးဖြစ်လေရာ၊ စင်စစ်တွေးကြည့်လျှင် ဤလို နိုင်ငံရေးကသာ အကြွင်းမရှိသော အနှောင့်အယှက်ဖြစ်အပ်သည်။

www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝေဒနာခံစားမှုတို့ ပြင်းထန်လွန်းနေရာ၊ ခေါင်းအေးအေးနှင့် စဉ်းစားရသော အဖြေတို့သည်၊ အပူတိုက်ထဲ လောင်ကျွမ်းကုန်ကြတော့မည်သာ ဖြစ်သည်။ ဂေါ့(ဒ်)တွေ ဆင်းပြောတောင် ရမည့်ပုံမရှိပြီ။ ယခုနောက်ဆုံး အစ္စရေး ဝန်ကြီးများအဖွဲ့က၊ အာရဖတ်ကို ပါလက်စတိုင်းနယ်မြေမှ ပြည်နှင်ဒဏ်ပေးမည်ဟု၊ ဆုံးဖြတ်လိုက်သည့်အထိ ဖြစ်လာသည်။

အာရာဖတ်ကလည်း၊ သူ့ကို ဘယ်သူကမှ ပါလက်စတိုင်းနယ်မြေ(ရာမလာ) မှ မကန်ထုတ်ပစ်နိုင်ဟု ပြန်ချေပသည်။ အစ္စရေးက အာရဖတ်ကို နှင်ထုတ်မည်ဟု ကြေညာပြီးသည်နှင့်၊ အာရဖတ်ကို ထောက်ခံသော ပါလက်စတိုင်းသားတို့က လမ်းပေါ်ထွက်၍ ဆန္ဒပြကြသည်။ ပါလက်စတိုင်းဝန်ကြီးချုပ်သစ် ကိုရဲလ်ကလည်း၊ ပါလက်စတိုင်း အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းရန် အစီအစဉ်ကို၊ ရပ်ဆိုင်းလိုက်သည်။

အမေရိကန်ရေးဆွဲပေးသော လမ်းပြမြေပုံသည်၊ စကတည်းက ပျက်ပြားနေသည်ဟု ဝေဖန်သူတို့က 'အစက ငါမပြောလား၊ သဘောမျိုးများ ရေးသားလာကြသည်။ သူတို့က လမ်းပြမြေပုံတွင် အာရာဖတ်အား ကြဉ်ထားရန်၊ ဘေးဖယ်ထားရန် အကြံအစည်ကြောင့် လမ်းပြမြေပုံပျက်ရသည်ဟု ဆိုခဲ့ကြသည်။

## ဘယ်သူအမိန့်ပေး

ယခု နိုင်ငံရေးညီမျှခြင်း political equation အကြောင်း၊ ဆွေးနွေးတင်ပြရန် ဖြစ်လာသည်။ အာရာဖတ်အား အကြွင်းမရှိသော အနှောင့်အယှက်ဟု အစ္စရေးဘက်မှ ဆုံးဖြတ်လိုက်သောကြောင့်၊ အစ္စရေး–ပါလက်စတိုင်းနိုင်ငံရေးညီမျှခြင်းတွင် အဘယ်ပုံအပြောင်းအလဲ ဖြစ်သွားနိုင်သနည်း။

ဤနေရာ၌ အပိုင်းနှစ်ပိုင်းရှိသည်။

ပထမအပိုင်းမှာ၊ ဤညီမျှခြင်းကို မည်သူက အမိန့်ပေးသလဲဆိုသော အပိုင်းဖြစ်သည်၊ who dictate the equation ဟု ဆိုသည်။

ဒုတိယပိုင်းမှာ၊ ဤညီမျှခြင်းတွင် ကိန်းရှင်များအဖြစ် ပါဝင်နေသော ပလေယာတို့အပိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ပထမပိုင်းကိစ္စ၌ ယေဘုယျအားဖြင့်ပြောလျှင်၊ ပလေယာတို့၏ အင်အားက အထူးစကားပြောမည်ဟု ဆိုရမည်။ အစ္စရေး–ပါလက်စတိုင်း နိုင်ငံရေး၌၊ နှစ်ဖက်အင်အားတို့ကို အစွန်းရောက်အင်အားနှင့် အလယ်အလတ် အင်အား extremist and moderate တို့ဟူ၍၊ ခွဲခြားကြည့်ကြသည်။ ပါလက်စတိုင်းဘက်၌လည်း အလယ်အလတ်အင်အားစုတို့က အများစုဖြစ်ဖွယ်ရှိသည်။ အစ္စရေးဘက်၌လည်း အလယ်အလတ်အင်အားစုတို့က၊ အများစုဖြစ်ဟန်ရှိသည်။ သို့သော် နှစ်ဖက်ရှိ ဤအများစုကြီးသည် ပါလက်စတိုင်းဘက်၌လည်း ဩဇာမညောင်း၊ အစ္စရေးဘက်၌လည်း ဩဇာမညောင်း။

ပါလက်စတိုင်းဘက်မှ အစွန်းရောက်အင်အားစု၊ အစ္စရေးဘက်မှ အစွန်းရောက်အင်အားစုတို့က နှစ်ဖက်နိုင်ငံရေးတွင်၊ အသံကျယ်ကျယ်နှင့် အသီးသီးနေရာယူ လွှမ်းမိုးထားကြသည်ကို တွေ့ရသည်။ ဤအစွန်းရောက် အင်အားစုသည် လူနည်းစုဖြစ်သော်လည်း၊ သူတို့ဆောင်ရွက်သော ခပ်ပြင်းပြင်းလုပ်ဆောင်မှုတို့ကြောင့်၊ သူတို့အသံတို့ကသာ ပို၍ဟိန်းနေသည်။ သူတို့သည်၊ အလယ်အလတ် အင်အားစုတို့အပေါ် အသံကျယ်လောင်စွာအော်၍၊ ဖုံးလွှမ်းထားသည်။

ဆိုလိုရင်းပြောရလျှင် အစ္စရေး ပါလက်စတိုင်းနိုင်ငံရေး ညီမျှခြင်းတွင်၊ နှစ်ဖက်အစွန်း ရောက်အင်အားစုတို့က အမိန့်ပေးနေသည်ဟု ဆိုရမည်။

## ပြည်တွင်းနိုင်ငံရေး ဒိုင်းနမစ်

သမိုင်း၌ ဖြစ်စေ၊ ခေတ်ပြိုင်ရေးရာတို့၌ ဖြစ်စေ၊ လူပုဂ္ဂိုလ်၏ကဏ္ဍ role of personality သည် ကြီးစွာသောအခန်းက ပါနေဆဲဖြစ်သည်။ သမိုင်းကို ပုံလောင်းရာ၌လည်းကောင်း၊ အဖြစ်အပျက်တို့ကို ပုံလောင်းရာ၌လည်းကောင်း၊ လူပုဂ္ဂိုလ်ခေါင်းဆောင်တို့က ကြီးကျယ်စွာပါဝင်နေဆဲပင် ဖြစ်သည်။ ထို့ကြောင့် လူပုဂ္ဂိုလ်၏အခန်းကဏ္ဍကို မှန်ကန်စွာ အကဲဖြတ်နိုင်ရန်လိုသည်။ ဤ အကဲဖြတ်မှုလွဲသည်နှင့် နိုင်ငံရေးညီမျှခြင်း တစ်ခုလုံးသည်လည်း ဗလောင်ဆန်ကုန်ဖွယ်ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com


ဤနေရာ၌ ပြည်တွင်းနိုင်ငံရေး၏ ဒိုင်းနမစ် dymanics of domestic policy အကြောင်းကို ပြောလာကြသည်။ အာရာဖတ်ကို ဝိုင်းပယ်ရေး၊ ဖယ်ရှားရေးမှုကို အစ္စရေးဘက်မှ ကြိုးစားသည်ကို၊ အမေရိကန်က နားလည်မှုဖြင့် ထောက်ခံမှုပေးခဲ့သည်။ ဤသို့ ပြုလုပ်ခါမှ၊ အာရာဖတ်ကို ပါလက်စတိုင်းတို့၏ ထောက်ခံမှုနှင့် အာရပ်ကမ္ဘာ၏ ထောက်ခံမှုတို့က၊ ပို၍ များပြားတတ်ကြွလာသည်။ ဤအချက်ကိုထောက်ရှု၍ အစ္စရေး–ပါလက်စတိုင်း နိုင်ငံရေးညှိမှုခြင်းတွင်၊ အာရာဖတ်ကို ထည့်တွက်ရမည့် ကိန်းရှင်အဖြစ် သဘောထားရန်လိုလာကြောင်း ပေါ်လွင်လာသည်။

ကြိုက်သော်ရှိ–မကြိုက်သော်ရှိ လမ်းပြမြေပုံ အသက်ပြန်ဝင်လိုလျှင် အာရာဖတ်နှင့် စေ့စပ်ရမည်၊ ဆက်ဆံရမည်။ အမေရိကန်က ထောက်ခံသော မာမွတ်အာဘာ(စ်)သည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားရပြီ။ ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံရေးသုံးသပ်သူတို့က ဆန္ဒနှင့် စွမ်းဆောင်ရည်အကြောင်း ဆွေးနွေးကြသည်။ မာမွတ်အာဘာ(စ်)သည် ပါလက်စတိုင်း အကြမ်းဖက်အုပ်စုတို့ကို ဖယ်ရှားလိုသော ဆန္ဒရှိသည်။ သို့သော် ဤသို့ဆောင်ရွက်ရန် ဆောင်ရွက်နိုင်စွမ်း capacity မရှိပေ။ အစ္စရေးဝန်ကြီးချုပ်ရှာရွန်သည် လမ်းပြမြေပုံကို အကောင်အထည်ဖော်ရန်၊ စွမ်းဆောင်နိုင်ရန်ရှိသည်၊ သို့သော် ဆန္ဒမရှိ။

## ပုံပြောပုံချင်းခြား

အစ္စရေး–ပါလက်စတိုင်း ပဋိပက္ခအရေးတွင် realities အခြေအနေအစစ်အမှန်အကြောင်း အတော်ပြောနေကြသည်။ သို့သော် ဤအစစ်အမှန်တို့ကို သရုပ်ဖော်ရှင်းလင်းရာတွင်မူ ပုံပြင်တို့က ခြားနားနေကြသည်။ Palestine narrative နှင့် Israli narative တို့ဆိုပြီး ခွဲခြားပြောဆိုလာကြသည်။ အစစ်အမှန်အကြောင်း ပုံပြောပုံချင်း မတူကြပေ။ တူညီသောဝတ္ထု ရဖို့ကသိပ်ခက်သည်။

မည်သို့ပင်ဖြစ်စေ၊ အရှေ့အလယ်ပိုင်းအရေး ကျွမ်းကျင်သူပညာရှင်တစ်ဦးက၊ တကယ့်အစစ်အမှန်နှစ်ခုရှိပုံကို ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com


ပထမအစစ်အမှန်မှာ၊ အစ္စရေးသည် အကြမ်းဖက်တိုက်ခိုက်မှုတို့ကို အလျှော့ပေး အညံ့ခံလိမ့်မည် မဟုတ်ဟူသောအချက် ဖြစ်သည်။

ဒုတိယအစစ်အမှန်မှာ၊ မည်သည့် ပါလက်စတိုင်းအစိုးရကမျှ ဟားမတ်(စ်)လို အကြမ်းဖက်အုပ်စုတို့ကို၊ ပါလက်စတိုင်း ပြည်သူလူထု၏ ထောက်ခံမှုမရရှိဘဲ မဖြိုဖျက်ပစ်နိုင်။ ပါလက်စတိုင်း ပြည်သူလူထု၏ ထောက်ခံမှုကို ရရှိနိုင်ဖွယ်လည်းမရှိဟု ဆိုသောအချက် ဖြစ်သည်။

ကြားဝင်ဖျန်ဖြေသော အမေရိကန်အဖို့လည်း၊ ပါလက်စတိုင်း ပြည်တွင်းနိုင်ငံရေး ဒိုင်းနမစ်ကို၊ သေသေချာချာ သိရှိရန်လိုသည်။ ယခု ဖြစ်ထွန်းလာသော အကျပ်အတည်းအသစ်ကြောင့် လမ်းပြမြေပုံသည် ပျက်စီးရတော့မည့် ကိန်း ဆိုက်နေသည်။ ပါလက်စတိုင်း ပြည်တွင်းနိုင်ငံရေး ဒိုင်းနမစ်တွင်၊ အမေရိကန်က ဝင်ရောက်စွက်ဖက်ပြီး လမ်းပြမြေပုံကို အကောင်အထည်ဖော်ရန်၊ အချို့က အကြံပေးသည်။ အီရတ်တွင် မီမီလက် မီးလောင်နေသဖြင့် ဤအကြံဉာဏ်ကို လက်ခံမည်ပုံ မရှိပေ။ ကိုယ့်ဆီ မီးပြန်ရိုက်မည့် backfire ကို ကြောက်နေသည်။

အချို့က ပါလက်စတိုင်းတို့အပေါ် ပေးထားသော ဖိအားတို့ကို၊ အစ္စရေးက လျှော့ပေးစေခြင်းဖြင့် လမ်းပြမြေပုံကို ကယ်တင်မလားဟု၊ မေးခွန်းထုတ်သည်။ နိုင်ငံရေးညီမျှခြင်းသဘောက ဗလောင်ဆန်နေပြီ။

စက်တင်ဘာ၊ ၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

# ကန့်ကွက်ကန်း ကမ္ဘာ့ကုန်သွယ်ရေးညီလာခံ ဘာကြောင့်ပျက်

“ကုန်သွယ်ရေးကို လက်နက်အဖြစ် အသုံးပြုသည်ဆိုသည်မှာ၊ ချမ်းသာသောနိုင်ငံတို့နှင့် ဆင်းရဲသောနိုင်ငံတို့ကြား ကုန်သွယ်ရေး ကွာဟမှုမညီမျှမှု trade imbalance တို့ကို ကျဉ်းပစ်ရေးမည် ၏ဟု ပြောလာကြသည်။”

## ဝါ ထောက်ပံ့ကြေး

ပြဿနာကို စတင်မီးမွှေးပေးလိုက်သည့်အရေးမှာ ဝါဂွမ်းဖြစ်သည်။ အမေရိကန်အစိုးရက အမေရိကန် ဝါစိုက်ပျိုးသူတို့ကို အကြီးအကျယ် ထောက်ပံ့ကြေး subsidy များ ပေးခဲ့သည်။ ဤသို့ ထောက်ပံ့ကြေးများ ရရှိသဖြင့် အမေရိကန်ဝါသည် ကမ္ဘာ့ဈေးကွက်၌ ဈေးလျှော့ရောင်းနိုင်ခဲ့သည်။

ဝါဈေးကျဆင်းသောအခါ အာဖရိကတိုက်မှ ဆီနင်း၊ မာလီ၊ ဘာဆူကီး စသည့် ဝါစိုက်ပျိုးသောနိုင်ငံတို့မှ ဝါစိုက်ပျိုးသူများ ဆုံးရှုံးကြသည်။ ထို့ကြောင့်၊

www.burmeseclassic.com

www.burmeseclassic.com


ထို အနောက်အာဖရိကနိုင်ငံတို့က မက္ကဆီကိုကန်ကွန်းမြို့၌ ကျင်းပပြုလုပ်နေသော ကမ္ဘာ့ကုန်သွယ်ရေးညီလာခံ၌၊ အမေရိကန် ဝါစိုက်ပျိုးသူတို့ကို အမေရိကန် အစိုးရက ပေးကမ်းနေသော ထောက်ပံ့ကြေးတို့ကို ဖြတ်တောက်ရန်နှင့်၊ အာဖရိက ဝါစိုက်သူများ ဆုံးရှုံးနစ်နာခဲ့သည့်အတွက် လျော်ကြေးပေးရန်တို့ကို တောင်းဆိုလာသည်။

ဤသို့ တောင်းဆိုသောအခါ တောင်အာဖရိကနိုင်ငံက သကြားပြဿနာကို တင်ပြလာသည်။ ဤပြဿနာသည် အီးယူခေါ် ဥရောပပြဿနာနှင့် ပို၍ သက်ဆိုင်သည်။ အီးယူသည် ကြံနှင့်သကြားချက်သည့် သီးနှံတို့ကို စိုက်ပျိုးသော ဥရောပတောင်သူတို့ကို ထောက်ပံ့ကြေးများ ကြီးစွာပေးထားသည်။ ဤသို့ ပေးထားသော ထောက်ပံ့ကြေးတို့ကို ဖြတ်တောက်ပေးရန် အဆိုပြုလာသည်။

ဤတွင်၊ အိန္ဒိယ၊ ဘရာဇီးလ်နှင့် အာဂျင်တီးနားတို့က ခြယ်လှယ်နေသော မဖွံ့ဖြိုးသောနိုင်ငံများအုပ်စု ဂျီ ၂၂ က၊ ဝင်ပြီး လှုလည်လုပ်လိုက်သည်။ ကုန်သွယ်ရေးစေ့စပ်မှုဆိုသည်မှာ ဝါ၊ သကြား စသည်ဖြင့်၊ ကုန်စည်တစ်ခုပြီး တစ်ခု လက်လီစိတ် စေ့စပ်ရန်မဟုတ်။ လယ်ယာသီးနှံအားလုံးကို တစ်ခါတည်း စေ့စပ်ဆွေးနွေးရန်ဖြစ်သည်ဆိုပြီး တင်ပြလိုက်သည်။ သို့ဖြင့် ကန်ကွန်း ကမ္ဘာ့ကုန်သွယ်ရေးညီလာခံကြီးလည်း ပျက်လေတော့သတည်း။

## မဟာပွဲးရှင်း

ကန်ကွန်းညီလာခံမတိုင်မီကပင် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ အိုင်ဒီအိုလိုဂျီတွေ ထွက်ပေါ်လျက်ရှိသည်။ မက္ကဆီကိုသမ္မတဟောင်း အာနက်(ဖ်)ဝန်ဇီဒီလိုက grand vision for world trade ဆိုပြီး လှုံ့ဆော်ခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအတွက် မဟာဗီးရှင်းကြီးဆိုပြီး၊ ဒြပ်မဲ့သော အဆိုပြုချက်တို့ကို ရေးသားသည်။

ကန်ကွန်း ကမ္ဘာ့ကုန်သွယ်ရေးညီလာခံ ပျက်ပြားသွားရသည်မှာ ပထမအကြိမ်မဟုတ်ပေ။ အမေရိကန်သမ္မတ ကလင်တန်လက်ထက် ဆီအဲလ်တဲ(လ) ညီလာခံသည်လည်း အလားတူပင် ပျက်ပြားသွားခဲ့ရသည်။ ဒိုဟာအကျော့ ညီလာခံ၌သာ ထိန်းထိန်းသိမ်းသိမ်းနှင့် ပြီးစီးသွားခဲ့သည်။ သို့သော် အကြမ်း

www.burmeseclassic.com

www.burmeseclassic.com


ဖက်မှုမပေါ်ရုံသာ ရှိသည်။ ဆုံးဖြတ်ချက်တို့ကား ရေရေရာရာ မရှိခဲ့ပေ။

အီးယူခေါ် ဥရောပသမဂ္ဂသည်လည်း ဂျီ ၂၂ ၏ ဝေဖန်တိုက်ခိုက်မှုတွင် ပစ်မှတ်ဖြစ်နေသည်။ အီးယူ၌ ဂျုံလယ်ယာစိုက်ပျိုးရေးပေါ်လစီ ချမှတ်ထားရာ ၎င်းကို cap ကက်(ပ်) ဟုခေါ်သည်။ ကက်(ပ်)က ဥရောပလယ်သမားတို့၏ သီးနှံတို့အား ဈေးနှုန်းမြှင့်ပေးထားခဲ့သည်။ price support ဟု ခေါ်သည်။ ဥရောပလယ်သမားတို့က ဈေးကောင်းရ၍ သီးနှံများ အလျှံပယ်ထုတ်လုပ်ပြန်သောအခါ၊ သီးနှံတွေ ဈေးကွက်၌ပိုလျှံနေသဖြင့် ဈေးကျဆင်းသွားခဲ့သည်။ ဤတွင် ဥရောပတောင်သူလယ်သမားတို့ ဆုံးရှုံးကြသည်။ ဈေးနိမ့်၍ရောင်းရသောကြောင့် တွေ့ကြုံရသောအရှုံးတို့ကို၊ ဥရောပအစိုးရတို့က ထောက်ပံ့ကြေးများ ပေးခဲ့သည်။ ယင်းကို export subsidy ဟုခေါ်သည်။ ပထမဈေးနှုန်း ထောက်ပံ့ကြေးပေးသည်။ သည့်နောက် ပို့ကုန်ထောက်ပံ့ကြေးပေးသည်။ ဥရောပ၏ ကက်(ပ်) ပေါ်လစီကလည်း၊ ဆင်းရဲသောနိုင်ငံတို့၏ တောင်သူလယ်သမားတို့အကျိုးကို၊ အကြီးအကျယ် ထိခိုက်စေသည်။

## ဂလိုဘယ်လိုက်ဇေးရှင်း

ယခု ဆင်းရဲမွဲတေမှုပပျောက်ရေး elimination of poverty ကို၊ ကမ္ဘာ့မဟာဗျူဟာအဖြစ် ချမှတ်ထားကြသည်။ ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် ပတ်သက်၍ နည်းလမ်းအမျိုးမျိုးကို ကြံဆကြလေရာ၊ ယခု နောက်ဆုံး ကုန်သွယ်ရေးကို ဆင်းရဲမွဲတေမှု လျှော့ပါးရေးအတွက် လက်နက်အဖြစ် အသုံးပြုရန် ဖော်ပြလာကြသည်။

ကုန်သွယ်ရေးကို လက်နက်အဖြစ် အသုံးပြုသည်ဆိုသည်မှာ၊ ချမ်းသာသောနိုင်ငံတို့နှင့် ဆင်းရဲသောနိုင်ငံတို့ကြား ကုန်သွယ်ရေးကွာဟမှု မညီမျှမှု trade imbalance တို့ကို၊ ကျဉ်းပစ်ရေးမည်၏ဟု ပြောလာကြသည်။ သို့ရာတွင် ကုန်သွယ်ရေး ချိန်ခွင်လျှာမှန်ရေးသည်၊ ဆင်းရဲမွဲတေမှု လျှော့ပါးရေးကို ဖြစ်ထွန်းစေပါသည်ဆိုသော ကောက်ချက်ကို၊ ဘောဂဗေဒ ပညာရှင်အများစုက ဝေဖန်တိုက်ခိုက်နေကြသည်။ ကုန်သွယ်ရေးနှင့် ဆင်းရဲမွဲတေမှု အဆက်အစပ်

www.burmeseclassic.com

www.burmeseclassic.com


အပေါ် သံသယရှိကြသည်။

အချို့သော သူတို့က ကမ္ဘာ့ကုန်သွယ်ရေး စီးဆင်းမှုကို ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ချိတ်ဆက်စဉ်းစားသည်။ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးသမားတို့က ကမ္ဘာ့ကုန်သွယ်ရေး ဖွံ့ဖြိုးမှုကိုလည်း၊ စောဒကတက် ကန့်ကွက်ခဲ့ကြသည်မှာ ဘယ်လိုမှ နားမလည်နိုင်ပေ။

စက်တင်ဘာ၊ ၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

# ထွက်ပေါက်မပေါ်သော ဗျူဟာ သာဖိအား တွေ့ရှိသနည်း

"စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြီးက၊ အလွန်လေးနက်သော အဓိပ္ပာယ်အသစ်တစ်ရပ်ကို ဖော်ထုတ် ခဲ့သည်။ ယင်းမှာ အမေရိကန် စူပါ ပါဝါကို၊ နိုင်ငံမဟုတ်သော အစိုးရမဟုတ်သော အုပ်စုတစ်စု non-state group က၊ ကိုင်လှုပ်နိုင်ကြောင်းကို ပြသသွားခြင်းဖြစ်သည်။"

## ထမ်းနိုင်မလား

စစ်အေးခေတ်ပြီးကတည်းက၊ ကမ္ဘာ့လုံခြုံရေးတာဝန် ဝန်ထုပ်ဝန်ပိုးကို၊ တစ်ဦးတည်း စူပါ ပါဝါဖြစ်လာသော အမေရိကားက၊ တစ်ဦးတည်း ထမ်းပိုးနိုင်ပါ့မလားဟု မေးခွန်းထုတ်ခဲ့ကြသည်။ အမေရိကားတစ်ဦးတည်း ကမ္ဘာ့လုံခြုံရေး ဝန်ထုပ်ကို ထမ်းနိုင်သည်ဟု ဖြေခဲ့ကြသည်။

ထို့နောက် စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက် တိုက်ခိုက်မှုကြီး ပေါ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြီးက၊ အလွန်လေးနက်သော အခိပ္ပာယ်အသစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့သည်။ ယင်းမှာ အမေရိကန် စူပါ ပါဝါကို၊ နိုင်ငံမဟုတ်သော အစိုးရမဟုတ်သော အုပ်စုတစ်စု non-state group က၊ ကိုင်လှုပ်နိုင်ကြောင်းကို ပြသသွားခြင်းဖြစ်သည်။

ဤအခြင်းအရာပေါ်ပေါက်ပြီးသည့်နောက်၊ နိုင်ငံတကာလုံခြုံရေးအတွက် တာဝန်ယူရသော စရိတ်စကတို့ကို ခန့်မှန်းတွက်ချက်ကြည့်ကြရာ၊ အလွန်များလိမ့်မည်ဟု တွက်ချက်မိကြသည်။ ဤမျှများပြားသော ကမ္ဘာ့လုံခြုံရေးစရိတ်ကို အမေရိကန် စူပါ ပါဝါက၊ တစ်ဦးတည်းကျခံလိုခြင်း မရှိတော့ပေ။ အမြင်ပြောင်းသွားသည်။

ယခု အီရတ်စစ်ပွဲကို အမေရိကန်စူပါပါဝါက တစ်ဦးတည်းသဘောဖြင့် ဆင်နွှဲခဲ့သည်။ စစ်တိုက်စရိတ် cost of waging war က သိပ်မကြီး။ သိမ်းပိုက်ပြီးသောအီရတ်ကို ပြန်လည်ထူထောင်ရေးစရိတ်က အလွန်ကြီးမားနေသည်။ သို့ဖြင့် စူပါ ပါဝါသည် ကုလသမဂ္ဂ၏အကူအညီကို တောင်းခံလျက်ရှိသည်။ ဤသည်မှ အချက်နှစ်ချက်ကို ကောက်နုတ်ယူနိုင်သည်။

## အောင်မြင်စွာ ဆုတ်ခွာခြင်း

ပထမအချက်မှာ ကမ္ဘာ့လုံခြုံရေး ပြဿနာသည် ယခင်ကနှင့်မတူတော့။ လုံခြုံရေးသက်သက်ဖြင့် ကိစ္စမပြီး။ ပြန်လည်ထူထောင်ရေးတို့၊ ပြန်လည်ရင်ကြားစေ့ရေး reconstruction and reconciliation တို့ကိုပါ ပူးတွဲလုပ်ဆောင်ပေးလာရသည်။

ယခု အီရတ်အရေးတွင် ကုလသမဂ္ဂက တက်တက်ကြွကြွ မပါဝင်ချင်။ စရိတ်ကို ကြောက်သည့်အပြင်၊ ကုလသမဂ္ဂကဏ္ဍကို တိုးချဲ့လျှင် အီရတ်အရေး တကယ်ပြေလည်သွားမည်ဟု အာမမခံနိုင်သောကြောင့်လည်း ဖြစ်သည်။ အီရတ်ရှိ ကုလသမဂ္ဂအဆောက်အအုံဝန်ထမ်းကိုပင်လျှင် တိုက်ခိုက်ခံလာရသည့် အတွက်၊ ကုလသမဂ္ဂ၏ရှိမှု presence ကို လျှော့ချနေရသည်။ ကုလသမဂ္ဂသည်၊ အီရတ်တွင် ခိုင်လုံစိတ်ချရသော အဖြေမဟုတ်ပေ။

ကုလသမဂ္ဂသည် အပျော့ထည်အင်အား soft power ကိုသာ သုံးစွဲနိုင်သည်။ လူသားချင်းစာနာမှု အကူအညီတို့၊ ကျင့်ဝတ်သီလနှင့် တရားဥပဒေ

www.burmeseclassic.com

www.burmeseclassic.com


အကူအညီတို့သာ ပေးနိုင်မည်။ အီရတ်၏လုံခြုံရေးတာဝန်ကိုကား မထမ်းဆောင်နိုင်ပေ။ လုံခြုံရေးတာဝန်သည် အမာထည်အင်အား hard power သုံးရသောကိစ္စဖြစ်သည်။

ယခုအမေရိကန်သာမက ဘု(ရှ)အစိုးရသည်၊ စစ်တို့၏ထုံးစံအတိုင်း ထွက်ပေါက်မဟာဗျူဟာ exit strategy ကို စဉ်းစားလာရသည်။ စတိုက်သည့် စစ်ဗျူဟာကို ခံ့ခံ့ညားညားစဉ်းစားရသလို၊ ပြန်ဆုတ်သော မဟာဗျူဟာကိုလည်း ခံ့ခံ့ညားညား စဉ်းစားရသည်။ အောင်မြင်စွာဆုတ်ခွာခြင်း victorious exit ပုံသဏ္ဍာန်ပေါက်စေရမည်။ စစ်ရှုံး၍ ဖရိုဖရဲနှင့်ဆုတ်ခွာပုံမျိုး မဖြစ်ရပေ။ ဂုဏ်သရေရှိစွာနှင့် မိမိအလိုရှိသည့်အချိန် ဆုတ်ခွာခြင်းမျိုးဖြစ်ရမည်။ ၎င်းကို leaving on its own terms ဟု ခေါ်သည်။

BURMESE CLASSIC .com

## ဖိအား

မိမိစည်းကမ်းချက်နှင့်မိမိ ဆုတ်ခွာသည်ဆိုသည်မှာ၊ အချိန်မစေ့ဘဲ ဆုတ်ခွာတာမျိုး premature retreat မဖြစ်ရခြင်းလည်းမည်သည်။ အီရတ်တွင် လုပ်ငန်းတွေ အောင်မြင်စွာဆောင်ရွက်ပြီးစီး၍ ဆုတ်ခွာရခြင်းမျိုးလည်း မည်သည်။ အမေရိကန်လူထု စိတ်အနှောင့်အယှက်ဖြစ်ဖွယ်လည်း မပေါ်ရ။ အရှေ့အလယ်ပိုင်း နိုင်ငံရေးတွင် အန္တရာယ်ကို ချန်လှပ်ထားခဲ့သည်ဟူ၍လည်း မဖြစ်ရပေ။

ယင်းသို့အားဖြင့် ထွက်ပေါက်မဟာဗျူဟာ၏ ရည်မှန်းချက်တို့ကို ချထားရလေရာ၊ ဤရည်မှန်းချက်တွေအတိုင်း တကယ်ဖြစ်လာနိုင်–မနိုင်ကိုကား စောင့်ကြည့်ရမည်ဖြစ်သည်။ အီရတ်ထွက်ပေါက်မဟာဗျူဟာကို ဝေဖန်သူတို့က ကြားကာလအတွင်း ပေါ်ပေါက်လာနိုင်ဖွယ်ရှိသော ဖိအား pressure တို့ကို၊ ခန့်မှန်းရှုမြင်ကြည့်နေကြသည်။

(၁) ၂၀၀၄ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲက နီးပြီ။ ပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်းတို့က၊ ယခင်က အီရတ်စစ်ပွဲ၌ သမ္မတ ဘု(ရှ)ကို ထောက်ခံသော သိုးအုပ်စုမှ၊ စွန့်ခွာရန် စိုင်းပြင်းနေကြသည်။

(၂) ဥရောပမဟာမိတ်တို့က၊ အထူးသဖြင့် ပြင်သစ်က အီရတ်၌ ရွေးကောက်ပွဲတင်မြှောက်သော အစိုးရ အမြန်ဆုံးပေါ်ပေါက်ရန် လက်တွေ့မကျဘဲ ဖိအားပေးမှုသည်၊ လောက်လောက်လားလား

www.burmeseclassic.com

www.burmeseclassic.com


မရှိစေကာမူ ထည့်တွက်ရမည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်ပါဝဲလ်က အီရတ်အခြေခံဥပဒေကို ၆ လ နှင့် ရေးဆွဲပြီးစီး စေရန် ပြောလာသည်။

(၃) အီရတ်နှင့် အခြားပြည်ပနိုင်ငံများ၌ ချထားသောအမေရိကန်တပ် အင်အားတို့ကို၊ ဘယ်လောက်ကြာကြာ အမေရိကန်ဘဏ္ဍာရေးကို သိပ်မထိခိုက်စေဘဲ၊ ဆက်လက်ထိန်းသိမ်းထားနိုင်မလဲဆိုသော ဖိအားလည်းရှိသည်။ တစ်နည်းပြောလျှင် တပ်တွေနေရာချထားမှု အနားပေးမှုပြဿနာတို့ ဖြစ်သည်။

(၄) အီရတ် ရဲအဖွဲ့သစ်၊ စစ်တပ်အသစ် ဘယ်လို ထိထိရောက်ရောက် ဖွဲ့စည်းပေးနိုင်မလဲဆိုသော ဖိအားလည်းရှိသည်။

(၅) သော့ချက်ကျသော ဖိအားသည်၊ အီရတ်၌အီရတ်လူထုရွေးချယ်သော အီရတ်ကိုယ်ပိုင်အစိုးရအဖွဲ့ကို ဘယ်တော့လောက်ဖွဲ့စည်းနိုင်မလဲဆိုသော အချိန်ဇယား faster timetable ဖိအား ဖြစ်မည်။

(၆) အီရတ်စူနီမွတ်ဆလင် အင်အားစုသည် လူနည်းစုဖြစ်သော်လည်း၊ အီရတ်လုံခြုံရေးကို အဓိကခြိမ်းခြောက်သော အင်အားဖြစ်နေသည်။ ရှီယက်မွတ်ဆလင်တို့သည် လူများစုဖြစ်သော်လည်း၊ အမေရိကန်၏ ဒီမိုကရေစီအစီအစဉ်ကို ကန့်ကွက်နေကြသည် ဤသရုပ်မှန်နှစ်ရပ်သည်လည်း ထွက်ပေါက်မဟာဗျူဟာတွင်၊ ထည့်သွင်းစဉ်းစားရမည့် ပြဿနာတွေ ဖြစ်နေသည်။

(၇) ဆဒမ်ဟူစိန်နှင့် သူ့သစ္စာခံတို့အား ဖမ်းမိရေးနှင့် ချေမှုန်းရေးတို့မှာလည်း၊ ထွက်ပေါက်မဟာဗျူဟာကိစ္စတွင် နေရာယူနေသည်။

ထွက်ပေါက်မဟာဗျူဟာကား ရှိထားပြီးဖြစ်သည်။ သို့ရာတွင် ဤမဟာဗျူဟာကို လက်တွေ့အကောင်အထည်ဖော်ရန် စီမံကိန်း workable plan ကားမရှိသေးဟု ဝေဖန်နေကြသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ အရေးကြီးသည်မှာ အီရတ်ကို အရှုပ်ပုံထဲပစ်ပြီး ဆုတ်ခွာခြင်း မပြုရန်။ အပျက်အစီးအပုံထဲ ပစ်ပြီး ထွက်ခွာမသွားမိရန်တို့ပင် ဖြစ်တော့သတည်း။

စက်တင်ဘာ၊ ၂၀၀၃။

အညွှန်း – IHT

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အဆင်ပြေအလံများနှင့်
# ကုလသမဂ္ဂကျောရိုးနှစ်ပါး

"ကမ္ဘာကြီးတွင် တစ်ခုတည်းသောနိုင်ငံက စစ်ရေးအရ စီးပွားရေးအရ နိုင်ငံရေးအရ အင်အားကြီးမားလာပြီး၊ ကိုယ့်လမ်းကိုယ် လျှောက်မည့်သဘော ရှိနေသောအခါတွင်၊ ကုလသမဂ္ဂသည် အသုံးဝင်ပါသေး၏လောဟု မေးခွန်းထုတ်လာကြသည်။"

## ကုလကြွက်သား

နယူးယောက်ကုလသမဂ္ဂဌာနချုပ်ရှေ့၌ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အလံတော်တို့ကို တိုင်ထိပ်လွှင့်ထားသည်။ ဤအလံတို့သည် အဆင်ပြေ၍ လာလွှင့်ထားသော အလံများ flags of convenience ဟု သမိုင်းဆရာတစ်ဦးက ရေးသားလိုက်သည်။ မိမိနိုင်ငံအတွက် အဆင်ပြေမည်ဟုယူဆ၍ ကုလသမဂ္ဂထဲဝင်ကြသည်။ အဖွဲ့ဝင်အဖြစ် အလံစိုက်သည်၊ ဒါပဲ။

Flags of convenience ဆိုသော စကားရပ်သည် သင်္ဘောလိုင်းနှင့် အကောက်ခွန်စကားဖြစ်သည်။ အကောက်ခွန်သက်သာ၍၊ ဥပဒေအရအခွင့်သာသောနိုင်ငံတွင် မှတ်ပုံတင်၍ သင်္ဘောတွင် လွှင့်ထူထားသော၊ ယင်းနိုင်ငံ၏

www.burmeseclassic.com

www.burmeseclassic.com


အလံဖြစ်သည်။ သဘော်ာတို့သည် များသောအားဖြင့် ပနားမားနိုင်ငံတွင် မှတ်ပုံတင်ကြပြီး ပနားမားနိုင်ငံအလံလွှင့်ထူလေ့ ရှိသည်။

သို့ဖြင့် ကုလသမဂ္ဂဌာနချုပ်ရှေ့၌ လွှင့်ထူထားသော အလံတို့ကို၊ သဘော်ာလိုင်းမှအလံတို့နှင့် နှိုင်းယှဉ်တင်စား ပြောဆိုခြင်းဖြစ်လာသည်။ အီရတ်ကို ဝင်ရောက်သိမ်းပိုက်ခြင်းသည် ဆဒမ်ဟူစိန်ကို ဖျက်ဆီးပစ်လိုက်ရာရောက်သည်။ ဤသည်နှင့်အတူ ကုလသမဂ္ဂ၏ နိဂုံးအစပျိုးခြင်းလောဟူ၍လည်း မေးခွန်းပေါ်လာသည်။ အမှတ်အသားအဖြစ် ဘဂ္ဂဒတ် ကုလသမဂ္ဂရုံး ဗုံးခွဲတိုက်ခိုက်ခံရမှုကိုပြသည်။ ကမ္ဘာကြီးတွင် တစ်ခုတည်းသောနိုင်ငံက စစ်ရေးအရ စီးပွားရေးအရ နိုင်ငံရေးအရ အင်အားကြီးမားလာပြီး၊ ကိုယ့်လမ်းကိုယ်လျှောက်မည့်သဘော ရှိနေသောအခါတွင်၊ ကုလသမဂ္ဂသည် အသုံးဝင်ပါသေး၏လောဟု မေးခွန်းထုတ်လာကြသည်။

ပို၍နက်နက်နဲနဲတွေးသူတို့က ကုလသမဂ္ဂသည် နဂိုကတည်းက စိတ်ကူးယဉ်ပရိုဂျက် utopia project လားဟု ဆန်းစစ်ကြည့်သည်။ ကုလသမဂ္ဂ၌ ခွန်အားကြွက်သား musell တွေရှိပါသေးသလား။ ကုလသမဂ္ဂကို စတင်တည်ထောင်သူဖခင်တို့က ဘယ်လိုပုံသဏ္ဌာန်ကို ရည်ရွယ်ခဲ့သနည်း စသည်ဖြင့် စစ်ကြောလာကြသည်။

## ရု(စ)ဘဲလ်မှ ထရူးမင်းသို့

သမိုင်းပညာရှင်စတီဖင်ရှယ်လီဆင်ဂါက၊ မကြာသေးမီရက်ပိုင်း အတွင်း၌ ကုလသမဂ္ဂဆိုင်ရာသမိုင်းစာအုပ် တစ်အုပ်ကို၊ အမြန်ရေးသား ထုတ်ဝေလိုက်သည်။ သူ့အဆိုအရ ကုလသမဂ္ဂကို လေ့လာခြင်းသည်၊ မဟာအင်အားကြီးနိုင်ငံစူပါ ပါဝါတို့၏ ဇာတ်လမ်းတို့ကိုလေ့လာခြင်း ဖြစ်သည်။ လျှို့ဝှက်ထောက်လှမ်းရေးတို့၏ ပုံပြင်တို့ကိုလေ့လာခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်နှင့် ရန်သူတို့ကို လေ့လာရာဖြစ်သည်။ ငြိမ်းချမ်းသောကမ္ဘာကို ရှာဖွေကြသောဇာတ်လမ်းကို လေ့လာရာဖြစ်သည်။

ကုလသမဂ္ဂသည် အမေရိကန်ဖန်တီးခဲ့သောအဖွဲ့ ဖြစ်သည်။ ဖန်တီးသူမှာ ထိုစဉ်က အမေရိကန်သမ္မတ ဖရင့်ကလင်းရု(စ)ဘဲလ် ဖြစ်သည်။ ပထမကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com


စစ်ကြီးအပြီး၌ နိုင်ငံပေါင်းစုံအဖွဲ့ချုပ် League of Nations ဆိုပြီး ဖွဲ့စည်းခဲ့သည်၊ မအောင်မြင်ဘဲ ပျက်သွားသည်။ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ၌ ကမ္ဘာ့အဖွဲ့အစည်းအကြီးတစ်ရပ်ထူထောင်ရန်၊ ဒုတိယကြိုးပမ်းမှုအတွက် မည်သူကမျှ စိတ်မဝင်စားခဲ့ပေ။ ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီကလည်း စိတ်မဝင်စား၊ ဆိုဗီယက်ခေါင်းဆောင် စတာလင်ကလည်း စိတ်မဝင်စားပေ။

စိတ်ဝင်စားသူများမှာ ဖရင့်ကလင်းရု(စ)ဘဲလ်တစ်ယောက်တည်းသာ ဖြစ်သည်။ သူကလည်း ယခင်အမေရိကန်သမ္မတ ဝီလ်ဒရိုး ဝီလ်ဆင်၏အမှားမျိုး မမှားမိအောင် အထူးသတိထားခဲ့သည်။ သမ္မတဝီလ်ဆင်သည် နိုင်ငံပေါင်းစုံအဖွဲ့ချုပ်ကြီးတွင် ပါဝင်ရန် ဆီးနိတ်လွှတ်တော်၌ အဆိုတင်သွင်းခဲ့သည်၊ ဆီးနိတ်က ပယ်ချပစ်သည်။

သမ္မတရု(စ)ဘဲလ်သည် ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ရပ် ထူထောင်ရေးနှင့် ပတ်သက်၍၊ ဆိုဗီယက်ခေါင်းဆောင် စတာလင်နှင့် ယော(လ်)တာ သို့ ၁၉၄၅ ခုနှစ်က သွားရောက်တွေ့ဆုံရာတွင်၊ အပြင်းအထန်ဖျားနေသည်။ ဖျားလျက်နှင့်ပင် ယော(လ်)တာရောက်သွားပြီး သဘောတူညီချက် ရရှိခဲ့သည်။ ဤခရီးကြောင့်ပင်၊ သမ္မတရု(စ်)ဘဲလ် ကုလသမဂ္ဂဖွဲ့စည်းသည့် ပထမဦးဆုံးညီလာခံ ဆန်ဖရန်စစ္စကိုတွင်ကျင်းပရန် ၁၃ ရက်အလို၌၊ ကွယ်လွန်အနိစ္စရောက်ရှိသွားခဲ့သည်။ ရု(စ်)ဘဲလ်နေရာ၌ ထရူးမင်း သမ္မတဖြစ်လာသည်။

## လိုင်စင်မသုံး

ထိုစဉ်က အမေရိကန်အင်အားသည် ယခုထက်ပင် ကမ္ဘာကိုစိုးမိုးလျက်ရှိနေသည်။ ကျန်နိုင်ငံတွေ စစ်ဒဏ်ကြောင့် အပျက်အစီးတွေကြား လုံးပန်းနေရသည်။ အားလုံးစစ်ကြောင့် လက်ပန်းကျနေသည်။ အမေရိကန်က စစ်ထဲ၌ အဓိကအင်အားအဖြစ် ပါဝင်တိုက်ခိုက်ခဲ့သော်လည်း စစ်ဒဏ် မခံလိုက်ရပေ။ ထို့အပြင် အသစ်စက်စက် အဏုမြူလက်နက်ကို ပိုင်ဆိုင်ရရှိထားချိန်ဖြစ်သည်။

ဆန်ဖရန်စစ္စကို ကုလသမဂ္ဂပထမဦးဆုံး အကြိမ် ညီလာခံတွင်၊ အမေရိကန်ကိုယ်စားလှယ်အဖွဲ့က အောင်မြင်စွာကြိုးပမ်းနိုင်သဖြင့်၊ ၄၆ နိုင်ငံက ကုလသမဂ္ဂပဋိညာဏ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အမေရိကန်၏ ဒီပလိုမေစီအောင်ပွဲဟု ချီးကျူးသြဘာပေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


သမ္မတထရူးမင်းကလည်း ထိုစဉ်က မိန့်ခွန်းပြောကြားရာတွင်၊ အမေရိကားက ဘယ်လောက်ပဲအင်အားကြီးမားပါစေ မိမိတို့ကြိုက်သလို လုပ်ဆောင်နိုင်သည်ဆိုသော လိုင်စင်အခွင့်အရေးကို စွန့်လွှတ်ရမည်။ ဤသို့ စွန့်လွှတ်ခြင်းသည်ပင်၊ ပေးသင့်ပေးထိုက်သောဈေးနှုန်းကို ပေးခြင်းဖြစ်သည်ဟုယူဆကြောင်း ပြောဆိုသွားခဲ့သည်။

ထိုစဉ်က ထရူးမင်းပြောဆိုခဲ့သော စကားသည်၊ ယခုအခါ ယခုသမ္မတဘု(ရှ) အစိုးရတာဝန်ခံတို့က ပြောကြားသောစကားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု၊ သမိုင်းပညာရှင်က ထောက်ပြသည်။ ယခု ဘု(ရှ)အစိုးရပိုင်းက ကုလသမဂ္ဂသည် မဆီလျော်တော့၊ irrelevant ဟူ၍ လည်းကောင်း၊ အန္တရာယ်များသော ကန့်သတ်ချက် dangerous constraints များဟူ၍လည်းကောင်း ယူဆနေကြသည်။

## စကားပြောဆိုင်လား

အချို့က ကုလသမဂ္ဂသည်၊ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစ စိတ်ကူးယဉ်ဝါဒ idealism တွေ ခေတ်စားနေချိန် ပေါ်ပေါက်သော၊ ယူတိုးပီးယန်းပရိုဂျက်တစ်ရပ်သာဖြစ်သည်ဟူ၍ မြင်ကြသည်။ ဤအမြင်သည် ယခုဇာတ်သိမ်းသွားပြီ။ စိတ်ကူးထဲမှ ပေါ်သည်မဟုတ်၊ လက်တွေ့ထဲက ပေါ်ခြင်းဖြစ်သည်။

နိုင်ငံပေါင်းစုံအဖွဲ့ချုပ်ကြီးသည် စစ်အောင်နိုင်သူတို့၏ ပရိုဂျက်ဖြစ်ခဲ့သော်လည်း၊ "စကားပြောဆိုင်" talking shop လောက်သာဖြစ်ခဲ့ပြီး၊ ဒုတိယကမ္ဘာစစ်ထိ လျှောကျသွားခဲ့သည်။ ယခုလည်း ကုလသမဂ္ဂကို "စကားပြောဆိုင်" လိုဖြစ်သွားမှာကို စိုးရိမ်ကြသည်။ ကုလသမဂ္ဂသည် နိုင်ငံကြီးရော နိုင်ငံသေးတို့ပါပါဝင်စေကာမူ၊ အင်အားကြီးနိုင်ငံတို့ကသာ ကြီးစိုးနေခဲ့သည်။ ကုလသမဂ္ဂကို ကမ္ဘာ့အစိုးရဖြစ်ရန် မရည်ရွယ်ခဲ့ကြ။ ကမ္ဘာ့လုံခြုံရေးထိန်းသိမ်းရန်သာ ရည်ရွယ်ခဲ့သည်။

ကုလသမဂ္ဂ၏ အောင်မြင်မှု၊ မအောင်မြင်မှု အတက်အကျသည်၊ အင်အားကြီးနိုင်ငံတို့၏ ကုလသမဂ္ဂအပေါ်ထောက်ခံမှု (သို့တည်းမဟုတ်) ဆန့်ကျင်ကန့်ကွက်မှုတို့အပေါ်မှီပြီး၊ လှုပ်ရှားနေခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂ၏ သွင်ပြင်

www.burmeseclassic.com

www.burmeseclassic.com


လက္ခဏာအချို့ မေးမိုန်သွားသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ဥပမာ– trusteeship ခေါ် ကုလသမဂ္ဂ အစောင့်ရှောက်ခံနိုင်ငံ၊ ကုလသမဂ္ဂ အမြဲတမ်းစစ်တပ်အဖွဲ့ စသည်တို့ဖြစ်သည်။ လူ့အခွင့်အရေးနှင့် လူလူချင်းစာနာထောက်ထားမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့သည် နောက်ပိုင်းဖြစ်ထွန်းလာသော သွင်ပြင်တို့ဖြစ်ကြသည်။

သမိုင်းပညာရှင် ရှယ်လီဆင်ဂါ၏အမြင်၌ ကုလသမဂ္ဂတွင် ကျော့ရိုးသွင်ပြင်လက္ခဏာနှစ်ပါးတော့ ရှိသည်။

ပထမကျော့ရိုးမှာ အင်အားကြီး နိုင်ငံတို့ ကုလသမဂ္ဂ၌ စကားပြောနိုင်ကြသေးသည်ဆိုသော အချက်ဖြစ်သည်။

ဒုတိယကျော့ရိုးမှာ အမေရိကန်က၊ ကုလသမဂ္ဂ၏ အီရတ်ဆိုင်ရာ အဆိုသစ်တစ်ခုကို ရရှိအောင်ကြိုးပမ်းနေသော အချက်က၊ ဖော်ပြသော အနက်ဖြစ်သည်။ ဤအချက်တစ်ခုတည်းကပင်၊ စုပါ ပါဝါပင် ဖြစ်စေကာမူ ကျယ်ပြန့်သော မဟာမိတ်ရရှိရေးနှင့် တရားဝင်မှုရရှိရေးတို့အတွက်၊ ကုလသမဂ္ဂကို လိုအပ်သည်ဆိုသောအချက် ဖြစ်သည်။

အောက်တိုဘာ၊ ၂၀၀၃။

စာညွှန်း – The Economist

www.burmeseclassic.com

www.burmeseclassic.com

# ထရိတ်ယူနီယံ

# ဇာတ်လမ်းအဟောင်းဖြစ်ခဲ့ပြီလား

**"ထရိတ်ယူနီယံတို့သည် ယခုအခါ လူတန်းစားစစ်ပွဲကို ဆင်နွှဲရန် မလိုတော့ပြီ၊ ထို့အပြင် ထရိတ်ယူနီယံအဖွဲ့ဝင်တို့အား စျေးကွက်က ပေးနိုင်သည့်အင်အားထက် ပိုပေးရန် တောင်းဆိုရန်လည်း မဖြစ်နိုင်ပြီ။ ထို့ကြောင့် ထရိတ်ယူနီယံသည် တဖြည်းဖြည်း အားပျော့လာလေ မလားဟု မေးခွန်းထုတ်ကြသည်။"**

**ဒေဇာဗူး**

ထရိတ်ယူနီယံခေါ် အလုပ်သမားအဖွဲ့အစည်းဆိုသော အယူအဆသည် ပြင်သစ်စကား ဒေဇာဗူး dejavu ဖြစ်လာပြီလောဟု မေးခွန်းထုတ်ကြသည်။ ဒေဇာဗူးမှာ ဇာတ်လမ်းအဟောင်း old story ဟု အဓိပ္ပာယ် သက်ရောက်သည်။

ထရိတ်ယူနီယံ အယူအဆသည် ၁၉ ရာစုက စတင်ပေါ်ခဲ့သည်။ ထိုစဉ်က လူတန်းစားစစ်ပွဲ class warfare ဆိုသောအမြင် စတင်ရေပန်းစားနေချိန် ဖြစ်သည်။ ထရိတ်ယူနီယံတို့ကလည်း လူတန်းစားစစ်ပွဲ ဆင်နွှဲခဲ့ကြရာ အလုပ်သမား အခွင့်အရေးကိုလည်း အတော်အတန် ရရှိခဲ့ကြသည်။ အလုပ်ရှင်တို့၏ သင်တင့်လျောက်ပတ်စွာ ပြုမူဆက်ဆံပေးမှုကိုလည်း ရရှိခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ယခုခေတ်သစ်ဒီမိုကရေစီတွင် သပိတ်မှောက်ခြင်းသည် နိုင်ငံရေးအခြေအတင်တစ်ခု debate ကို ဖော်ထုတ်ပြသရာလည်းဖြစ်သည်။ စိတ်အနှောင့်အယှက်ဖြစ်စေသော အပြုအမူ damn nuisance လည်း ဖြစ်လာသည်။ ယခုဥရောပတွင် သပိတ်ကို စိတ်အနှောင့်အယှက်ဖြစ်စရာ အပြုအမူအဖြစ်ပို၍မြင်လာကြသဖြင့် ထရိတ်ယူနီယံနှင့် နိုင်ငံရေးပါတီတစ်ခုခု ချိတ်ဆက်ထားသည့် အစဉ်အလာသည် မီးစာကုန်ခန်းနေပြီဟု သုံးသပ်ကြသည်။ ဥရောပမှဗဟိုလက်ဝဲပါတီတို့သည် ထရိတ်ယူနီယံတို့နှင့် ချိတ်ဆက်အားကိုးမိလျှင် ပိုပြီးမဲရှုံးနေသည်။

နိုင်ငံရေးနှင့် လူတန်းစားစစ်ပွဲကို အားထားပြီး လုပ်ခတိုးအောင် ကြိုးပမ်းရာ၌ပင် အခက်အခဲတွေတွေ့လာသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ ကွပ်ကဲထိန်းချုပ်မှုများလျှော့ချခြင်း၊ တက္ကနိုလိုဂျီ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ကုန်သွယ်ရေးကျယ်ပြန့်လာခြင်းတို့သည် လက်ဝါးကြီးအုပ်မှုကို ယိုင်လဲစေသည်။ ပြိုင်ဆိုင်မှုတို့ကို တအား အားကောင်းစေသည်။

## စီးပွားရေးငှားခ

အဆိုပါဖြစ်ထွန်းမှုအားလုံးသည် ထရိတ်ယူနီယံတို့ ခံစားခဲ့သော 'စီးပွားရေးငှားခ' economic rent တို့ကို လျှော့ပစ်သည်။ စီးပွားရေးငှားခဆိုသည်မှာ မြေငှားခ၊ အိမ်ငှားခတို့ မဆိုလို။ သဘာဝအလျောက် ရှားပါးမှုနှင့် လူကဖန်တီးသော ရှားပါးမှုကိုအခြေခံပြီး ရသင့်ရထိုက်တာထက်ပိုပြီး အပိုအဆောင်းရရှိသော ဝင်ငွေတို့ကို ဆိုလိုသည်။

ဥပမာ–အိုပက်ရေနံအဖွဲ့သည် ရေနံထုတ်လုပ်မှုကို လျှော့ပစ်၍ (ရှားပါးမှုကိုဖန်တီး၍) ရေနံဈေးနှုန်းတက်အောင် ပြုလုပ်သည်။ ဤ ရေနံဈေးတက်ခြင်းမှ ရသောဝင်ငွေသည် စီးပွားရေးငှားခပင်ဖြစ်သည်။ ထိုနည်းတူစွာ ထရိတ်ယူနီယံတို့က သပိတ်မှောက်ခြင်းဖြင့်ဖြစ်စေ၊ အခြား ဖိအားသုံးခြင်းဖြင့်ဖြစ်စေ၊ လခအပိုကြေးရရှိလျှင် ယင်းမှာ စီးပွားရေးငှားခပင် ဖြစ်သည်။

ဤသို့ စီးပွားရေးငှားခတွေ လျော့ကုန်သည်သာမက ထရိတ်ယူနီယံတို့သည် ပင်ကိုအားဖြင့် စားသုံးသူဆန့်ကျင်ရေးလက္ခဏာလည်း ရှိလာသဖြင့်၊

www.burmeseclassic.com

www.burmeseclassic.com


ထရိတ်ယူနီယံနှင့် စားသုံးသူတို့ကြား တင်းမာမှုတွေ ပေါ်လာသည်။ ထရိတ်ယူနီယံက ဈေးနှုန်းတက်ခြင်းကို ကြိုက်သည်။ စားသုံးသူတို့က ဈေးနှုန်းနိမ့်ခြင်းကို ကြိုက်သည်။ ယခု လူမှုရေးလှုပ်ရှားမှု အခြေအနေ၌ စားသုံးသူတို့ကပိုပြီး အပေါ်စီးရရှိနေသည်။ ဤသည်၏အကျိုးဆက်ကား ထရိတ်ယူနီယံဝင်ကြေး (သို့မဟုတ်) လစဉ်ကြေးတို့ကို အလုပ်သမားတို့ကပင် မပေးချင်ကြသည့် အနေအထား ပေါ်လာခြင်းဖြစ်သည်။

## အော်ခိုင်းတိုင်း

ထရိတ်ယူနီယံခေါင်းဆောင်တို့တွင် ယောကျ်ားတွေက လွှမ်းမိုးသည်။ သူတို့သည် သဘာဝဗီဇအားဖြင့် တရားသေကျသည်။ ထို့ကြောင့် အင်ဒတ်စထရီနှင့် ဈေးကွက်တို့တွင် ဖြစ်ပေါ်နေသော အပြောင်းအလဲတို့နှင့် လိုက်လျောညီထွေ တုံ့ပြန်ဖို့ဆိုလျှင် ခြေထောက်ခဲဆွဲထားသလို အလွန်နှေးနေကြသည်။ ဝန်လေးသည့်အလုပ်ခွင်တွင် အမျိုးသမီးတွေသိပ်များလာပြီး အချိန်ပိုင်းအလုပ်သမားတွေ သိပ်များလာသည်။

ထို့ကြောင့် ဘာဖြစ်လာသနည်းဆိုသော် ထရိတ်ယူနီယံရုံးကို သွားလို့ကတော့ ဘာကိုမှ အခြေအနေမှန်ကို မသိနိုင်တော့ပေ။ ဈေးကွက်နှင့် အင်ဒတ်စရီတို့တွင် ဘာတွေအပြောင်းအလဲဖြစ်နေသည်ကို ထရိတ်ယူနီယံဌာနချုပ်တို့က ရှင်းမပြနိုင်ပြီ။

ထရိတ်ယူနီယံတို့သည် ယခုအခါ လူတန်းစားစစ်ပွဲကို ဆင်နွှဲရန် မလိုတော့ပြီ၊ ထို့အပြင် ထရိတ်ယူနီယံအဖွဲ့ဝင်တို့အား ဈေးကွက်က ပေးနိုင်သည့်အင်အားထက် ပိုပေးရန် တောင်းဆိုရန်လည်း မဖြစ်နိုင်ပြီ။ ထို့ကြောင့် ထရိတ်ယူနီယံသည် တဖြည်းဖြည်းအားပျော့လာလေမလားဟု မေးခွန်းထုတ်ကြသည်။

သဘောမှာ ထရိတ်ယူနီယံတို့သည် နိုင်ငံရေး ဇာဂျင်ဒါကို ဖော်ထုတ်နိုင်စွမ်းအားနည်းလာခြင်းကို ပြသည်။

ထရိတ်ယူနီယံခေါင်းဆောင်ပိုင်းက အီရတ်စစ်ပွဲဆန့်ကျင်ရန် ပြောလည်းလိုက်ချင်မှ လိုက်တော့မည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ ထရိတ်ယူနီယံကြေး ပေးထားသည်မှာ ဤအတွက် မဟုတ်သောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


## ဝန်းကျင်ပြောင်း

ကုမ္ပဏီမန်နေဂျာတို့နှင့် အရေးဆိုရာတွင် ထရိတ်ယူနီယံတို့က အလုပ်သမားတို့၏ စုပေါင်းညီညွတ်သောအသံကို ပြလိုကြသည်။ သို့ရာတွင် ပြပုံပြနည်းကို မေးခွန်းထုတ်ကြသည်။ အစဉ်အလာရဆိုလျှင် ထရိတ်ယူနီယံတို့သည် မန်နေဂျာတို့နှင့် အဖျက်သဘောပါသော ထိပ်တိုက်ရင်ဆိုင်မှု destructive comfren-tation ပုံစံတို့ဖြင့် ပြခဲ့သည်။

ယခု ဤပုံစံမရပြီ၊ ထိုအစား အပြင်ကမ္ဘာကိုကြည့်သော ပူးပေါင်းဆောင်ရွက်မှုစိတ် outward looking cooperation ဖြင့် စုပေါင်းအသံကို ပြလာရသည်။ အလုပ်သမားတို့ကလည်း ပင်စင်ကိစ္စ၊ အာမခံကိစ္စ၊ အခွန်ကိစ္စနှင့် အခြားအကျိုးကျေးဇူးတို့အတွက်၊ ဘက်မလိုက်ဘဲ ရိုးသားစွာဆောင်ရွက်ပေးသော အပြုအမူတို့အပေါ် ပို၍တန်ဖိုးထားလာကြသည်။

ထရိတ်ယူနီယံတို့ ထိပ်တိုက်ရင်ဆိုင်မှုပုံစံကို ရှောင်လာကြသည်။ ဥပဒေအရ လွတ်ကင်းမှုတို့ကို အသုံးမပြုရန် အထူးသတိထားလာကြသည်။ ထရိတ်ယူနီယံတို့သည် ထုတ်လုပ်မှုစွမ်းအား ပို၍တိုးမြှင့်စေသော နည်းလမ်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လာကြသည်။

ထို့ကြောင့် လူတန်းစားစစ်ပွဲကို၊ အခြေခံထိပ်တိုက်ရင်ဆိုင်မှု နည်းလမ်းကို အသုံးပြုသော ထရိတ်ယူနီယံသည် 'ဒေဇာဖူး' ဇာတ်လမ်းအဟောင်းဖြစ်သွားပြီဟု ဝေဖန်သုံးသပ်ကြသည်။

အောက်တိုဘာ၊ ၂၀၀၃။

အညွှန်း – The Ecomomist

www.burmeseclassic.com

www.burmeseclassic.com

# နတ်ဆိုးနှင့် ညစာသုံးဆောင်လျှင် ဇွန်းရှည်ရှည် ယူသဘော

“အီရတ်အိမ်နီးနားချင်းတို့ကို၊ ကိုယ်က မကောင်းဆိုးဝါး နတ်ဆိုးစာရင်းထဲ ထည့်ထားသည်။ သူတို့ကို ညစာဖိတ်ကျွေးရန်လိုပြီ။ သို့သော် ခက်သည်။ ဝါရှင်တန်၌ ဇွန်းရှည်ရှည် ထည့်ထားသော ပန်းကန်ခွက်ယောက်၊ ဗီရို ရှိ-မရှိ မသိရသေးခြင်းပင် ဖြစ်သည်။”

## ညစာဖိတ်

ကမ္ဘာ့နိုင်ငံရေးတွင် မီးစင်ကြည့် ကရသောအလုပ်တွေ သိပ်များသည်။ စကားကို အကုန်ပြောလို့မဖြစ်၊ အလွန်အကျွံပြောလို့မဖြစ်၊ စကားကိုအကုန်ပြောထားတုန်း၊ အလွန်အကျွံပြောထားတုန်း၊ အခြေအနေက ရုတ်တရက် တစ်မျိုးတစ်မည် ပြောင်းလဲသွားသောအခါ၊ စကားနှုတ်ရ ခက်နေတော့သည်။ အရှက်ပြေ၊ သိက္ခာဆယ်သည့် အနေဖြင့် စကားတွေကို အဖုံးအဖိတွေနှင့် ပြင်ရသည်။ ခပ်ကြမ်းကြမ်း ခပ်ထူထူပြောထားတာကို နုတ်ပစ်ရသည်၊ ပါးပစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


မကောင်းဆိုးဝါးဝင်ရိုးတန်း axis of evils ဆိုပြီး အမေရိကန်သမ္မတ ဘု(ရှ)က ပြောထားခဲ့သည်။ ယခု ဤစကားရပ်အတိုင်း လက်တွေ့ပေါ်လစီ ခပ်ကြမ်းကြမ်းတွေ မချမှတ်မိရန် အထူးဂရုစိုက်လာရပြီ။ မကောင်းဆိုးဝါး အချို့ကို ညစာဖိတ်ကျွေးဖို့ပင် အဆိုပြုလာသည်။ အထူးသဖြင့် ပါလက်စတိုင်း ခေါင်းဆောင် အာရဖတ်ကို အမေရိကန်က ညစာထမင်းစားပွဲဖိတ်ရန် အကြံပြု သည်။

အရှေ့အလယ်ပိုင်းဒေသတွင် ပြဿနာပေါင်းစုံဖြင့် ကြိုးတွေရှုပ်နေပါသည်။ ပဋိပက္ခတွေက ပြင်းထန်နေသည်။ ဤကိစ္စနှင့် ပတ်သက်၍ အမေရိကန် ဗန်း စကား 'ball game' ဆိုသော စကားရပ်တစ်ရပ် ခေတ်စားလာသည်။ ဘောဂိမ်း ဆိုသည်မှာ ပြဿနာအားလုံးတွင် အဆုံးအဖြတ်ပေးသော အချက်၊ အဆုံးအဖြတ် ပေးသောဖြစ်ရပ် decisive element or event ကို ဆိုလိုသည်။ ဘော်လုံးကို ကွက်တိ မဆိုလို။

ညစာစားပွဲဖိတ်ကြားရန် အကြံပေးသူ ဂျာနယ်လစ်က အရှေ့အလယ်ပိုင်း ဒေသ အရေးအခင်းတစ်ခုလုံး၏ ဘောဂိမ်းသည် အီရတ်ဟု သုံးသပ်ပြသည်။ အီရတ်၌ ထည်ထည်ဝါဝါရှိသော၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အခြေ စိုက်သော အစိုးရကောင်းတစ်ရပ်ကိုသာ ထူထောင်ဖွဲ့စည်းနိုင်မည်ဆိုလျှင်၊ အရှေ့ အလယ်ပိုင်းဒေသတစ်ဝန်းလုံး၌ ကောင်းသောအရာတွေ ဖြစ်ပေါ်လာနိုင်သည်ဟု ထောက်ပြသည်။ ဤအမြင်ဖြင့် အီရတ်ကိုဘောဂိမ်းအဖြစ် ရှုမြင်ခြင်းဖြစ်သည်။

## စွမ်းရည်နှင့် အရှုပ်

အကယ်၍ အမေရိကန်သည် အီရတ်နွံထဲ ဆက်ပြီးနစ်နေလျှင် တစ်ကမ္ဘာ လုံးရှိ အမေရိကန် အကျိုးစီးပွားတို့သည် ကပ်ဆိုးကြီးထဲရောက်ရှိ သွားနိုင်သည်။ ထို့ကြောင့် အီရတ်အား လမ်းမှန်ပေါ်တင်ပြီး မှန်မှန်လျှောက်နိုင်ရေးသည် အား လုံးက အာရုံစူးစိုက်ရမည့်ကိစ္စဖြစ်သည်။ အရာရာကို ထိုအချက်အပေါ် ဖိုးကပ်(စ်) တင်ထားရတော့မည်။

ထိုအချက်ကြောင့်ပင် မကောင်းဆိုးဝါးအချို့ကို အာမခံဖြင့် လွှတ်ပေး ထားသလို ခွင့်လွှတ်ပေးထားရန်လိုသည်။ အလုပ်နားခွင့် ပေးထားရန်လိုသည်။

www.burmeseclassic.com

www.burmeseclassic.com


အစ္စရေး–ပါလက်စတိုင်းပဋိပက္ခကို ဆီးရီးယား–အစ္စရေးပဋိပက္ခအဖြစ်သို့ လည်းကောင်း၊ အစ္စရေး–ရှီယိုက်ဟစ်(ဇ်)ဘိုလာပဋိပက္ခ အဖြစ်သို့လည်းကောင်း တိုးချဲ့ကျယ်ပြန့်သွားခဲ့လျှင် ဤမီးသည် အီရတ်အရေးကို ပိုမိုရှုပ်ထွေးသွားနိုင်သည်။

အထူးသဖြင့် အီရတ်၏ အမေရိကန်နှင့် အတိအလင်းပူးပေါင်းဆောင်ရွက်နိုင်သော စွမ်းဆောင်ရည်တို့ကို ထိခိုက်သွားမည်။ အမေရိကန်နှင့် အတိအလင်းပူးပေါင်း ဆောင်ရွက်ရန်စိုးရိမ်ပြီး ကြောက်ကုန်မည်။ တစ်ဆက်တည်း၌ အီရတ်ရှိအမေရိကန်ဆန့်ကျင်ရေး အင်အားစုတို့၏ စွမ်းရည်ပိုမိုတိုးတက်သွားမည်။ ပိုမိုအတင့်ရဲလာမည်။ သူတို့က အစွန်းရောက်စစ်သွေးကြွတို့ကို ပိုမိုစည်းရုံး လာနိုင်ကြမည်။

အသေခံဗုံးဖေါက်မှုဒဏ်ကို အစ္စရေးလူ့အဖွဲ့အစည်းလောက်၊ မည်သည့်လူ့အဖွဲ့စည်းကမျှ မခံရပေ။ ထို့ကြောင့် အသေခံဗုံးဖောက်ခွဲမှုတို့နှင့် စိတ်ရှုပ်စိတ်ပင်ပန်းနေသော အစ္စရေးဝန်ကြီးချုပ်ရှာရွန်ကို နားလည်မည်ဆိုလျှင် နားလည်လို့ရသည်။ သို့သော် ဝန်ကြီးချုပ်ရှာရွန်၏ မဟာဗျူဟာသည် မအောင်မမြင်ဖြစ်နေပြီ။ ထို့ကြောင့် အသေခံဗုံးဖောက်ခွဲမှုပြဿနာကို ဖြေရှင်းနိုင်ရန် အလို့ငှာ အာရာဖတ်နှင့် စကားပြောရပေမည်။

## တရားသေယုတ္တိ

အာရာဖတ်နှင့် တိုက်ရိုက်စကားပြောရန် အခက်အခဲရှိကောင်း ရှိမည်။ ထို့ကြောင့် ပါလက်စတိုင်းဝန်ကြီးချုပ်သစ် အာမက်အိုရယ်မှတစ်ဆင့် အာရာဖတ်နှင့် စကားပြောရန် လိုသည်။ အဓိပ္ပာယ်မှာ ပါလက်စတိုင်းဝန်ကြီးချုပ်သစ် အာမက်အိုရယ်ကို အားပေးရန်လိုခြင်း ဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် ရှာရွန်၌ တရားသေယုတ္တိတစ်ခုက ရှိနေသည်။ ယင်းမှာ အာရာဖတ်သည် စေ့စပ်ဆွေးနွေးရေးပါတနာအဖြစ် မဆီလျော်မအပ်စပ်။ သူသည် ပါလက်စတိုင်းဘက်မှ အကြမ်းဖက်မှုမှန်သမျှအတွက် တာဝန်ရှိသည်ဟု ယူဆခြင်းဖြစ်သည်။

(ယခုဆောင်းပါးရေးချိန်၌ အစ္စရေးဝန်ကြီးချုပ် ရှာရွန်က ပါလက်စတိုင်း

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းဆောင် အာရာဖတ်ကို နယ်နှင်ဒဏ်ပြုရန် အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။)

ဆီးရီးယားနှင့် ပတ်သက်၍မူ၊ အီရတ်ကို ဝင်ရောက်သိမ်းပိုက်လိုက်ကတည်းက ဆီးရီးယားအတွက် မက်ဆေ့(ချ်) အမှာစကားပါပြီးသား ဖြစ်သည်။ အမေရိကန်၏ နောက်ပစ်မှတ်သည် ဆီးရီးယားဖြစ်လိမ့်မည်ဟု ယူဆထားကြပုံရသည်။ ဤအချက်ကို ကာကွယ်ရန်အလို့ငှာ ဆီးရီးယားသည် အီရတ်နိုင်ငံထဲသို့ အရပ်ရပ်မှအကြမ်းဖက်သမားတို့ကို စေလွှတ်သည့်လက္ခဏာများ ရှိသည်။ အီရတ်နိုင်ငံထဲ၌ အမေရိကန် ဖင်မနိုင် ခေါင်းမနိုင်နှင့် အလုပ်ရှုပ်နေသမျှ ဆီးရီးယားဘက် အမေရိကန်ဦးလှည့်ရန် အချိန်ရမှာမဟုတ်ဟု တွက်ဆထားပုံရသည်။

ထို့ကြောင့် အမေရိကန်နှင့် ဆီးရီးယားတို့ မဟာဗျူဟာစေ့စပ်ဆွေးနွေးမှု strategie dialogue တစ်ခုပြုလုပ်ရန်လိုသည်။ ဆီးရီးယားက အီရတ်နိုင်ငံထဲ အကြမ်းဖက်သမားတို့ကို မပို့လျှင်၊ အီရတ်ရှိအကြမ်းဖက်သမားတို့ထံ လက်နက်များ မပေးပို့လျှင်၊ ဆီးရီးယားကို မကောင်းဆိုးဝါး ဝင်ရိုးတန်းစာရင်းထဲ ထည့်မည်မဟုတ်ကြောင်း ပြောရန်ဖြစ်သည်။

## ငွန်းရှည်ရှည်

နောက်ဆုံးပြဿနာသည် အီရန်ဖြစ်သည်။ အီရန်ကို ပြင်းထန်သော ဖိအားပေးရန်နှင့် ထိပ်တိုက်ရင်ဆိုင်ရန် ဘု(ရှ) အစိုးရထံမှ အသိုင်းအဝိုင်းတစ်ခုက တိုက်တွန်းလျက်ရှိသည်။ ဤဖိအားကို ဖယ်ရှားသင့်သည်။ ထိုအစား အီရန်နှင့် မဟာဗျူဟာမြောက် စေ့စပ်ဆွေးနွေးမှုပြုလုပ်ကာ အီရန်၏ အဏုမြူပြဿနာအပေါ် ဖျောင်းဖျပြောဆိုရင်း၊ အီရတ်ရှိ ရှီယက်မွတ်ဆလင်တို့အပေါ် အီရတ်တည်ငြိမ်ရေးအတွက် ကူညီရန်၊ အီရန်၏ဩဇာကိုအသုံးပြုရန် ပြောဆိုသင့်သည်။

ယူအက်(စ်)အမျိုးသား ကာကွယ်ရေးတက္ကသိုလ်မှ အီရန်အရေးကျွမ်းကျင်သူ ရေးတာကီက နေရှင်နယ်အင်ထရက်(စ်)ဂျာနယ်တွင် ဆောင်းပါးတစ်စောင်ရေးသည်။ သူက အမေရိကားနှင့် အီရန်တို့ modus vivendi ခေါ် ကြားကာလ

www.burmeseclassic.com

www.burmeseclassic.com


အလုပ်သဘော သဘောတူညီချက်တစ်ခု ရရှိရန် အခွင့်အလမ်းပေါ်နေသည်ဟု ထောက်ပြသည်။ အီရန်၏ လက်ရှိခေါင်းဆောင်တို့သည် လက်တွေ့ကျကျ စဉ်းစားလာကြသည်။ ထို့ကြောင့် အီရန်သီအိုကရေစီနှင့် အမေရိကန်တို့ တူညီသော အရေးတို့အပေါ်တွင် ယာယီဖြစ်စေ နားလည်မှုရရှိနိုင်မည်။

သို့ဖြစ်ရာ ဇာတ်ကောင်အညွှံ့စားတို့နှင့် ဆက်ဆံလျှင် ခပ်မာမာဆက်ဆံရမည်ဆိုသော၊ ဘု(ရှ)အစိုးရ၏ အသိုင်းအဝိုင်းတစ်ခုမှ လေသံတို့ကို လျစ်လျူရှုရန် လိုလာပြီ။ သူတို့ လေသံအတွက် အမေရိကန်လူထု၌ ခံနိုင်ရည်အင်အား မရှိတော့ပြီ။ အီရတ်၌ အောင်မြင်မှုအများဆုံးရရှိရေးကို ကြိုးပမ်းရမည်။

ဤတွင် စကားပုံအဆိုတစ်ခုက အဖိုးတန်လာသည်။ "မကောင်းဆိုးဝါး နတ်ဆိုးနှင့် သင် ညစာစားရမည်ဆိုလျှင် ဇွန်းရှည်ရှည်ကို အသုံးပြုပါ" ဟူသတည်း။ အီရတ်ကို ပြန်လည်ဖန်တီးရေးသည် ခက်ခဲသည်။ အီရတ်အိမ်နီးချင်းတို့ကို အတိုက်အခံလုပ်၍၊ အီရတ်ကို ပြန်လည်ဖန်တီးရမည်ဟု ဆိုပြန်လျှင်မူ ပို၍ခက်ခဲဦးမည်။ အီရတ်အိမ်နီးနားချင်းတို့ကို၊ ကိုယ်က မကောင်းဆိုးဝါးနတ်ဆိုးစာရင်းထဲ ထည့်ထားသည်။ သူတို့ကို ညစာဖိတ်ကျွေးရန်လိုပြီ။ သို့သော် ခက်သည်။ ဝါရှင်တန်၌ ဇွန်းရှည်ရှည် ထည့်ထားသော ပန်းကန်ခွက်ယောက်၊ ဗီရို ရှိ–မရှိ မသိရသေးခြင်းပင် ဖြစ်သည်။

နိုဝင်ဘာ၊ ၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

# ဖရိုးလား – ဖဲယားလား
# ဘုန်းနိုင်မှားသလား

"ကုန်သွယ်ရေး၌ တရားမျှတသည် (သို့မဟုတ်) တရားမမျှတ ဆိုသော အချက်သည်၊ ငွေလဲလှယ်နှုန်းအပေါ် အများအားဖြင့် တည်ရှိနေကြောင်း ပေါ်လွင်လာသည်။ ငွေလဲလှယ်ရေးနှုန်းအပေါ် ဗဟိုပြုရမည်။"

## ဖရိုးလား ဖဲယားလား

မကြာသေးမီက ကျင်းပပြီးစီးခဲ့သော အေပက်ခေါ် အာရှပစိဖိတ်ဒေသပူး ပေါင်းဆောင်ရွက်ရေး ထိပ်သီးညီလာခံကြီးတွင် "၂၁ ရာစုနှစ် ဂလိုဘယ်လိုက် ဇေးရှင်းနှင့် စိန်ခေါ်မှုများ" ဆိုသော ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးမှုတွင် မလေးရှားဝန်ကြီးချုပ် မဟာသီယာက တရားမျှတသော ကုန်သွယ်ရေး fair trade ကို ဆော်ဩသွားသည်။ လွတ်လပ်သော ကုန်သွယ်ရေး free trade ကို ရှုတ်ချသွားသည်။ ထို့ကြောင့် ၂၁ ရာစုနှစ်ထဲတွင် လွတ်လပ်သော ကုန်သွယ်ရေးကို အဓိကထားရမှာလား၊ (သို့တည်းမဟုတ်) တရားမျှတသော ကုန်သွယ်ရေးကို အဓိကထားရမှာလားဟုဆိုပြီး အငြင်းပွားစရာပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဤဆွေးနွေးပွဲတွင် at the end of the day ဆိုသော စကားတစ်ရပ်ကို ပီရူးနိုင်ငံသမ္မတက ရေလဲနှင့်သုံးစွဲသွားသည်။ 'နောက်ဆုံးမှာတော့' ဟု ဆိုလိုဟန်ရှိသည်။ ကြားထဲဘာတွေဖြစ်နေ–ဖြစ်နေ နောက်ဆုံးမှာတော့ "နိုင်ငံစုံကုန်သွယ်ရေး" multilateral trade သာ ပေါ်နေမည်ဟု သူကဆိုလိုပုံရသည်။ သူကဆက်လက်ပြီး reality အစစ်အမှန်ဆိုသောစကားကိုလည်း သုံးစွဲသွားသည်။ လက်ငင်းမှာတော့ နှစ်နိုင်ငံချင်း ကုန်သွယ်ရေး bilateral trade သည်သာ ပကတိ အစစ်အမှန်ဖြစ်နေသည်ဟု ထောက်ပြသည်။

ကပျက်ကချော်သဘောတော့ ပေါ်သည်။ အေပက်သည် ကုန်သွယ်ရေးကို ဦးစားပေးသော အဖွဲ့အစည်းဖြစ်လေရာ၊ နိုင်ငံပေါင်းစုံပါဝင်သော ကုန်သွယ်ရေး ဖြစ်ထွန်းရေးကို ဦးစားပေးသည်။ သို့သော် အေပက်ညီလာခံ လာတက်သူတို့သည်၊ ညီလာခံတက်ရင်း နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက် bilateral trade agreement တွေ၊ ရရှိသွားကြသည်။ သို့ဖြင့် နိုင်ငံစုံကုန်သွယ်ရေးသည် အိပ်မက်၊ နှစ်နိုင်ငံချင်း ကုန်သွယ်ရေးသည် ပကတိအစစ်အမှန် ဖြစ်နေသည်။ နှစ်နိုင်ငံကုန်သွယ်ရေးသည် နိုင်ငံရေးအခြေခံဟု ဆိုသည်။

## မေဂျာပါဝါချင်းလဲ

အေပက်တို့၊ အာဆီယံတို့ အီးယူတို့ဆိုသည်မှာ စင်စစ်အားဖြင့် ကုန်သွယ်ရေးအုပ်စု trade blocks များဖြစ်ကြသည်။ ဤကုန်သွယ်ရေးအုပ်စုတို့သည်လည်း စီးပွားရေးအရ အင်အားကြီးနိုင်ငံလို ဟိုအုပ်စုမှာပါ၊ ဒီအုပ်စုမှာပါ စသည်ဖြင့် ရောယှက်ပါဝင်နေကြသည်။ ဥပမာ–အမေရိကားဆိုလျှင် ကမ္ဘာ့ကုန်သွယ်ရေးအုပ်စုတိုင်းလိုလို၌ ပါဝင်နေသလိုဖြစ်သည်၊ cross -blocks ဟု ဆိုရမည်။

ယခုပြဿနာပေါ်လာသည်မှာ ကုန်သွယ်ရေးအုပ်စုတို့သည် ၂၁ ရာစုနှစ်ထဲ၌ ဘယ်လောက်လောက်အထိ ဆီဆီလျော်လျော်ရှိမလဲ။ ဘယ်လောက်အထိ အရေးပါအရာရောက်ပြီး အစွမ်းထက်မြက်မလဲ how far reevant and efficient ဆိုပြီး မေးလာသောမေးခွန်း ဖြစ်သည်။

ဤသို့မေးရန် အကြောင်းရှိသည်။ ခေတ်သည် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ဖြစ်သည်။ ဤဂလိုဘယ်လိုက်ဇေးရှင်းခေတ်၌ နိုင်ငံတို့ထက် ကော်ပိုရေး

www.burmeseclassic.com

www.burmeseclassic.com


ရှင်းကြီးတို့က ပိုပြီးစကားပြောမည်၊ ပိုပြီးအဓိပ္ပာယ်ရှိမည်ဟု ယူဆလာသော ကြောင့်ဖြစ်သည်။ နိုင်ငံချင်းအစိုးရတို့သည် အကူအညီနှင့်ချေးငွေ aid and loans ကိစ္စတို့၌သာ ပိုမိုအရာရောက်နိုင်ပြီး၊ ကုန်သွယ်ရေးနှင့်ပတ်သက်၍ အခွန် အကောက်ကိစ္စနှင့် ငွေကြေးနှင့် ဘဏ္ဍာရေးပေါ်လစီရေးရာတို့တွင်သာ အရေးပါ စရာရှိသည်။ ကျန်အပိုင်း ကော်ပိုရေးရှင်းကြီးများနှင့် ဆက်သွယ်ရေးက အဓိက ဖြစ်သည်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာက တရားမျှတသော ကုန်သွယ်ရေး fair trade ဟု ဆော်သြလိုက်ရာတွင်၊ အင်အားကြီးနိုင်ငံတို့နှင့် မဖွံ့ဖြိုးသေး သောနိုင်ငံတို့ကြား ကုန်သွယ်မှုဆက်ဆံရေးကို ပိုပြီးရည်ညွှန်းလိုဟန်ရှိခဲ့သည်။ စီးပွားရေးအင်အားကြီးနိုင်ငံ အချင်းချင်းကြား၌လည်း တရားမမျှတသော ကုန်သွယ်ရေးမျိုး ရှိနိုင်ပုံကို သတိမမူလိုက်ပေ။ unfair trade between two major economic powers ပေါ်နေပြီ။

## ဈေးပေါပေါရောင်း

ယခုလက်ငင်း တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းနေသည်။ အမေရိကန် ဒေါ်လာသည် တရုတ်ယွမ်ငွေနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးတက်နေသည်။ ယခု အမေရိကန်က တရုတ်ယွမ်ငွေကို တစ်နည်းတစ်ဖုံ တန်ဖိုးမြှင့်ရန် တောင်း ဆိုနေသည်။ ဤသို့ တောင်းဆိုရာ၌ အမေရိကန်က တရုတ်သည် ယွမ်ငွေကို တန်ဖိုးချ၍ အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးတွင် တရားမမျှတသော ကုန်သွယ်ရေး unfair trade၊ ပေါ်ပေါက်ရန် ကျင့်သုံးနေသည်ဟု စွပ်စွဲသည်။

တရုတ်က တရားမမျှတသော ကုန်သွယ်ရေးကို ဘယ်လိုကျင့်သုံးပါ သနည်း။ တရုတ်ယွမ်ငွေသည် တန်ဖိုးကျနေသည်။ ကျအောင်လည်း တမင် လုပ်ထားသည်။ ယွမ်ငွေ တန်ဖိုးကျသောအခါ ပြည်ပပို့ တရုတ်ကုန်ပစ္စည်းတွေ ဈေးပေါသွားသည်။ ဈေးချရောင်းသလို ဖြစ်သွားသည်။ တရုတ်သည် အမေ ရိကန်သို့ တရုတ်ကုန်တွေ ဈေးလျှော့ချပြီးရောင်းနေ၍ တရုတ်နှင့် အမေရိကန် ကုန်သွယ်ရေးငွေစာရင်းရှင်းတမ်းတွင်၊ အမေရိကန်က အကြီးအကျယ် အရှုံး တွေ့နေရသည်၊ big defict in trade balance ဟု ဆိုသည်။ ဤသဘောသည်ပင် တရားမမျှတဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com


တရုတ်ယွမ်ငွေသည် အမေရိကန်ဒေါ်လာနှင့် ပုံသေနှုန်းချိတ်ဆက် သတ်မှတ်ထားသည်။ အမေရိကန်တစ်ဒေါ်လာလျှင် ယွမ်ငွေ ၈.၂၈ နှင့် ညီသည်ဟူ၍ သတ်မှတ်ထားသည်။ ဈေးကွက် အခြေအနေကိုကြည့်လျှင်၊ လဲလှယ်ရေးနှုန်းကို လွှတ်ပေးထားပါက ယွမ်ငွေတန်ဖိုးတက်သွားမည်။ သို့သော် တရုတ်သည် လွှတ်မပေးဘဲထားသည်။ လှုပ်ရှားနိုင်သော ဘဲင် band ကို ကျဉ်းကျဉ်းမြောင်းမြောင်း narrow band သတ်မှတ်ထားသည်။ အထက်အောက် လှုပ်ရှားခွင့် ၀.၀၂ သာ ခွင့်ပြုသည်။ ယွမ်ငွေတန်ဖိုးနိမ့်မှ ကုန်သွယ်ရေးအကျိုးကျေးဇူးကို မတရားခံစားနေသည်ဟု စွပ်စွဲလာသည်။

ထို့ကြောင့် ပြဿနာတို့ကို ကြည့်၍ပြောရလျှင် ကုန်သွယ်ရေး၌ တရားမျှတသည်(သို့မဟုတ်) တရားမမျှတဆိုသော အချက်သည်၊ ငွေလဲလှယ်နှုန်းအပေါ် အများအားဖြင့်တည်ရှိနေကြောင်း ပေါ်လွင်လာသည်။ ငွေလဲလှယ်ရေးနှုန်းအပေါ် ဗဟိုပြုရမည်။

## ကြီးသုံးကြီးမှ

တရုတ်ပြည်၏ ငွေလဲလှယ်ရေးနှုန်းစနစ်၌ လက္ခဏာနှစ်ပါးရှိသည်။

(၁) ဒေါ်လာနှင့် ပုံသေနှုန်းပြု၍ ချိတ်ဆက်သတ်မှတ်ထားသည်၊

(၂) ယွမ်သည် မည်သည့်ငွေကြေးနှင့်မဆို လွတ်လပ်စွာလဲလှယ်ခွင့်မရှိပေ၊ non - convention bility ဟု ခေါ်သည်။

တစ်နည်းပြောလျှင် လွတ်လပ်သော နိုင်ငံခြားငွေဈေးကွက် free foreign enchange market မရှိခြင်းနှင့်၊ ပုံသေလဲလှယ်ရေးနှုန်းစနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည်။

တရုတ်သည် အင်အားကြီးသော စီးပွား ရေးနိုင်ငံဖြစ်သည်။ စီးပွားရေးစူပါ ပါဝါနိုင်ငံ ဖြစ်လိုသောရည်မှန်းချက် ရှိ–မရှိကား မသိရသေးပေ။ မည်သို့ပင်ဖြစ်စေ စီးပွားရေးစူပါ ပါဝါဖြစ်လိုလျှင်၊ ယွမ်ငွေကို ပုံသေနှုန်းမှ သတ်မှတ်ထားခြင်းမှ စွန့်ခွာပေးရမည်။ ငွေဈေးကွက် ဖွင့်ပေးရမည်။ ယွမ်ကို မည်သည့်ငွေကြေးနှင့်မဆို လွတ်လပ်စွာ လဲလှယ်ခွင့်ပြုရမည်။

အမေရိကန်သမ္မတ ဘုရှ် အစိုးရကို ဝေဖန်သူတို့က၊ ဘုရှ် အစိုးရ

www.burmeseclassic.com

www.burmeseclassic.com


သည် တရုတ်ယွမ်ငွေကိစ္စနှင့် ပတ်သက်၍ ဘုနိုပ်မှားနေသည်။ pushing the wrong button ဟု ဝေဖန်သည်။ ဘု(ရှ)အစိုးရက တရုတ်ပြည်အား ပျော့ပျောင်းသော လဲလှယ်ရေးနှုန်းစနစ် flexible exchange rate system ရှိသင့်ကြောင်း၊ ကွင်းညီညီမှာကစားသင့်ကြောင်း level playing field လောက်ကိုသာ ပြောနေသည်။ ယွမ်ငွေကို free conventible ပြုလုပ်ရန် မပြောသဖြင့် ဘုမှားနိုပ်နေသည် ဟုဆိုသည်။

ကမ္ဘာ့နိုင်ငံခြားငွေဈေးကွက်တွင် ကြီးသုံးကြီး big three ရှိသည်။ ဒေါ်လာ၊ ယူရိုနှင့် ယန်းငွေတို့ဖြစ်ကြသည်။ နှစ်ပေါင်း ၃၀ ကျော် ကြီးသုံးကြီးငွေတို့ကသာ လွတ်လပ်စွာဖလှယ်ခွင့် ရှိခဲ့သည်။ ယခုအခါ တရုတ်ယွမ်သည် ဤကြီးသုံးကြီးကလပ်ထဲ ဝင်သင့်ပြီ။ ကြီးလေးကြီးကလပ် ဖြစ်သင့်ပြီဟု ပြောလာကြသည်။

ကုန်သွယ်ရေးသည် တရားမျှတသည်၊ တရားမမျှတသည်ဆိုသော အချက်သည် ငွေကြေးလဲလှယ်ရေးနှုန်းတို့ကို ဘယ်လောက် ဖလုတ် float လုပ်နိုင်သနည်းဆိုသော ပြဿနာအပေါ် တည်လာဟန်တူသည်။

နိုဝင်ဘာ၊ ၂၀၀၃။

အညွှန်း U3C; IHT

www.burmeseclassic.com

www.burmeseclassic.com

ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်၊ သမိုင်းအဆက်အစပ် historical context တို့သည်၊ အရေးကြီးချင်မှ ကြီးတော့သည်။ ahistorical ဟုဆိုသော သမိုင်းကို ထည့်သွင်းစဉ်းစားရန် မလိုသော အခြေအနေတွေ ပေါ်လာသည်။ တစ်နည်းပြောလျှင် အတိတ်ထက်၊ ပစ္စုပ္ပန် present က ပို၍အရေးကြီးသည်။ အဝေးထက် ဒီနေရာ here က၊ ပို၍ အရေးကြီးသည့် သဘောတို့ကို မွေးထုတ်သည်။ ယင်းကို primacy of the Here and Now ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျင့်ထုံးနှင့် ယဉ်ကျေးမှု မျက်နှာစာနှစ်ရပ်ကို ဂလိုဘယ်အချိန်နှင့် တွက်ခြင်း

## ဂိမ်းစည်းမျဉ်း-ဘဝစည်းမျဉ်း

Globalization ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဒီမိုကရေစီတို့ အဆက်အစပ်ကို၊ နိုင်ငံရေးသိပ္ပံပညာရှင်တို့က ဖော်ထုတ်စဉ်းစားကြည့်လာကြသည်။ ခြုံငုံပြီး ပဏာမကောက်ချက်ဆွဲကြည့်သူတို့က 'ဂလိုဘယ်လိုက်ဇေးရှင်းသည် ဒီမိုကရေစီအတွက်ကောင်းသည်' ဟု မှတ်ချက်ချသည်။ သို့ရာတွင် ဂလိုဘယ်လိုက်ဇေးရှင်းက ဒီမိုကရေစီကို အားနည်းစေသောအချက် ဖက်တာ factors တို့ကိုလည်း တွေ့နေ၍၊ အပြတ်မပြော။ တစ်ချက်ချင်း သုံးသပ်ကြည့်သည်။

ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ချိတ်ဆက်စဉ်းစားသူ ပညာရှင်တစ်ဦးက၊ ဒီမိုကရေစီကို မျက်နှာစာနှစ်ဖက် two dimisions ဖြင့် ဖွင့်ပြသည်။

ပထမ – ဒီမိုကရေစီကို၊ လုပ်ထုံးလုပ်နည်း ကျင့်ထုံး procedure အနေဖြင့်ကြည့်သည်။

ဒုတိယ – ဒီမိုကရေစီကို၊ ယဉ်ကျေးမှု culture အနေဖြင့် ကြည့်သည်။

သူက မျက်နှာစာအလိုက် အနက်အဓိပ္ပာယ်ဖွင့်ဆိုပြသည်။

ဒီမိုကရေစီ၏ လုပ်ထုံးလုပ်နည်းကျင့်ထုံး မျက်နှာစာဆိုသည်မှာ၊ election တို့မှတစ်ဆင့် အစိုးရများအပြောင်းအလဲလုပ်သောယန္တရား mechanism

www.burmeseclassic.com

www.burmeseclassic.com


ကို၊ ဆိုလိုသည်ဟု အနက်ဖွင့်သည်။

ယဉ်ကျေးမှုအနေဖြင့်ရှိသော ဒီမိုကရေစီဆိုသည်မှာ၊ သဘောထားအမြင်နှင့် အကျိုးစီးပွားတို့ကို တရားမျှတသော အခြေအနေတွင် ဖော်ထုတ်ဖြစ်ထွန်းရန်၊ လိုအပ်သော ပုံစံတကျစည်းမျဉ်းနှင့် ပုံစံတကျ မဟုတ်သော စည်းမျဉ်းတို့ကို စုပေါင်းထားရာစည်းမျဉ်းပေါင်းချုပ် a collection of formal and informal rules ဟု အနက်အဓိပ္ပာယ်ဖွင့်သည်။

ပို၍ လွယ်ကူအောင်၊ သူက လုပ်ထုံးနည်း ကျင့်ထုံးမျက်နှာစာသည်၊ ဂိမ်းစည်းမျဉ်း rules of the game ဟု ဆိုသည်။ ယဉ်ကျေးမှု မျက်နှာစာကို ဘဝစည်းမျဉ်း rules of life ဟုဆိုသည်။

## ရွာဖရိန်မှ

ဂလိုဘယ်လိုက်ဇေးရှင်းက ဒီမိုကရေစီနှင့် ချိတ်ဆက်သောအခါ၊ လုပ်ထုံးလုပ်နည်း ကျင့်ထုံးပိုင်း၌ ဘယ်လိုချိတ်ဆက်၍၊ ယဉ်ကျေးမှုအပိုင်း၌ ဘယ်လိုချိတ်ဆက်သနည်းဟု နှစ်မျိုး ခွဲခြားကြည့်သည်။ ထိုသို့ ခွဲခြားကြည့်နိုင်ရန် ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ ဘာလဲဟု အနက်ရှင်းပြသည်။

ဂလိုဘယ်လိုက်ဇေးရှင်းသည် ကမ္ဘာနှင့်ချီပြီး လူမှုဆက်ဆံရေးတို့ကို၊ ပို၍ စူးစူးစိုက်စိုက် အရှိန်မြှင့်စေသည်။ ဤသို့ အရှိန်မြှင့်လိုက်သောကြောင့် ကာလနှင့် ဒေသ time and space တို့ဆိုင်ရာ အဆက်ပြတ်ထွက်သွားသည်။ disjunction ဖြစ်သွားသည်ဟုဆိုသည်။ အဓိပ္ပာယ်မှာ ဖြစ်ရပ်တို့ ဖြစ်ရာအရပ်တို့သည်၊ ဤဖြစ်ရပ်တို့၏ အကျိုးသက်ရောက်မှုပေါ်ရာ အရပ်တို့နှင့်၊ ဝေးသည်ထက်ဝေး ကွာသွားခြင်းကို ဆိုလိုသည်။ ဖြစ်ရာအရပ်နှင့် ဖြစ်ရပ်အကျိုးပေါ်ရာအရပ်တို့ အလှမ်းဝေးသထက် ဝေးသွားပြီ။

ရှေးရိုးသမားရိုးကျ လူ့အဖွဲ့အစည်း၌ လူတို့သည်၊ ကျေးရွာလို အဝန်းအဝိုင်းကန့်သတ်ထားသောအရပ်၌ နေထိုင်ကြလေရာ၊ သူတို့ မွေးရာကျေးရွာ၏ အခြေခံဖရိန်အတွင်း၌ပင်၊ ဖြစ်ပျက်သမျှနှင့် အဖြစ်အပျက်တို့၏ အကျိုးသက်ရောက်မှုတို့ကို၊ အကုန်တွေ့မြင်ခဲ့ကြရသည်။ သူတို့၏ ကာလသိ၊ ဒေသအရပ်သိတို့သည်၊ အကန့်အသတ်နှင့်သာ ရှိခဲ့သည်။ ကာလနှင့် ဒေသအဆက်သည် တစ်ခါတည်းချိတ်ဆက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် ယခုခေတ်သစ်လူ့အဖွဲ့အစည်း၌မူ၊ ဒေသအရပ်စက်ဝန်းသည် အလွန်ကျယ်ပြန့်သွားပြီ။ ဤသို့ကျယ်ပြန့်သွားရသည်မှာ၊ လူတို့၏အခန်းကဏ္ဍနှင့် လုပ်ငန်းဆောင်တာ role and functions တို့က၊ အထူးသီးသန့်စပါယ်ရှယ်တွေ ဖြစ်လာသောကြောင့်ဖြစ်သည်။ တစ်ဦးကိုတစ်ဦး မှီခိုရပြီး၊ လူတိုင်းက အရာတိုင်းကို အကုန်လုပ်သောခေတ် ကုန်ဆုံးသွားသောအခါ၊ ဒေသအရပ်စက်ဝန်းသည် ကျယ်ပြန့်သွားတော့သည်။ ထို့ကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းသည်၊ ဒေသအရပ်စက်ဝန်းကို တိုးချဲ့သောဖြစ်စဉ် ဖြစ်သည်ဟု နားလည်ရသည်။

## ကာလဒေသအဆက်ပြတ်

အရပ်ဒေသ space နှင့်၊ ကာလ time ချိတ်ဆက်သွားသော အဆက်လည်းပြတ်ထွက်သွားအောင်၊ ဂလိုဘယ်လိုက်ဇေးရှင်းက ပြုလုပ်သည်။ သုတေသီက၊ အရပ်ဒေသနှင့် ကာလကြား အဆက်ပြတ်ပုံ ဥပမာတွေမျိုးစုံဖော်ပြသည်။ လိုရင်းပြောရလျှင် ဒေသတစ်ခုမှ ဖြစ်ရပ်သည်၊ အခြားဒေသ၌ သွားရောက် ဂယက်ရိုက်နိုင်စေကာမူ၊ ဂယက်ရိုက်ခံရသော ဒေသမှဖြစ်ရပ်တို့သည်၊ ပထမဒေသမှဖြစ်ရပ်ကြောင့်ဟု မဆိုနိုင်ခြင်းပင် ဖြစ်သည်။

ကာလဆိုသည်မှာ သမိုင်းကို ရည်ညွှန်းလေ့ရှိသည်။ သို့သော် ယခု– ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်၊ သမိုင်းအဆက်အစပ် historical context တို့သည်၊ အရေးကြီးချင်မှ ကြီးတော့သည်။ ahistorical ဟု ဆိုသော သမိုင်းကို ထည့်သွင်းစဉ်းစားရန်မလိုသော အခြေအနေတွေ ပေါ်လာသည်။ တစ်နည်းပြောလျှင် အတိတ်ထက်၊ ပစ္စုပ္ပန် present က ပို၍အရေးကြီးသည်။ အဝေးထက် ဒီနေရာ here က၊ ပို၍ အရေးကြီးသည့် သဘောတို့ကို မွေးထုတ်သည်။ ယင်းကို primacy of the Here and Now ဟုခေါ်သည်။ ဒီနေရာ here နှင့် ပစ္စုပ္ပန် now ၏ မူလကျမှုဟု ပြောရမည်။

ပညာရှင်တို့က ကာလနှင့်ဒေသ ချိတ်ဆက် အဆက်ပြတ်ထွက်သွားသည် ဆိုသော အယူအဆကို ပြောသောအခါ၊ လက်မဲ့ဖြစ်ခြင်း dispossession တို့ကို လည်း ရည်ညွှန်းသည်။ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်တွေ အရင်းပြတ်ကျသည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် ဤသို့

www.burmeseclassic.com

www.burmeseclassic.com


သော လက်မဲ့ဖြစ်မှုတို့ကို တိုးပွားစေသောအခါ၊ ဤသို့ လက်မဲ့ဖြစ်သူတို့သည် ဒီမိုကရေစီအပေါ် ယုံကြည်မှုလျော့ပါးသွားနိုင်သည်။ ဤသည်ပင် အန္တရာယ်ဖြစ်နိုင်သည်ဟု ထောက်ပြသည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် နိုင်ငံရေးဇာတ်ရုပ် လူမှုရေးဇာတ်ရုပ်ပေါင်းစုံတို့ကိုလည်း မွေးထုတ်မည်ဖြစ်လေရာ၊ သူတို့က ဇာတ်ခုံအပေါ် ဇာတ်ညွှန်းမရှိဘဲ ကပြမလား၊ ဇာတ်ညွှန်းနှင့်ကပြမည်လား၊ အသေအချာ မပြောနိုင်သေးဟု ဆိုကြသည်။

## အချိန်နှစ်မျိုး

ဂလိုဘယ်လိုက်ဇေးရှင်းသည် ဒီမိုကရေစီ မျက်နှာစာနှစ်ရပ်ဖြစ်သော ကျင့်ထုံး procedure နှင့်၊ ယဉ်ကျေးမှု culture တို့ကြား ချိုင့်ခွက် gap ကြီးကိုလည်း မွေးထုတ်လိမ့်မည်ဟု ပညာရှင်က ဟောကိန်းထုတ်သည်။ ဒီမိုကရေစီကို လုပ်ထုံးလုပ်နည်းကျင့်ထုံး procedure အနေဖြင့်၊ ပို၍ မြန်မြန်ဆန်ဆန် ထူထောင်ပေးနိုင်ပါလိမ့်မည်။ သို့ရာတွင် ဒီမိုကရေစီကို ယဉ်ကျေးမှု culture အနေဖြင့်၊ ဖွံ့ဖြိုးရန် အချိန်အတော်ယူရမည်။ ရေရှည်ကျမှ အောင်မြင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

ပညာရှင်က ကာလအချိန်ကို နှစ်မျိုးခွဲခြားကြည့်သေးသည်။ ဂလိုဘယ်လိုက်ဇေးရှင်းမို့ global time ဂလိုဘယ်အချိန်ကာလကို ကြည့်သည်။ ဂလိုဘယ် အချိန်သည် ဤနေရာနှင့် ပစ္စုပ္ပန်ကို အာရုံပြုသည့်အလျောက်၊ တစ်ပြိုင်နက်တည်းနှင့် ချက်ချင်း simultaneity and instantaneouness တို့ကို ဦးစားပေးသည်။ ဤသဘောမှ ဘာကောက်ချက်ဆွဲသနည်းဆိုသော်၊ လုပ်ထုံးလုပ်နည်း ကျင့်ထုံးမျက်နှာစာ ဒီမိုကရေစီကို၊ ဂလိုဘယ်အချိန်နှင့်ညှို၍ ခပ်မြန်မြန် တည်ဆောက်နိုင်စေကာမူ၊ ယဉ်ကျေးမှုမျက်နှာစာ ဒီမိုကရေစီကမူ၊ ဂလိုဘယ် အချိန်နှင့် အချိုးပြေပြစ်နိုင်မည် မဟုတ်ပေ။ not synchronous ဟု ထောက်ပြသည်။

ကျင့်ထုံးကို ဂလိုဘယ်အချိန်နှင့် ထူထောင်လို့ရသည်။ ယဉ်ကျေးမှုကိုမူ၊ ဂလိုဘယ်အချိန်ထက် ပို၍ကြာရှည်စွာ၊ အချိန်ယူရမည်ဟု ဆိုသတည်း။

ဒီဇင်ဘာ၊ ၂၀၀၃။

စာညွှန်း ။ ။ Democracy in Real time, by Zaki Laidi

www.burmeseclassic.com

www.burmeseclassic.com


# မဏ္ဍာရိုကောင်းဗဟာ(စ်)၌ အူလိုင်ငါးပါးရေးဆွဲခြင်း

There are more things in heaven and earth than are dreamt of in their philosophy.

ဒသနထဲတွင် အိပ်မက်မက်သောအခါ တွေ့ရသည့်အရာတို့ထက်၊ ကောင်းကင်ဘုံနှင့် ဤမြေကမ္ဘာကြီးတွင် တွေ့ရသောအရာတို့က၊ ပိုလို့ များပါသည်။

## ပတ္တူကြီးကြီးဆေးစက်ပက်

မျိုးဆက်သစ်ပညာရှင်တို့က ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးတို့ကို သုတေသနပြုသောအခါ၊ ပြဿနာအမောင်းခံ သုတေသန problem driven research တို့ကို ပြုလုပ်လာကြသည်။ ပြဿနာတို့ကို ဗဟိုပြုသည်။ ဤသို့ ပြုလုပ်ရာ၌လည်း ပုံကားချပ်ကြီးကြီး၊ အနက်အဓိပ္ပာယ် အဆက်အစပ်ကြီးကြီး၊ big picture and big context တို့ကို နောက်ခံပြုသည်။ ဤသို့ ပြုသောအခါ မျိုးဆက်သစ် ပညာရှင်တို့ကြား၌ စိုးရိမ်စိတ်တွေပေါ်သည်။ မနိုင်မနင်းဖြစ်မည်ကို ပူပန်ခြင်း ဖြစ်တန်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤသဘောကို ဝေဖန်သူတစ်ဦးက လူငယ်ပန်းချီဆရာတစ်ဦး၊ ပတ္တူ (ကင်းဗတ်စ်) ကြီးကြီးနှင့် ပန်းချီဆွဲရသောအခါ၊ စိုးထိတ်နေပုံနှင့် နှိုင်းသည်။ ပတ္တူကြီးကြီးပေါ် ခုမှ စတင်၍ စုတ်ချက်ဆေးချက် ပက်ကြည့်လျှင် ၊ ပတ္တူကြီးကြီးအရှိန်က မိမိကို ခြောက်လှန့်နေမည်။ ပုံတွေအကုန်မပါနိုင်။ အရောင်တွေ အကုန်မထည့်နိုင်၊ စုစည်းမိသောပုံရိပ် ပေါ်မှပေါ်ပါ့မလား စသည်ဖြင့် ရင်ခုန်တတ်သည်။

အလားတူစွာပင်၊ ကမ္ဘာ့နိုင်ငံရေးကို သမိုင်းအဆက်အစပ်၊ အခြားအခြင်းအရာ အဆက်အစပ်တို့နှင့် နှိုင်းယှဉ်လေ့လာရသောအခါတွင် ယင်းကို International Comparative Politics ဟုခေါ်သည်။

ပြဿနာတို့သည် အလွန်ကြီးမားသည့်အလျောက် တစ်ခုလုံးခြုံ၍ သုံးသပ်ရသော ပြဿနာတို့ဖြစ်သည့်အလျောက်၊ ဤလိုလေ့လာနည်းကို မက္ကရိုနိုင်ငံရေး macropolitics ဟုခေါ်သည်။

တစ်ဖန် ပြဿနာအားလုံးထဲမှ အူတိုင်ကျောရိုး core ကို ရှာရသေးသည်။ ဤအူတိုင်ကျောရိုးပြဿနာတို့ကို အခြားပညာရှင်တို့က ဘယ်လိုမြင်ကြသလဲ၊ ဘယ်လိုသုံးသပ်ကြသလဲဟူ၍ နှိုင်းယှဉ်ရသေးသည်။ ပြီးမှ မိမိတွေ့ရှိချက်နှင့် ပညာရှင်တို့၏အမြင်နှင့် နှိုင်းယှဉ်ရသည်။ အခြေခံကွာဟချက် ဆန့်ကျင်ဘက် basic dichotomy တို့ရှိလျှင် ဖော်ထုတ်ရသည်။

## အူတိုင်ကျောရိုးငါးပါး

ကမ္ဘာ့ရေးရာပညာရှင် အယ်လ်ဖရက် စတီပင်သည်၊ အထက်ဆိုခဲ့ပါနည်းတို့ကို အသုံးပြုလျက်၊ ကမ္ဘာ့နိုင်ငံရေးတစ်ခုလုံးကို လွှမ်းခြုံထားသည့် အူတိုင်ကျောရိုး မက္ကရို ပြဿနာကြီးငါးပါးကို ဖော်ထုတ်သည်။ ပညာရှင်တို့၏ ယခင်အမြင်တို့ကို စိန်ခေါ်ကြည့်သည်။ အထောက်အထားတို့ဖြင့် ခိုင်လုံ–မလုံစမ်းသပ်ကြည့်သည်။ သို့ဖြင့် အောက်ပါ အူတိုင်ကျောရိုး ငါးပါးနှင့် စပ်လျဉ်း၍ စာဒကတက်ကြည့်သည်။

(၁) ကမ္ဘာအရပ်ရပ်မှ လက်နက်ကိုင်အဖွဲ့အစည်းတို့သည် ပညာသည် ကြေးစား ဆန်လာသည်နှင့်အမျှ၊ professionalism ပို၍ ပီသလာ

www.burmeseclassic.com

www.burmeseclassic.com


သည်နှင့်အမျှ၊ နိုင်ငံရေးလည်း ပို၍ ဆန်လာသလား၊ politicization ပိုဖြစ်လာသလား။ ဤအချက်တွင် စတီပင်သည်၊ ဟားဗတ်ပါမောက္ခ ဆင်မြူရယ်ဟန်တင်တန်နှင့် အမြင်ချင်းကွဲလွဲသည်။ ဟန်တင်တန်က ပညာသည် ကြေးစားပို၍ဆန်လာသည်နှင့်အမျှ၊ ပြည်ပကာကွယ်ရေးကို ပိုပြီးအာရုံစူးစိုက်လာကြသည်ဟု မြင်သည်။

(၂) အသွင်ကူးပြောင်းနေသော နိုင်ငံတို့တွင် သဘောထားတင်းမာသူနှင့် သဘောထား ပျော့ပျောင်းသူ hard liner - versus - softliner ဆိုပြီး ခွဲခြားသတ်မှတ်မှုသည် ဘယ်လောက်ဆီလျော်မှန်ကန်သနည်း။ စတီပင်က စော်ဘွားစုလတန်ဝါဒ၊ တိုတဲလ်လီတီရေးရီယန်ဝါဒတို့တွင် ဤလို ပိုင်းခြားမှုသည် ခက်ခဲသည်ဟု တင်ပြသည်။

(၃) တိုင်းရင်းသားလူမျိုးစုများ သွေးစည်းညီညွတ်ရေးကိစ္စတွင် 'အတူလာခြင်း' coming together နှင့် 'အတူလက်တွဲခြင်း' holding together တို့ ခြားနားပုံကို ထောက်ပြသည်။

(၄) ကမ္ဘာအရပ်ရပ်တွင် ဒီမိုကရေစီဆန်ခြင်း democritization လား။ (သို့တည်းမဟုတ်) လစ်ဘရယ်ဆန်ခြင်း liberalization လား ဆိုပြီး အငြင်းပွားနေသည်။ စတီပင်က ဤလို နည်းလမ်းနှစ်သွယ်ဖြင့်သာ ကန့်သတ်စဉ်းစားခြင်းကို ဆန့်ကျင်သည်။ အခြားရွေးချယ်စရာ နည်းလမ်း alternative paths တွေ အများကြီး ရှိနိုင်သေးကြောင်းကို ထောက်ပြသည်။

(၅) စတီပင်သည် ကမ္ဘာ့ဘာသာရေးကြီးများအပေါ် သုံးသပ်ပုံ၌လည်း ဟန်တင်တန်နှင့် အမြင်ကွဲလွဲသည်။ ပါမောက္ခဟန်တင်တန်က မည်သည့် ဘာသာရေးသည် ဒီမိုကရေစီဆန်သည်။ မည်သည့် ဘာသာရေးကမူ ဒီမိုကရေစီမဆန်ဟု သုံးသပ်ခြင်းကို စောဒကတက်သည်။ စတီပင်က ဘာသာရေးတိုင်းတွင် သည်းခံစာနာမှုနှင့် သည်းမခံ မစာနာခြင်း အမြွှာ twin tolerations and twin intolerations ကိစ္စတို့အပေါ် အသံအမျိုးမျိုးပြု၍ ရုန်းကန်လှုပ်ရှားနေရသည်ဟု ထောက်ပြသည်။ multivocal struggle ဟု အမည်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


## ရေရှည်အရေးပါမှု

ဖော်ပြပါအဆိုပါငါးပါးသည် မက္ကရို ကမ္ဘာ့နိုင်ငံရေးဆိုင်ရာအဆိုများ ဖြစ်လေရာ တော်တော်ကြီးသော ပြဿနာတို့ ဖြစ်ကြသည်။ ကမ္ဘာ့နိုင်ငံရေး၏ လားရာပုံပန်းသဏ္ဌာန်ကို ပုံလောင်းမည့်အရာတွေ ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေး ပညာရှင်တို့ဖြစ်စေ၊ ကမ္ဘာ့နိုင်ငံရေးကျွမ်းကျင်သူတို့ဖြစ်စေ၊ ကမ္ဘာ့နိုင်ငံရေးနှင့် မကင်းနိုင်သူတို့ဖြစ်စေ၊ ဖော်ပြပါ အုတိုင်ကျောရိုးငါးပါးအပေါ်၊ တစ်နည်း မဟုတ်တစ်နည်း သဘောထားအမြင် ထုတ်ဖော်ပြောကြရမည် ဖြစ်သည်။ ဤ ကျောရိုးအုတိုင်နှင့် ကင်းလွတ်လို့ရကြမည် မဟုတ်ပေ။

ပြဿနာတို့ကို ရွေးထုတ်သောအခါ အရေးပါအရာရောက်မှု significance အတိုင်းအတာကို ကြည့်၍ ရွေးထုတ်လေ့ရှိကြသည်။ သို့သော် စတီပင် ကမူ ရေရှည်တည်မြဲနေမည့် အရေးပါအရာရောက်မှု onduring significance တို့ကိုစု၍ အလေးအနက်ထားကြည့်သည်။ ဒီနေ့ အရေးပါအရာရောက်၊ နောက် နေ့၌ အရေးမကြီးတော့သည့် ပြဿနာမျိုးတို့ကို ထည့်သွင်းမစဉ်းစားပေ။

သို့ရာတွင် မက္ကရိုနိုင်ငံရေးသည် နှိုင်းယှဉ်သမိုင်းထဲ ဝင်ရသည့်အခါတွင်၊ အကျိုးအကြောင်း ဆက်စပ်မှုတရားသည် မသေချာမရေရာ ဖြစ်ကုန်တတ် သည်။ uncertainty about causality ဟု ဆိုသည်။

## ဒဿနအိပ်မက်

ပညာရှင်သုတေသီတို့အဖို့ မိမိတို့အဆိုအမိန့်အကြောင်းကို ပြောပြရသော အခါ၊ ရှေ့နေတစ်ယောက်လို၊ သင်္ချာဆရာတစ်ယောက်လို၊ သိပ္ပံပညာရှင် တစ်ယောက်လို ပြောပြရသည်။ ရှေ့နေလို စောဒကတက်သည်ဆိုသည်မှာ၊ အထောက်အထား သက်သေခံချက်တို့ကို စိစစ်ရွေးချယ်၍ မိမိအမှုကို ပေါ်လွင် အောင် သံသယမရှိအောင် ပြောရသည်။ သင်္ချာဆရာတစ်ယောက်လို ပြောရ သည် ဆိုသည်မှာ၊ မိမိသီအိုရမ် မှန်ကန်ကြောင်း သက်သေထူရသည်။ prove လုပ်ရ သည်။ သိပ္ပံပညာသည် ဓာတ်ခွဲခန်းထဲ၌ demonstrate သရုပ်ပြရသည်။

အယ်လ်ဖရက်စတီပင်သည် အထက်ဖော်ပြပါ အဆိုကြီးငါးရပ်ကို ဖော် ပြလိုက်သည်မှာ၊ အလားအလာပေါင်းများစွာ၏ ကျယ်ပြန့်သော မိုးကုပ်

www.burmeseclassic.com

www.burmeseclassic.com


စက်ဝိုင်း broad horizon ဖြင့် ဖော်ပြခြင်းဖြစ်သည်။ အစဉ်အလာအရ ရှိသောအမြင်တို့ကို စိန်ခေါ်ထားခြင်း ဖြစ်သည်။

အယ်ဖရက်စတီပင်သည် မျိုးဆက်သစ် ပညာရှင်ဖြစ်သည်။ သူက ပတ္တမြားကြီးကြီးပေါ်တွင် ဆေးစက်ချသောအခါ၊ နှလုံးခုန်ရင်ခုန်သည့်လက္ခဏာတို့ကို တွေ့ရှိရသည်ဟု၊ အခြား ပညာရှင်တစ်ဦးကို ဝေဖန်သည်။ ဤပညာရှင်ကပင် ဒဿနဆိုးရိုးစကားတစ်ပုဒ်ကို ကိုးကားသည်။ "There are more things in heaven and earth than are dreamt of in their philosophy." "ဒဿနထဲတွင် အိပ်မက်မက်သောအခါ တွေ့ရသည့်အရာတို့ထက်၊ ကောင်းကင်ဘုံနှင့် ဤမြေကမ္ဘာကြီးတွင် တွေ့ရသောအရာတို့က၊ ပိုလို့များပါသည်ဟု ဆိုသတည်း။

ဒဿနဆရာတို့ တွေ့နိုင်သောအရာတို့ထက်၊ ဤကမ္ဘာလောကကြီး၏ ပြဿနာတို့က ပို၍ရှုပ်ထွေးများပြားလေရာ၊ မျိုးဆက်သစ် ပညာရှင်တို့က သုံးသပ်ပြမှသာ၊ လူအပေါင်းသိရမည့်အခြေကို ညွှန်းပုံရသည်။

ဒီဇင်ဘာ၊၂၀၀၃။

အညွှန်း – Arguing Comparative Politics:
by Alfred Hepan.

www.burmeseclassic.com

www.burmeseclassic.com

"၂၁ ရာစုနှစ် အရင်းရှင်စနစ်တွင်၊ အင်အားကြီးနိုင်ငံတို့ကလည်း ကိုယ့်ဒီပလိုမေစီနှင့်ကိုယ် ကျင့်သုံးကြမည်ဖြစ်လေရာ၊ ဒီပလိုမေစီချင်း ပွတ်တိုက်မိ စရာအကြောင်း ရှိသည်။ ဒီပလိုမေစီ ဟူသည် အကျိုးစီးပွား၊ interest ကို အဓိကထားကြည့်သည်ဖြစ်လေရာ၊ အကျိုးစီးပွားချင်း ချိန်ခွင်လျှာမျှမှုနှင့် အင်အားချင်း ချိန်ခွင်လျှာမျှမှု balance of interests and balance of power တို့ကို၊ အသို့ညှိကြမည်နည်းဟူ၍ အစဉ်မပြတ် ဆွေးနွေးနေကြရမည်သာ ဖြစ်သည်။"

www.burmeseclassic.com

www.burmeseclassic.com

# ၂၁ ရာစုနှစ် အရင်းရှင်စနစ်ကို ခန့်မှန်းကြခြင်း

## နှစ်မျက်နှာစာ

၂၁ ရာစုနှစ် အရင်းရှင်စနစ်၏ ပုံပန်းသဏ္ဍာန်သည် ၂၀ ရာစုနှစ် အရင်းရှင်စနစ်၏ ပုံပန်းသဏ္ဍာန်နှင့် ဘယ်လိုမျှမတူနိုင်ပေ။ အခြေခံအားဖြင့် ခြားနားကြတော့မည် ဖြစ်သည်။ ပညာရှင်တို့က ၂၀ ရာစုနှစ်၏ အရင်းရှင်စနစ်ကို ပြန်လည်ငဲ့စောင်းကြည့်ကြသောအခါ၊ ထိုစဉ်က ဖြစ်ထွန်းခဲ့သော နိုင်ငံရေးဖရိုန်ကိုလည်း အညွှန်းပြု၍ လေ့လာကြသည်။

၂၀ ရာစုနှစ် အရင်းရှင်စနစ်သည်၊ ကွန်မြူနစ်ဝါဒနှင့် ဖက်ဆစ်ဝါဒ မည်သော နိုင်ငံရေးဖရိုန်နှစ်ပါးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ကွန်မြူနစ်ဝါဒနှင့် ဖက်ဆစ်စနစ်တို့တွင်၊ အရေးကြီးသော ထူးခြားချက်တစ်ပါး ရှိသည်။ ယင်းမှာ–ကွန်မြူနစ်ဝါဒသည်၊ အရင်းရှင်စနစ်ကို စီးပွားရေးအဆင့်၌၊ ဆိုရှယ်လစ်စနစ်ဖြင့် ထိပ်တိုက်ရင်ဆိုင်သည့်အပြင်၊ နိုင်ငံရေးအဆင့်၌လည်း တစ်ပါတီအုပ်စိုးမှုစနစ်ဖြင့် ရင်ဆိုင်သည်။

ဖက်ဆစ်ဝါဒသည်၊စီးပွားရေးအဆင့်၌ အရင်းရှင်စနစ်ကို ကျားကန်ပေးသော်လည်း၊ နိုင်ငံရေး၌မူ သီးခြားနိုင်ငံရေးစနစ်ကို ထူထောင်သည်။ ဖက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com


အုပ်စိုးမှုဖြစ်သည်၊ အရင်းရှင်စနစ်ကို မဖျက်။ ကွန်မြူနစ်ဝါဒ၏ အရင်းရှင်စနစ်ကိုရင်ဆိုင်မှုသည် မျက်နှာစာစုံဖြစ်သည်။ ဖက်ဆစ်ဝါဒ၏ ရင်ဆိုင်မှုသည်၊ နိုင်ငံရေးမျက်နှာစာတစ်ခုတည်းသာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အရင်းရှင်စနစ်သည် ဒုတိယကမ္ဘာစစ်အတွင်း၌ ဖက်ဆစ်စနစ်အပေါ် အောင်ပွဲခံလိုက်သည်။ စစ်အေးခေတ်အတွင်း၌ အရင်းရှင်စနစ်သည် ကွန်မြူနစ်စနစ်အပေါ်၊ မျက်နှာစာနှစ်ဖက်စလုံးတွင် အောင်ပွဲခံလိုက်သည်။ သို့ဖြင့် အရင်းရှင်စနစ်သည်၊ ၂၀ရာစုထဲတွင် လစ်ဘရယ်ဒီမိုကရေစီနှင့် လက်တွဲ၍ ဖက်ဆစ်စနစ်နှင့် ကွန်မြူနစ်စနစ်တို့အပေါ် အောင်ပွဲခံခဲ့ပြီ။

## စစ်ကြီးနှင့်အကြမ်းဖက်စစ်

ယခုအောင်ပွဲခံခဲ့သော အရင်းရှင်စနစ်သည်၊ ၂၁ ရာစုနှစ်ထဲ ချင်းနင်းဝင်ရောက်လာခဲ့ရာ သုံးနှစ်ထဲပင် ရောက်ရှိနေပြီ။ သို့ဖြင့်၊ ၂၁ ရာစုနှစ် အရင်းရှင်စနစ်သည် မည်သည့်စိန်ခေါ်မှုအသစ်တို့ကို တွေ့နေရသနည်း။ ရှေ့၌ ဤစိန်ခေါ်မှုအသစ်တို့ကို အရင်းရှင်စနစ်က မည်သို့ ကိုင်တွယ်ဖြေရှင်းသွားနိုင်မလဲ ဟူ၍၊ ပုစ္ဆာတွေ ထွက်လာသည်။

၂၁ ရာစုနှစ်ထဲတွင်၊ လူ့ယဉ်ကျေးမှုချင်း ပဋိပက္ခသည် ထင်ထင်ရှားရှား ပြင်းထန်လာသည်။ ထို့ကြောင့် ဤပဋိပက္ခကို အရင်းရှင်စနစ်က စီးပွားရေးအရ သက်သာအောင် မည်သို့ပြုလုပ်ပေးနိုင်မည်နည်း။ အရင်းရှင်စနစ်၏ နိုင်ငံရေး မျက်နှာစာသည် ဒီမိုကရေစီဖြစ်လေရာ၊ ၂၁ ရာစုနှစ် အရင်းရှင်စနစ်သည် ဒီမိုကရေစီလမ်းသွယ်အဖုံဖုံ alternative paths တို့ကို မည်မျှလိုက်လျောညီထွေ နေရာချထားပေးနိုင်မည်နည်း။

ဤနေရာ၌ လမ်းသွယ်အဖုံဖုံ ဆိုသည်မှာ၊ အခြားရွေးချယ်စရာစနစ် alternative system ကို မဆိုလိုပေ။ စနစ်တစ်ခုတည်းသို့ လားရာလမ်းတွေ အမျိုးမျိုးရှိနိုင်ပုံကို ညွှန်းရာသာရောက်သည်။ တူညီသောရလဒ်ပေါ်အောင် နည်းလမ်းမျိုးစုံရှိခြင်း different paths to the same outcome သဘောကို ညွှန်းသည်။

ဥပမာ – ယခုအခါ၊ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ ဒီမိုကရေစီတို့ကို၊ အခြေခံအားဖြင့် သုံးမျိုးသုံးစားခွဲလာသည်။ ဤသုံးမျိုးမှာ လစ်ဘရယ် ဒီမို

www.burmeseclassic.com

www.burmeseclassic.com


ကရေစီ၊ လစ်ဘရယ်မကျသော ဒီမိုကရေစီ illeberal democracy နှင့် အစွလမ်မစ် ဒီမိုကရေစီတို့ဟူ၍ ဖြစ်သည်။

အရင်းရှင်စနစ်သည်၊ ၂၀ ရာစုနှစ်၌ ကမ္ဘာ စစ်ကြီးနှစ်ရပ် (ပထမနှင့် ဒုတိယ) နှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ ၂၁ ရာစုနှစ်၌ အရင်းရှင်စနစ်သည် အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲ wars against terrorism တို့နှင့် ရင်ဆိုင်နေရသည်။ ရှေ့ဆက်၍လည်း ရင်ဆိုင်ရဖွယ်ရှိသည်။ ပထမကမ္ဘာစစ်လို၊ ဒုတိယကမ္ဘာစစ်လို ဂလိုဘယ်စစ်ကြီး ဖြစ်ဖွယ်မရှိပြီ။

## ဝက်(စ်) ဖာလီးယား ကုလထိပ်သီး

၂၁ ရာစုနှစ်ထဲတွင် နိုင်ငံအချင်းချင်း ဖြစ်သောစစ် war between nations ဖြစ်စရာအကြောင်း အလွန်နည်းသွားပြီ။ အလားတူစွာပင် အင်အားကြီးနိုင်ငံချင်း ဖြစ်ပွားသော စစ် war between major power လည်း မဖြစ်နိုင်ပြီ။

ဤတွင် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလက နယူးယောက်တွင် ကျင်းပပြုလုပ်သော ကုလသမဂ္ဂထိပ်သီးညီလာခံ၏ ထောင်စုနှစ်သစ် ဆုံးဖြတ်ချက်တစ်ရပ်ကို၊ ညွှန်းရန်ဖြစ်လာသည်။ UN Millennium Summit ဆုံးဖြတ်ချက်ဟုခေါ်သည်။ ဤထိပ်သီး ညီလာခံကြီးက လူလူချင်း စာနာထောက်ထားမှုဖြင့် ဝင်ရောက်စွက်ဖက်မှု humanitarian intervention ကို ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်ကြောင့်၊ လူလူချင်း စာနာထောက်ထားမှုဖြင့်၊ ဝင်ရောက်စွက်ဖက်ခွင့်သည် အပြည်ပြည်ဆိုင်ရာဥပဒေ ဖြစ်သွားလေပြီ။ ဤဆုံးဖြတ်ချက်သည်၊ ၁၆၄၈ ခုနှစ်က ဆုံးဖြတ်ခဲ့သော ဝက်(စ်) ဖာလီးယားစာချုပ်ပါ၊ "သူများနိုင်ငံပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရ" ဆိုသော အခြေခံမှုကို၊ စွန့်လွှတ်ရာ ရောက်သွားသည်။ ၁၆ ရာစုနှစ်၌၊ ဘာသာရေးစစ်ပွဲကြီးများ ဖြစ်ပွားခဲ့ရာ အနှစ်သုံးဆယ်အထိပင် ကြာခဲ့သည်။ "အနှစ်သုံးဆယ်စစ်ပွဲ" ဟု၊ သမိုင်းတွင် နာမည်ကြီးသည်။ ဤစစ်ပွဲကို အဆုံးသတ်ရန် ဝက်(စ်) ဖားလီးယားစာချုပ် ချုပ်ဆိုကြပြီး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝင်ရောက်မစွက်ဖက်ရေးမူကို ချမှတ်ခဲ့ကြသည်။ ဤဝက်(စ်)ဖားလီးယား စာချုပ်သည် အင်အားအသုံးပြုခြင်းကို ကန့်သတ်ရန် ဖြစ်သည်။ ဤသည်ကို မေ့နေကြသည်ဟု၊

www.burmeseclassic.com

www.burmeseclassic.com


အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်တာဟင်နရီကစ်ဆင်ဂျာက ထောက်ပြသည်။

## ချိန်ခွင်နှစ်မျိုး

၂၁ ရာစုနှစ် အရင်းရှင်စနစ်တွင်၊ အင်အားကြီးနိုင်ငံတို့ကလည်း ကိုယ့်ဒီပလိုမေစီနှင့်ကိုယ် ကျင့်သုံးကြမည်ဖြစ်လေရာ၊ ဒီပလိုမေစီချင်း ပွတ်တိုက်မိစရာ အကြောင်းရှိသည်။ ဒီပလိုမေစီဟူသည်၊ အကျိုးစီးပွား၊ interest ကို အဓိကထားကြည့်သည် ဖြစ်လေရာ၊ အကျိုးစီးပွားချင်း ချိန်ခွင်လျှာမျှမှုနှင့် အင်အားချင်း ချိန်ခွင်လျှာမျှမှု balance of interests and balance of power တို့ကို၊ အသို့ ညှိကြမည်နည်းဟူ၍ အစဉ်မပြတ် ဆွေးနွေးနေကြရမည်သာ ဖြစ်သည်။

ဒီပလိုမေစီတို့သည် အရင်းရှင်စနစ် ဖြစ်ထွန်းကျယ်ပြန့်ရေးကိုလည်းကောင်း၊ အထက်၌ဖော်ပြခဲ့သော ဒီမိုကရေစီသုံးမျိုးကိုလည်းကောင်း တစ်နည်းတစ်ဖုံ အကျိုးသက်ရောက်ကြရမည်သာ ဖြစ်သည်။ ဤသို့ အကျိုးသက်ရောက်စေရာ၌ ချဉ်းကပ်ပုံချင်း တူကြလိမ့်မည် မဟုတ်ပေ။ ဥပမာ – ကမ္ဘာ့ကုန်သွယ်ရေးကို လွတ်လပ်စွာ တံခါးဖွင့်ပေးခြင်းနှင့်၊ တရားမျှတစွာ ကုန်သွယ်ခြင်း free trade လား၊ fair trade လားဆိုပြီး၊ မကြာသေးမီက ကျင်းပပြုလုပ်သွားခဲ့သော အေပက်ထိပ်သီးညီလာခံတွင် အငြင်းပွားခဲ့ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးတွင်၊ လွတ်လပ်စွာ တံခါးဖွင့်သည်ဖြစ်စေ၊ တရားမျှတသော ကုန်သွယ်ရေး ဖြစ်ထွန်းသည်ဖြစ်စေ၊ နှစ်မျိုးစလုံးသည် အရင်းရှင်စနစ်ကို ဘယ်လို အကောင်းဆုံးလည်ပတ်စေမည်နည်းဟု ပြောခြင်းသာ ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည်၊ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှုကို ဘယ်လောက်မြန်အောင် မောင်းမလဲ။ ဘယ်လောက် ကျယ်ကျယ်ပြန့်ပြန့် ချဲ့မလဲဆိုသောအချက်၌လည်း၊ အငြင်းပွားကြဦးမည် ဖြစ်သည်။

ဒီဇင်ဘာ၊၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

# အတ္ထုပ္ပတ္တိတီဗီ – ပုံပြင်ဝတ္ထုလား ရီဂဲင်ရုပ်ရှင်အငြင်းအခုံ

## မိနီစီးရီး

အတ္ထုပ္ပတ္တိစာပေလို့သာ ရှိခဲ့သည်။ ယခု အတ္ထုပ္ပတ္တိရုပ်ရှင်ဆိုပြီး ပေါ်လာသည်။ 'biopic' လို့ အတိုကောက်ခေါ်သည်။ မကြာသေးမီက သမ္မတဟောင်း ရိုနဲလ်ရီဂဲင်နှင့်၊ သူ၏ဇနီး နန်စီရီဂဲင်တို့၏ အတ္ထုပ္ပတ္တိကို စီဘီအက်(စ်) ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားဇာတ်ထုပ်အဖြစ် ရိုက်ကူးသည်။ ပြင်ပကြေးစား ဇာတ်ကောင်တို့ကို အသုံးပြု၍ ရိုက်ကူးခြင်းဖြစ်လေရာ၊ တီဗီစကားအရ မိနီစီးရီး ဟုခေါ်သည်။ အတ္ထုပ္ပတ္တိအမည်မှာ 'ရီဂဲင်တို့' ဖြစ်သည်။

သို့သော် ဤအတ္ထုပ္ပတ္တိတီဗီကို မပြဖြစ်ပေ။ တီဗီမှလွှင့်ခါနီး တစ်ပတ်လောက်အလိုကျမှ၊ စီဘီအက်(စ်)က ဤအတ္ထုပ္ပတ္တိဇာတ်လမ်းကို ပြသရန် ရုပ်သိမ်းလိုက်သည်။ နိုင်ငံရေးလောကနှင့် မီဒီယာလောကတစ်ခုလုံး ပွက်လောရိုက်သွားသည်။ အကြောင်းမူ၊ ဤဇာတ်လမ်းနှင့်ပတ်သက်၍ အိုင်ဒီအိုလိုဂျီပြဿနာ ရှုပ်ထွေးသွားသောကြောင့် ဖြစ်သည်။ ထို့အပြင် ၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲနီးပြီဖြစ်၍ နိုင်ငံရေးကိစ္စတို့ကလည်း ဝင်စွက်ဖက်လာကာ၊ ဂျာနယ်လစ်ဇင်ပြဿနာတို့၌ အငြင်းပွားစရာတွေ ပေါ်လာသည်။ 'ဘိုင်အိုပစ်' ၏ အနုပညာဆိုင်ရာ ဝေဖန်မှုတို့ကလည်း ပြည့်နှက်လာသည်။

ပထမအချက်အနေဖြင့်၊ 'ရီဂဲင်'အတ္ထုပ္ပတ္တိ ကို ရိုက်ကူးမည့် စီဘီအက်(စ်) ရုပ်မြင်သံကြားကို ဝေဖန်သည်။ စီဘီအက်(စ်) သည် ဒီမိုကရက်တစ်တို့၏ ဂျော်ဒါကို ရှေ့နေလိုက်တတ်သည်။ လစ်ဘရယ်ဂျော်ဒါကို လက်ကိုင်ထားသည်။ ဤသို့ ဒီမိုကရက်နှင့် လစ်ဘရယ်ဘက်ယိမ်းယိုင်သော စီဘီအက်(စ်)က၊ ရီပတ်ပလီကန် သမ္မတဟောင်းကို ရုပ်မြင်အတ္ထုပ္ပတ္တိဇာတ်လမ်း ပွဲထုတ်၍ ကွန်ဆာဗေးတစ်ဝါဒကို၊ သရုပ်ပျက်အောင် ပြုလုပ်ထားသည်ဟု ရီဂဲင်ဘက်တော်သားတို့က ဝေဖန်တိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


# အနုပညာလွတ်လပ်မှု

ဤဝေဖန်မှုသည် သဘောတရားနှင့်လည်း မဆိုင်။ နိုင်ငံရေးနှင့်လည်း မပတ်သက်။ ကျင့်ဝတ်တရား moral call သက်သက်ဖြင့် ဝေဖန်ခြင်းသာ ဖြစ်သည်ဟု ထောက်ပြသည်။ လစ်ဘရယ်ဇာချင်ဒါထဲတွင် ရီပတ်ပလီကန်တစ်ယောက်ကို တရားမျှတမှုမရှိဘဲ သရုပ်ဖော်သည်မှာ ကျင့်ဝတ်သီလတရားနှင့် မညီဟု ဆိုသည်။

ဝေဖန်သူတစ်ဦးက စီဘီအက်(စ်) ၏ လုပ်ပုံကိုင်ပုံကို ဝေဖန်သည်။ ဇာတ်လမ်း–ဇာတ်ကွက်တို့ကို ဘာမှပြောဆိုခြင်းမပြု။ စီဘီအက်(စ)၏ ချဲနယ်သည် အခမဲ့ချဲနယ် မဟုတ်။ အခကြေးငွေပေးရသောချဲနယ် ဖြစ်သည်။ ကြေးကောင်းရအောင်ဆိုပြီး၊ 'ရီဂဲင်' ဇာတ်ထုပ်နှင့်ပတ်သက်၍ ဟိုက–ဒီက ဝေဖန်မှုတွေ ပြုလုပ်လာသယောင်ဖန်တီးပြီး၊ မတ်ကတ်တွင်း (ဈေးကွက်ရှာဖွေထုထောင်ခြင်း) ကို ပြုလုပ်လိုက်ရာ၊ ယခုလက်လွန်သွား၍ တကယ် ကိုယ့်ကို ပြန်ထိနေသည်။ စည်းစည်းရုံးရုံးနှင့် ပြင်းထန်သော တိုက်ခိုက်မှုတွေ ခံလာရသည်။

ဤသို့ ပြင်းထန်သော ဝေဖန်တိုက်ခိုက်မှုတို့နှင့် ရင်ဆိုင်လာရသောအခါ၊ ဤဝေဖန်တိုက်ခိုက်မှုတွေအတွက်ကြောင့် မဟုတ်ပါဟု မည်မျှပင်လက်ကာပြပြီး ဆိုစေကာမူ စီဘီအက်(စ်)သည် 'ရီဂဲင်' ဇာတ်ထုပ်ကိုမပြဘဲ၊ ရပ်ဆိုင်းလိုက်ရသည်။ ထို့သို့ ရပ်ဆိုင်းလိုက်ပြန်သောအခါ ဒီမိုကရက်တို့က ဝေဖန်တိုက်ခိုက်ကြပြန်သည်။ ဟောလီဝုဒ်အသိုင်းအဝိုင်းကလည်း ဤသို့ ရိုက်ကူးပြီးသားဇာတ်ထုပ်ကိုမပြရန် ဆုံးဖြတ်ခြင်းအပေါ်၊ အနုပညာရှုထောင့်မှကြည့်၍ အပြင်းအထန်ဝေဖန်သည်။ လိုရင်းမှာ အနုပညာလွတ်လပ်မှု artistic freedom ထိခိုက်သည်ဟု ဆိုသည်။

ရုပ်ရှင်မှုဗီလောကနှင့် စင်ပြိုင်၊ တီဗီမှုဗီလောကဆိုပြီး နယ်ပယ်နှစ်ခု ခွဲခြားရှိသည်။ ယခု စီဘီအက်(စ) လုပ်ပုံကို နယ်ပယ်နှစ်လောကစလုံးက ရှုတ်ချသည်။ အထူးသဖြင့် တီဗီမှုဗီလောက၏ ဝေဖန်မှုကပိုပြီး ပြင်းထန်သည်။ ရီဂဲင်အဖြစ်သရုပ်ဆောင်သည့် ဂျိမ်း(စ)ဘရိုလင်း၏ ဇနီးဖြစ်သူ စထရေးချဲင်က၊ ရီဂဲင်

www.burmeseclassic.com

www.burmeseclassic.com


ဇာတ်ထုပ်ကို ပထမအေဘီစီ ရုပ်မြင်သံကြားက ရိုက်ကူးခဲ့သည်။ တစ်ဝက်တစ်ပျက်နှင့် စီဘီအက်(စ) ကို လွှဲပေးလိုက်သည်။ စီဘီအက်(စ)သည် ၎င်း၏ ဗီဇအတိုင်း ဘာဇာတ်လမ်းရိုက်ရိုက် အငြင်းထွက်စရာတို့ကိုသာ ရှာဖွေရိုက်သည်။ ဇာတ်လမ်းထဲ အငြင်းထွက်စရာ မပါဝင်လည်း၊ မိမိက ဖန်တီးထည့်သည်။ စီဘီအက်(စ)သည်၊ အငြင်းပွားစရာတို့ကို ရှာဖွေဖန်တီး၍ ထုတ်လုပ်ခဲ့လေရာ၊ ယခုရီဂဲင်ဇာတ်ထုပ်တွင် 'အကုသိုလ်နှင့် နေသူသည်၊ အကုသိုလ်နှင့် သေဆုံးရမည်' ဟူသော စကားပြောတစ်ခုကို ထည့်သွင်းလိုက်သည်။

## အကုသိုလ်ပြဿနာ

ဤတွင် ဒီစကားကို ဘယ်သူပြောတာလဲ ဖြစ်လာသည်။ ရီဂဲင်ကိုယ်တိုင် ပြောဖူးသလိုလို ဇာတ်လမ်းထဲ ပုံဖမ်းထားသည်။ ယခုအခါ အေအိုင်ဒီအက်(စ) ရောဂါနှင့် အခြားရောဂါတို့ တိုက်ဖျက်ရေးတို့ကို၊ နိုင်ငံရေးပါတီတို့ကလည်း သူတို့၏ဂျေင်ဒါအဖြစ် ပြုလုပ်နေကြရာ၊ 'အကုသိုလ်' စကားသည် လူသားမဆန်သလိုလို၊ အကြင်နာကင်းမဲ့သလိုလို ဖြစ်နေသည်။ ရီဂဲင်သည် ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သည့်အလျှောက် အကယ်၍ ဤစကားကို ရီဂဲင်ပြောရိုးမှန်လျှင် ကွန်ဆာဗေးတစ်တို့၏ စကားလိုလို၊ ယုံကြည်ချက်လိုလို ဖြစ်သွားနိုင်သည်။ ရွေးကောက်ပွဲတွင် ရီပတ်ပလီကင်တို့ကို တိုက်ခိုက်လို့ အကောင်းဆုံးလက်နက်တစ်ခု ဖြစ်နိုင်သည်။

ထို့ကြောင့် ကွန်ဆာဗေးတစ်တို့က 'ရီဂဲင်' ဇာတ်ထုပ်သည်၊ ကွန်ဆာဗေးတစ်ရီဂဲင်ကို သရုပ်ပျက်စေရုံမျှမက၊ ကွန်ဆာဗေးတစ်ဝါဒကိုလည်း သရုပ်ပျက်စေသည်ဟု တိုက်ခိုက်ကြတော့သည်။

အတ္ထုပ္ပတ္တိစာပေ၌ သရုပ်ပျက်အတ္ထုပ္ပတ္တိစာပေဟူ၍ မရှိသော်လည်း၊ အတ္ထုပ္ပတ္တိရုပ်ရှင် (တီဗီ) ၌မူ သရုပ်ပျက် အတ္ထုပ္ပတ္တိရုပ်ရှင်ဆိုပြီး ရှိလာပြီ။ မီဒီယာသုတေသနစင်တာဆိုသော အဖွဲ့တစ်ဖွဲ့ရှိသည်။ ဤအဖွဲ့က၊ ဖြေဖျော်ရေးနှင့် သတင်းလောကမှ လစ်ဘရယ်ဘက် ဘက်လိုက်မှုတို့ကို ရှာဖွေသုတေသနပြု၍ ဝေဖန်သည်။ ယခုလည်း ဤအဖွဲ့က ထိပ်သီးတယ်လီဗေးရှင်းဌာနပေါင်း တစ်ရာသို့ ယခုဇာတ်ထုပ်နှင့် ဘာမျှမပတ်သက်ကြရန် သတိပေးနှိုးဆော်

www.burmeseclassic.com

www.burmeseclassic.com


သည်။ တစ်ချိန်တည်း၌ပင် ရီပတ်ပလီကင်ကွန်ဂရက်မှ ဝန်ထမ်းတစ်ဦးဖြစ်သူ မိုက်ကယ်ပရာဇီနိုက ဝက်(ဘ)ဆိုက်တစ်ခု ဖန်တီးသည်။ စီဘီအက်(စ်) ၏ ရီဂဲင်ဇာတ်ထုပ်ကို သပိတ်မှောက်ကြရန် လှုံ့ဆော်နေသည်။

## ပုံပြင်ဝတ္ထုသာ

ဤတိုက်ပွဲထဲ ရီပတ်ပလီကင်အမျိုးသားရေးကော်မတီကလည်း ပါဝင်ပတ်သက်လာသည်။ ရီဂဲင်ဇာတ်ထုပ်ကို အများပြည်သူတို့အား မပြသမီ၊ သမိုင်းပညာရှင်များနှင့် ရီဂဲင်၏လုပ်ဖော်ကိုင်ဖက်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့က တိကျမှန်ကန်မှုအတွက်၊ စစ်ဆေးကြည့်ရှုရန် အကြံပေးသည်။ ထို့ပြင် အကယ်၍ ပြဖြစ်လျှင်လည်း ဇာတ်ထုပ်၏ အောက်ခြေ (သို့မဟုတ်) ဖန်သားပြင်၏အောက်ခြေ၌ 'ရီဂဲင်' သည် ပုံပြင်ဝတ္ထုသာဖြစ်သည်။' 'The Regans' is only a fictional account ဆိုသော စာတမ်းထိုးပေးရန် တောင်းဆိုလာသည်။

ဤသို့ ဖိအားတွေ ပြင်းထန်လာသော အခါ၊ 'ရီဂဲင်'ဇာတ်ထုပ်ကို 'ရှိုးခန်း' show room ၌ပြသရန်၊ စီစဉ်ကြည့်ကြသည်။ ရှိုးခန်းသည် ကြိုးတီဗီဖြစ်၍၊ ကြေးယူ၍ ပြသခြင်းဖြစ်လေရာ၊ ပရိသတ်က အနည်းငယ်သာရှိသည်။ ဤနည်းလမ်းကိုလိုက်ခြင်းသည်၊ ပွဲကြည့်ပရိသတ်ကိုကြည့်ခွင့်ပေး၍ သူတို့ဘာသာ ဆုံးဖြတ်ခွင့်ပေးရမည်ဆိုသောမှုနှင့်၊ သူများဘဝ၏အတ္ထုပ္ပတ္တိကို အရောင်ဆိုး၍ မကောင်းသောကြံရွယ်ချက်ဖြင့် မပြသင့်ဆိုသော ကျင့်ဝတ်သီလအမြင်တို့ကြား၊ ဖျန်ဖြေပေးသောလမ်းကို လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် ရီပတ်ပလီကင်ဝေဖန်သူတို့က 'ဇာတ်ထုပ်နှင့်ပတ်သက်၍ တရားဝင်စိုးရိမ်ပူပန်မှုကို၊ လက်ရွေးစင်ပရိသတ်ကို ပြသခြင်းဖြင့် တုံ့ပြန်ခြင်းသည်၊ မြင့်မြတ်သော တုံ့ပြန်မှုမဟုတ်ပါ' ဟု ဆိုသည်။

နိုင်ငံရေးသမား သမ္မတဟောင်းတစ်ဦးကို၊ အတ္ထုပ္ပတ္တိရုပ်ရှင်ဖြင့် ဘယ်လောက်ပင် အနုပညာလက်ရာမြောက်မြောက် တင်ဆက်စေကာမူ၊ အခြားအကြောင်းအချက်တို့ကို ထည့်သွင်းမစဉ်းစားလျှင်၊ ယခုကဲ့သို့ ပြင်းထန်သော ကန့်ကွက်မှုတို့နှင့် ရင်ဆိုင်ရမည်ကို သိလာကြပြီ။

ဒီဇင်ဘာ၊ ၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

# ဗရုတ်သုတ်ခကမ္ဘာ၌ ဓေကန်တရားရှာပုံတော်

## သူတို့ ဘာလိုချင်သနည်း

ကမ္ဘာကြီးသည် ဂလိုဘယ်လိုက်ဇေးရှင်း၏ အလယ် in the middle of globalization ထဲတွင် ရောက်နေပြီ။ ထို့အပြင် အရင်းရှင်စနစ်ဆီသို့ ကမ္ဘာနှင့် ချီပြီး ရွေ့ပြောင်းနေကြပြီ။ ထိုအခြေအနေတွင် မသေချာမရေရာ ဓေကန်မဲ့မှု uncertainty က နေရာတကာ၌ ရှိနေသည်။ မတည်မငြိမ် ဗရုတ်သုတ်ခကမ္ဘာ ကြီးထဲတွင် သေချာရေရာမှု ဓေကန်တရား certainty ကို ရှာဖွေရသည်မှာ မလွယ်ကူပေ။

သို့သော်၊ ဓေကန်တရားကို ရှာဖွေတွေ့သည့်သူက တွေ့နေသည်။ သူတို့ တွေ့ရှိသော ဓေကန်တရားသည် သံသယဖြစ်စရာတော့ကောင်းသည်။ ဝေဖန် စရာဖြစ်သည်။ ဤအကြောင်းပေါ်လွင်လိုလျှင် မျက်မှောက်ခေတ် ကမ္ဘာတစ်ဝန်း ၌ဖြစ်ခဲ့ဖူးသော ဘာသာရေးအခြေခံ အကြမ်းဖက်တိုက်ခိုက်မှုတို့ကို တစေ့ တစောင်း လှည့်ကြည့်ရသည်။

ဂျပန်နိုင်ငံ၊ တိုကျိုမြို့ မြေအောက်ရထားလမ်းတွင် နဗ်ကြော ဗုံးထောင် ခဲ့သော တိုက်ခိုက်မှု။ အိန္ဒိယရှိ ရှေးဟောင်းဗလီကြီးကို ဖောက်ခွဲဖျက်ဆီးပစ် သော အကြမ်းဖက်မှု။ အိုကလာဟိုမာမြို့ရှိ အစိုးရအဆောက်အအုံတို့ကို ဗုံး ဖောက်ခွဲမှု။ အစ္စရေး၌ ဗလီကြီးထဲဝင်၍ ဝတ်ပြုနေသူတို့အား သေနတ်နှင့် ပစ်ခတ်မှု။ နယူးယောက်မြို့၊ ကမ္ဘာ့ကုန်သွယ်ရေးစင်တာမျှော်စင်ကြီး နှစ်ခုနှင့် ဝါရှင်တန် ပင်တဂွန်စစ်ဌာနချုပ်တို့ကို အပိုင်စီးလေယာဉ်တို့ဖြင့် ဝင်ရောက် တိုက်ခိုက်မှု... စသည်ဖြင့် စသည်ဖြင့် စာရင်းကောက်ကြည့်လျှင် ဘာသာ ရေး အစွန်းရောက်သမားတို့၏ တိုက်ခိုက်မှုတို့ကို တွေ့ရမည်။

သူတို့ ဘာလုပ်ချင်သနည်း။ သူတို့ အဘယ့်ကြောင့် ဂလိုဘယ်လိုက်ဇေး ရှင်းကို ဆန့်ကျင်ကန့်ကွက်ရသနည်း။

www.burmeseclassic.com

www.burmeseclassic.com


## ဗဟိုသစ္စာတရား

သူတို့သည် ဘာသာရေး ယူတိုပီးယား religious utopia စိတ်ကူးယဉ် လောကတစ်ခုကို လိုချင်ကြသည်။ ထူထောင်ချင်ကြသည်။ မိမိဒေသတွင် မိမိ ယူတိုပီးယားကိုသာ ယူထောင်ချင်သည်။ အခြားဘာသာ ယူတိုပီးယားကို မလိုချင်။ ဤယူတိုပီးယားစိတ်ဖြင့် ခုနစ်ရာစုနှစ်မှစပြီး ဘာသာရေးစစ်ပွဲတွေ ဖြစ်ခဲ့လေရာ၊ အကျော်ကြားဆုံးမှာ ခရူးဆိတ်စစ်ပွဲနှင့် နှစ် ၃၀ ဘာသာရေး စစ်ပွဲတို့ ဖြစ်သည်။

သို့ရာတွင် ဘာသာရေးစစ်ပွဲတို့၏ ဗဟိုချက်မ သစ္စာတရားနှင့် ပတ်သက် သော ပြဿနာတို့ကို မဖြေရှင်းနိုင်ခဲ့ပေ။ central truth ဗဟိုသစ္စာတရား ပြဿနာဆိုသည်မှာ ကောင်းကင်ဘုံသို့ရောက်ကြောင်း တရားတို့နှင့်ပတ်သက်၍ မည်သည့်ဘာသာက မှန်ကန်သောလမ်းကို ပြသနည်းဆိုသောအချက် ဖြစ်သည်။

ပညာရှင် လက်စတာသာရိုး Lester Thurow ၏ အဆိုအရ ကောင်းကင် ဘုံရောက်ကြောင်း တရားသက်သက်သာဆိုလျှင် ဘာသာရေးဖြစ်သည်။ သို့သော် ဤဘာသာရေးကို အနှံ့အစပ်တိုးချဲ့ရန်အတွက် ကြိုးပမ်းလျှင်မူ အိုင်ဒီအိုလော်ဂျီ ideology ဖြစ်သွားသည်။ ထို့ကြောင့် သမိုင်းအဆက်ဆက်၌ ပေါ်ပေါက်ခဲ့သော ဘာသာရေးစစ်ပွဲတို့သည် ဘာသာရေးမှ အိုင်ဒီအိုလိုဂျီသို့ ကူးပြောင်းခြင်း ဖြစ်သည်။ အိုင်ဒီအိုလိုဂျီမှ တစ်ဖန် ဘာသာရေးသို့ ကူးပြောင်းလာခြင်းလည်း ဖြစ်သည်။ ဤအကူးအပြောင်းတို့ကြားမှ ဘာသာရေးအခြေခံဝါဒီ ထွက်ပေါ် လာသည်။

မည်သို့ပင်ဖြစ်စေကာမူ၊ ဘာသာရေးပဋိပက္ခမီးတို့သည် အချက် ၃ ချက် ဖြစ်ပေါ်၍ ငြိမ်းသွားခဲ့သည်။ ပထမအချက်မှာ ကောင်းကင်ဘုံ (သို့မဟုတ်) နိဗ္ဗာန်ရောက်ကြောင်းတရားပေါ်တွင် သဘောတူညီမှုများရ၍ ငြိမ်းသွားခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ တစ်ဘာသာနှင့်တစ်ဘာသာ အပြန်အလှန် သည်းခံမှုများဖြစ်ထွန်း၍ ငြိမ်းချမ်းသွားခြင်း ဖြစ်သည်။ တတိယအချက်သည် နိုင်ငံရေး အိုင်ဒီအိုလိုဂျီ တိုက်ပွဲတို့ကြား၌တိမ်မြုပ်၍ ငြိမ်းသွားခြင်းဖြစ်သည်။ ဥပမာ–အရင်းရှင်ဝါဒီနှင့် ဆိုရှယ်လစ်ဝါဒီတို့ ပဋိပက္ခကြားတွင် ဘာသာရေး ပဋိပက္ခတွေ မြုပ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


## နိုင်ငံရေးဝါဒီတိုက်ပွဲတွေကြား

ဒုတိယကမ္ဘာစစ်တွင် ဖက်ဆစ်ဝါဒနှင့် ပူးတွဲဆန့်ကျင်သော မဟာမိတ်တို့၏ တိုက်ပွဲတို့ကလည်း ဘာသာရေးပဋိပက္ခကို ယာယီဖြစ်စေ ငြိမ်းသတ်ထားနိုင်ခဲ့သည်။ စစ်အေးခေတ်တွင် အရင်းရှင်ဝါဒနှင့် ကွန်မြူနစ်ဝါဒ ဝါဒချင်းစစ်ပွဲသည် ကမ္ဘာကိုစိုးမိုးထားရာ ဘာသာရေးပဋိပက္ခတို့လည်း ပျောက်နေခဲ့သည်။ ဆိုရှယ်လစ်စနစ်၏ ကောင်းကျိုး–ဆိုးကျိုးနှင့် အရင်းရှင်စနစ်၏ ကောင်းကျိုး–ဆိုးကျိုးချင်း ပြိုင်ဆိုင်မှုကလည်း တတိယကမ္ဘာကို လွှမ်းမိုးထားခဲ့လေရာ ဘာသာရေးပဋိပက္ခများ ခေါင်းထောင်ထရန် အခွင့်အလမ်း မရနိုင်ခဲ့ကြပေ။ ၂၀ ရာစုနှစ် တစ်ခုလုံးတွင် နိုင်ငံရေးဝါဒများ၏ ဝါဒတိုက်ပွဲတို့ကြားတွင်၊ ဘာသာရေးအယူဝါဒ ပဋိပက္ခမီးတို့သည် ငြိမ်သက်နေခဲ့ရသည်။

ကွန်မြူနစ်ဝါဒ ကျဆုံးသွားပြီ။ ကျဆုံးမှုနဲ့အတူ မြုပ်နေသော ဘာသာရေးပဋိပက္ခတို့ ပြန်ပေါ်လာသည်။ အကယ်၍ အရပ်ရပ်အခြေအနေတို့သည် လူတွေဖြစ်ချင်သလို မဖြစ်ခဲ့ပါက အိုင်ဒီအိုလိုဂျီတစ်ခုခု၏ အလံကိုဆွဲကိုင်ရမည့် အလားအလာ ပေါ်နိုင်သည်။ ဤအိုင်ဒီအိုလိုဂျီကလည်း တစ်ပြင်လုံး ဆက်စပ်လွှမ်းခြုံသော အိုင်ဒီအိုလိုဂျီ overarching ideology မျိုး ဖြစ်ရမည်။

ကိုင်စွဲသည့် အိုင်ဒီအိုလိုဂျီ၏အလံသည် တော်ရုံတန်ရုံမဟုတ်ရပေ။ အလွန်ကြီးမားရမည်။ မျက်မှောက်ခေတ်နှင့် အနာဂတ်တို့တွင် ဖြစ်ပေါ်နေသော ခေတ်ရေစီးကြောင်းနှင့် ခေတ်သစ်အခြင်းအရာ လက္ခဏာတို့အပေါ် စိန်ခေါ်အကဲစမ်းလိုပါက ပို၍အလွန်ကြီးမားသော အိုင်ဒီအိုလိုဂျီမျိုးကို ရှာရမည်။ ဥပမာ–ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒမျိုးလောက် ဆက်စပ်လွှမ်းခြုံမှုရှိသော ဝါဒမျိုးဖြစ်ရမည်။ သူတို့ထက်သေး၍ မဖြစ်ပေ။ ကြီးချင်ကြီးရမည်။

အိုင်ဒီအိုလိုဂျီ မပါဘဲ ခေတ်ပြိုင်စနစ်တို့ကို စိန်ခေါ်လျှင် ရာဇဝတ်ကောင်သက်သက် ဖြစ်သွားနိုင်သည်။ အရေးအခင်းတစ်ခုအတွက် ချန်ပီယံမဖြစ်နိုင်ပေ။ အရေး cause တစ်ခုအတွက် ချန်ပီယံဖြစ်နိုင်သော အိုင်ဒီအိုလိုဂျီကလည်း ဧကန်မဲ့ကမ္ဘာကြီး uncertain world တွင် ဧကန်တရား certainty ပေးနိုင်သည်ဟု ဟောသောတရား ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com


## ပို၍ကြီးသော

ပျမ်းမျှပြောလျှင် လူတို့သည် ဧကန်မဲ့မှုထက် ဧကန်ဖြစ်တည်မှုကို ပို၍ လိုလားကြသည်။ တစ်နည်းပြောရလျှင် ဧကန်တရား certainty ကို ဟောသော တရားသည် ပျမ်းမျှလူတို့အား ပို၍ဆွဲဆောင်နိုင်ကုန်သည်။

ဧကန်တရားကို ဂလိုဘယ်လိုက်ဖေးရှင်းက မပေးနိုင်။ တတိယစက်မှု တော်လှန်ရေးကလည်း မပေးနိုင်။ ကမ္ဘာအနှံ့ဖြန့်ကြက်နေသော အရင်းရှင်စနစ်ကလည်း မပေးနိုင်။ ဘာသာရေးနှင့်ကင်းသောဝါဒ secularism ကလည်း မပေးနိုင်။

ပေးနိုင်သည့်သူတို့ကား ဘာသာရေးအစွန်းရောက် အခြေခံဝါဒီ ခေါင်းဆောင်တို့ပင် ဖြစ်သည်။ သူတို့ကပေးသော 'ဧကန်တရား' မှာ၊ 'ငါပြောသလို လုပ်ပါ၊ သင် ကောင်းကင်ဘုံသို့ ဧကန်ရောက်မည်' ဆိုသော တရားပင်ဖြစ်တော့သည်။ လောကီသည် မသေချာပေ။ မရေရာ ဧကန်မဲ့သည့် ဧကန်တရားကို ကောင်းကင်ဘုံ၌သာ တွေ့နိုင်သည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဤ 'ဧကန်တရား'ကို အိုင်ဒီအိုလိုဂျီအဖြစ် အသုံးပြု၍ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံနှစ်ခုနှင့် ပင်တဂွန်စစ်ဌာနချုပ်တို့ကို အပိုင်စီးလေယာဉ်တို့ဖြင့် ဝင်တိုက်ပစ်လိုက်ကြသည်။

လွန်ခဲ့သော ၁၀ နှစ်ကျော်လောက်ကဆိုလျှင် သူတို့သည် ဆိုရှယ်လစ်ဝါဒကို အိုင်ဒီအိုလိုဂျီအဖြစ် အသုံးပြုကောင်း ပြုကြလိမ့်မည်ဟု ကျမ်းရှင် လက်စတာသာရိုးက သူ၏ 'ဗရုတ်သုတ်ခ မတည်မငြိမ်ဖြစ်နေသော ကမ္ဘာကြီးတွင် ဧကန်တရား ရှာပုံတော်ဖွင့်ခြင်း' စာအုပ်တွင် မှတ်ချက်ချထားသည်။

ဧကန်တရား ရှာချင်သူသည် ပို၍ကြီးကျယ်သော အိုင်ဒီအိုလိုဂျီကို ကနဦးရှာဖွေရမည်ဟု ဆိုလိုခြင်းလည်း ဖြစ်တန်ရာသည်။

ဒီဇင်ဘာ၊ ၂၀၀၃။

အညွှန်း - *Seeking Certainty in a Volatile World,*

By Lester Thurow

www.burmeseclassic.com

www.burmeseclassic.com


# အီရတ်ကန်ထရိုက်နောက်မှ အစစ်အမှန်နိုင်ငံရေး

“အီရတ် ပြန်လည်ထူထောင်ရေးအတွက် ပြင်သစ်၊ ဂျာမနီ၊ ရုရှနှင့် တရုတ်ကုမ္ပဏီတို့ ကန်ထရိုက်မရကြသည်မှာ အပေါ်ယံတွေးကြည့် လျှင် မဟာဗျူဟာမြောက် စဉ်းစားစရာတွေမရှိဟု ထင်စရာရှိ သော်လည်း တကယ့်တကယ်၌ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကန်ထရိုက်ပြဿနာကို မဟာဗျူဟာအခင်းအကျင်းဖြင့် စဉ်းစား ကြသည်။ ထိုအခါ အဓိပ္ပာယ်လေးနက်မှုတွေ ပေါ်လာသည်။”

အချောင် မျှော်သလား

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးတွင် ကုမ္ပဏီအသီးသီးအား ကန်ထရိုက်တွေချပေးရန် လိုသည်။ သို့သော် ပြင်သစ်၊ ဂျာမနီ၊ ရုရှနှင့် တရုတ် ကုမ္ပဏီတို့ကိုမူ ကန်ထရိုက်ချမပေးဟု၊ မကြာသေးမီက အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာလိုက်သည်။ ပွက်လောရိုက်သွားသည်။

အီရတ်ကန်ထရိုက် ငြင်းပယ်ခံရသော ပြင်သစ်၊ ဂျာမနီ၊ ရုရှနှင့် တရုတ်တို့သည်၊ အမေရိကန်နှင့် မဟာမိတ်တို့ ဆင်နွှဲသော အီရတ်စစ်ပွဲကို ဆန့်ကျင်

www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ ထို့ကြောင့် ယုတ္တိဗေဒနည်းနှင့်ပြောလျှင် ဤသို့ အငြင်းခံရသည်မှာ ယုတ္တိတန်သည်ဟု ဆိုရမည်။ မိမိဆန့်ကျင်သောစစ်ပွဲထဲ မိမိတို့က တစ်ပြား တစ်ချပ်မှ အကူအညီမပေးခဲ့ပေ။ မိမိတပ်တို့လည်း မစေလွှတ်။ အီရတ်စစ်ပွဲ၌ သူတို့က စစ်ပွဲအပြင်အပတွင် ရှိသည်။ တစ်ဦးတစ်ယောက်မှလည်း ကျဆုံး ဒဏ်ရာရသူတွေ မရှိခဲ့ပေ။ တိုတိုပြောရလျှင် စစ်ပွဲစရိတ်နှင့်ဝန်ထုပ်ကို မည်သည့် ပုံသဏ္ဌာန်နှင့်မျှ ပါဝင်ပတ်သက်ခြင်း မရှိရုံမျှမက ဆန့်ကျင်ကန့်ကွက်နေသည့် နိုင်ငံတို့အား ကန်ထရိုက်တွေချမပေးခြင်းဖြင့်၊ ဆုလာဘ်မချီးမြှင့်ခြင်းသည် မျှော်လင့်ထားရမည့်အရာသာ ဖြစ်သည်။ တစ်ဖက်တွင် မိမိက ဆန့်ကျင်ကန့် ကွက်။ အခြားတစ်ဖက်တွင် ကန်ထရိုက်တို့ကို မျှော်လင့်မည်ဆိုလျှင်၊ အချောင် သမား ဆန်လွန်းနေမည်သာ ဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေးသည် လက်တွေ့ကျကျပဲ ကြည့်လေ့ကြည့်ထရှိသည်။ စိတ်ကူးယဉ်အိပ်မက်မျိုးတို့ဖြင့် အလုပ်မလုပ်တာကြာပြီ။ အထူးသဖြင့် စစ်ပွဲလို ကိစ္စမျိုးတွင် ပို၍လက်တွေ့ကျရသည်။

## လုံခြုံရေးကောင်စီ ဂျမ်းဖြစ်

အီရတ် ပြန်လည်ထူထောင်ရေးကိစ္စတွင် အီရတ်စစ်ဆန့်ကျင်သည့် ပြင် သစ်၊ ဂျာမနီ၊ ရုရှနှင့် တရုတ်ကုမ္ပဏီတို့အား ကန်ထရိုက်ပေးရန် ငြင်းဆို လိုက်သည့်ကိစ္စတွင် ပို၍လေးနက်သော အကြောင်းတရားတွေ ပါဝင်နေသည်။

(၁) အီရတ်စစ်ပွဲသည် အမေရိကန်နှင့် သူ၏မဟာမိတ်တို့က ဆင်နွှဲသော စစ်ပွဲ ဖြစ်သည်။ ထို့ကြောင့် အီရတ် ပြန်လည်ထူထောင်ရေးသည် လည်း အမေရိကန်နှင့် သူ၏မဟာမိတ်တို့က တာဝန်ယူသော လုပ်ငန်း ဖြစ်သည်။ ခြုံပြီးပြောရလျှင် အီရတ်စစ်နှင့် အီရတ် ပြန်လည် ထူထောင်ရေးသည် အမေရိကန်လုပ်ငန်း American enterprise ဖြစ်တော့သည်။

(၂) ကုလသမဂ္ဂတွင် တာဝန်သုံးပါးရှိသည်။ ပထမတာဝန်မှာ လုံခြုံရေး နှင့်ပတ်သက်သောတာဝန် ဖြစ်သည်။ ဒုတိယတာဝန်သည် ဂလို ဘယ်လိုက်ဖေးရှင်းနောက်က ကျန်ရစ်ခဲ့သည့် နိုင်ငံတို့ကို အကူ

www.burmeseclassic.com

www.burmeseclassic.com


အညီပေးရေး ဖြစ်သည်။ တတိယတာဝန်သည် အင်အားနည်း အငယ်စားအရွယ်ရှိသည့် နိုင်ငံတို့၏အသံတို့ကို ဖော်ထုတ်ခွင့်ပြုရာ ဖိုရမ် ဖြစ်သည်။

ကုလသမဂ္ဂ၏ တာဝန်သုံးပါးအနက် ပထမတာဝန်ဖြစ်သော လုံခြုံရေး တာဝန်ကို ထမ်းဆောင်ရာတွင်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကောင်း ကောင်းမွန်မွန် အလုပ်မလုပ်နိုင်တော့ဟု ဝေဖန်ကြသည်။ လုံခြုံရေးကောင်စီ သည် လုံခြုံရေးကိစ္စတို့တွင် 'ဂျမ်း' ဖြစ်နေပြီ။ လုံခြုံရေးကောင်စီတွင် စူပါ ပါဝါ အမေရိကန်နှင့် ဆက်ဆံရာတွင် ပြင်သစ်၊ ဂျာမနီ၊ ရုရှတို့က အတိုက်အခံ နေရာမှာနေသည်။ ယုတ်စွအဆုံး ဘေးလွယ်အိတ်နေရာမှ ပါဝင်ကပြနေသည်။ အီရတ်အခြေအနေ၏ တင်းမာဆိုးဝါးမှုနှင့် အရေးပါမှုတို့ကို နောက်ခံထား ကြည့်လျှင် ပြင်သစ်၊ ဂျာမနီ၊ ရုရှတို့၏ ကဏ္ဍာကောဇတိုက်မှု၊ ဘေးလွယ်အိတ် လို ပြုမှုတို့အပေါ် စူပါပါဝါသည် စိတ်ရှည်ရန်အကြောင်းမရှိသလို ဖြစ်လာ သည်။ ကသိကအောက်တို့ကိုမွေးပြီး အလုပ်လုပ်လျှင်၊ အီရတ်လုပ်ငန်းသည် မျောသွားရန်ရှိသည်။ ဤသို့အမျောမခံဘဲ အဆုံးအဖြတ်ပေးသော ခြေလှမ်း decisive steps တို့ကို လှမ်းရတော့မည်။

## အမေရိကန် လုံခြုံရေးအကျိုးစီးပွား

(၃) အီရတ်စစ်ပွဲသည် အမေရိကန်နှင့် မဟာမိတ်တို့ကို ပူးတွဲဆင်နွှဲသော စစ်ဖြစ်၍၊ အီရတ် သိမ်းပိုက်မှုသည် အမေရိကန် သိမ်းပိုက်မှုသာ ဖြစ်သည်။ ထို့ကြောင့် အမေရိကန်ကို ပြည်သိမ်းတပ် occupying power အဖြစ် အသိအမှတ်ပြုရမည်။

နဂိုကမှ ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှုမရှိသည့် အီရတ်အရေးတွင် ကုလသမဂ္ဂအနေဖြင့် စူပါ ပါဝါ၏ ပြည်သိမ်းတပ်အပေါ် မည်မျှအထိ ချုပ်ကိုင် နိုင်မလဲ။ ပြည်တိမ်းတပ်ကလည်း ကုလသမဂ္ဂအပေါ် မည်မျှတာဝန်ရှိနိုင်မလဲဟု မေးခွန်းထုတ်စရာတွေ ပေါ်သည်။

(၄) ပြည်သိမ်းတပ် အာဏာပိုင်အဖွဲ့က ပြန်လည်ထူထောင်ရေးကိစ္စတွင်၊ မိမိနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့သည့် မဟာမိတ်နှင့် ထောက်ခံ

www.burmeseclassic.com

www.burmeseclassic.com


သည့် မဟာမိတ်တို့ကိုသာ၊ ကန်ထရိုက်လိုင်စင်များ ချပေးခြင်းသည် ပြင်သစ်က ကန့်ကွက်ပြောဆိုသလို အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဆန့်ကျင်သည်၊ မဆန့်ကျင်ဘူးဟုဆိုသော ကိစ္စသည် အရေးပါစရာ အကြောင်း ဖြစ်လာလိမ့်မည် မထင်ပေ။

(၅) အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြင်သစ်၊ ဂျာမနီ၊ ရုရှနှင့် တရုတ်ကုမ္ပဏီတို့အား အီရတ်ကန်ထရိုက်တာစာရင်းမှ ဖယ်ထုတ်လိုက်ရာတွင် အမေရိကန်အစိုးရက ဤသို့လုပ်ရခြင်းသည် အမေရိကန် လုံခြုံရေးအကျိုးစီးပွား US security interest ကို ကာကွယ်ရန် ဖြစ်သည်ဟု ကြေညာလိုက်သည်။

ဤထုတ်ဖော်ပြောဆိုချက်သည် အီရတ်အရေးအခင်း (စစ်ဘေးကြောင့် ဆုံးရှုံးမှုအပေါ် ပြန်လည်ထူထောင်ရေး၊ ဒီမိုကရေစီထူထောင်ပေးရေး အပါအဝင် ကိစ္စအဝဝ) တို့တွင် ပြင်သစ်၊ ဂျာမနီ၊ ရုရှနှင့် တရုတ်တို့သည် အမေရိကန် လုံခြုံရေးအကျိုးစီးပွားကို ထိပါးနေပြီဟု ကြေညာရာရောက်သည်။ အီရတ်အရေးအခင်းမှန်သမျှ စူပါ ပါဝါက ဖော်ပြပါ လေးနိုင်ငံအား ထိပ်တိုက်ရင်ဆိုင်လိုက်ခြင်းလည်း ဖြစ်သည်။ ဤလေးနိုင်ငံက မည်သို့တုံ့ပြန်ကြပြန်မည်နည်း ဆိုသည်ကို စိတ်ဝင်စားဖွယ် စောင့်ကြည့်ရပေမည်။

## အစစ်အမှန်နိုင်ငံရေး

(၆) အီရတ်ပြဿနာသည် အပူတပြင်း အရေးပေးဆွေးနွေးနေကြသော နိုင်ငံပေါင်းစုံနှင့် ညှိနှိုင်းဆောင်ရွက်သောဝါဒ multilateralism နှင့် တစ်ဦးတည်း ဆောင်ရွက်သောဝါဒ unilateralism အငြင်းပွားမှုကို ပို၍ပြင်းထန်နက်ရှိုင်းစေခဲ့သည်။

နိုင်ငံပေါင်းစုံနှင့် ညှိနှိုင်းဆောင်ရွက်သော ဝါဒကိုပင် သမ္မတဘုရ်(ရှ်) အစိုးရဘက်မှ မွမ်းမံပြင်ဆင်ပြီး ပြောဆိုခဲ့သည်။ ယင်းမှာ willing alliance စိတ်တူ၊ သဘောတူနိုင်ငံများ မဟာမိတ်ဟူ၍ဖြစ်သည်။ နိုင်ငံအားလုံးနှင့် ညှိနှိုင်းသဘောတူညီချက် ရရှိရန်မဟုတ်။ စိတ်တူ၊ သဘောတူသည့် နိုင်ငံတို့နှင့်သာ ညှိနှိုင်းဆောင်ရွက်ရန်ဟု အဓိပ္ပာယ်ထွက်သည်။ လက်တွေ့၌ လိုအပ်လျှင် ကုလသမဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com


ကိုပင် ပယ်ကောင်းပယ်မည်။ ဤသဘောတရားတို့ကို 'အစစ်အမှန် နိုင်ငံရေး' real politik ဟု ခေါ်သည်။ ၂၁ ရာစုနှစ်၏ အစစ်အမှန်နိုင်ငံရေးအဖြစ် ရည်ညွှန်းသည်။

(၇) ဤသဘောတရားကို အမေရိကန်နိုင်ငံစနစ်နှင့်လည်း ရည်ညွှန်းပြော ဆိုသည်။ အမေရိကန်နိုင်ငံရေးစနစ်တွင် သမ္မတသည် ကွန်ဂရက် လွှတ်တော်ကို အခါခပ်သိမ်း ဦးညွှတ်သည်မဟုတ်ပေ။ ကွန်ဂရက် ကို ပယ်သည့်အခါတွေ ရှိသည်။ ဤသဘော ဆောင်ရွက်နိုင်ရန် လည်း cv-equal အယူအဆကို အသိအမှတ်ပြုထားသည်။ သမ္မတ နှင့် ကွန်ဂရက်တို့သည် အာဏာတူရှိကြသည်။

ကမ္ဘာ့ရေးရာတွင် ခေါင်းဆောင်လာရသော စူပါ ပါဝါသည် ကုလသမဂ္ဂ ကို ဦးညွှတ်ချင်မှ ဦးညွှတ်မည်။ စူပါ ပါဝါနှင့် ကုလသမဂ္ဂတို့သည် အာဏာ တန်းတူသည်။ လက်တွေ့ကြည့်လျှင် စူပါ ပါဝါက ကုလသမဂ္ဂထက်ပိုပြီး အာဏာရှိသည်။ ကုလသမဂ္ဂသည် စစ်ရေးအင်အား military power မဟုတ်ပေ။ စူပါပါဝါသည် စစ်ရေးအင်အားကြီးသည်၊ စီးပွားရေးအင်အားကြီးသည်။ ဂလို ဘယ်လိုက်ဇေးရှင်းတွင် စူပါ ပါဝါကိုဗဟိုထားပြီး ကမ္ဘာကြီးလည်ပတ်နေရသည်။

အီရတ် ပြန်လည်ထူထောင်ရေးအတွက် ပြင်သစ်၊ ဂျာမနီ၊ ရုရှနှင့် တရုတ် ကုမ္ပဏီတို့ ကန်ထရိုက်မရကြသည်မှာ အပေါ်ယံတွေးကြည့်လျှင် မဟာဗျူဟာ မြောက် စဉ်းစားစရာတွေ မရှိဟုထင်စရာရှိသော်လည်း တကယ့်တကယ်၌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကန်ထရိုက်ပြဿနာကို မဟာဗျူဟာအခင်း အကျင်းဖြင့် စဉ်းစားကြသည်။ ထိုအခါ အဓိပ္ပာယ်လေးနက်မှုတွေ ပေါ်လာသည်။

ဇန်နဝါရီ၊၂၀၀၄။

အညွှန်း – CNN., The Globalist.

www.burmeseclassic.com

www.burmeseclassic.com

# ဆဒမ်နှင့် နျူးကလီးယားညီမျှခြင်းကိုစစ်ဆေးခေတ်နှင့်တွက်လို့ရမလား

“ယခု “ငြိမ်းချမ်းရေးအတွက် အဏုမြူ” ဟူသောအဆိုသည် ထောင်ချောက်ပုံး ဖြစ်လာပြီ။ ထရိုဂျင်မြင်း ဖြစ်လာပြီ။ မော်ဆရာကြီး အပြင်ထုတ်ထားသော ဘီလူးဂျင်နင်းကို ပုလင်းထဲ ဘယ်လိုပြန်ထည့်မလဲဟု မေးနေကြသည်။”

## တစ်ခါကအမေရိကန်လူ

ယခုအခါ အဖြစ်အပျက်ကြီးတို့ကို စစ်အေးခေတ်နှင့် နောက်ခံပြုပြီး သုံးသပ်လာကြသည်။ ထိုအထဲမှ အလွန်ထူးခြားသည့် ဖြစ်ရပ်ကြီးနှစ်ခုကို မီးမောင်းထိုးပြရသော်–

(၁) အီရတ်သမ္မတဟောင်း ဆဒမ်ဟူစိန်အား လက်ရဖမ်းဆီးမိ လိုက်သော ဖြစ်ရပ်နှင့်

(၂) နျူးကလီယား အကြမ်းဖက်မှု nuclear terrorism ကိစ္စတို့ဖြစ်မည်။

ဆဒမ်ဟူစိန်ကို ဖမ်းဆီးရမိသည့်ကိစ္စနှင့် ပတ်သက်၍ အမျိုးမျိုးဝေဖန်ကြသည်။ ထိုအထဲမှ ဆဒမ်ဟူစိန်ကို အမေရိကန်က မွေးစားထုတ်လုပ်ခဲ့သော သတ္တဝါအဖြစ်၊ အတိတ်ကိုပြန်ညွှန်းသော ဝေဖန်ချက်သည် တစ်မျိုးစိတ်ဝင်စားစရာ ကောင်းသည်။ မလေးရှားနိုင်ငံထုတ် နယူးစထရိတ်တိုင်း သတင်းစာက west manufactured Saddam ‘အနောက်က ဆဒမ်ကို ထုတ်လုပ်ခဲ့သည်’ ဟု ခေါင်းစဉ်တပ်သည်။ တစ်ခါက ဆဒမ်ဟူစိန်သည် အမေရိကန်၏ မဟာဗျူဟာမြောက် မဟာမိတ် strategic ally ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဤအချက် မှန်သည်။ အမေရိကန်က ဆဒမ်ဟူစိန်ကို မဟာမိတ်ပြုပြီး ကူညီအားပေးခဲ့သည်မှာ အကြောင်းနှစ်ရပ်ကြောင့် ဖြစ်သည်။

ပထမအချက်မှာ စစ်အေးခေတ် အရှေ့အလယ်ပိုင်းဒေသတွင်၊ ဆူပါ ပါဝါ နှစ်နိုင်ငံ (အမေရိကန်နှင့် ဆိုဗီယက်ယူနီယံ) တို့ အပြိုင်အဆိုင် ဩဇာ အာဏာချဲ့ထွင်ခဲ့ကြသည်။ အမေရိကား၏ မဟာဗျူဟာသည် ထိုစဉ်က ကွန်မြူနစ်ဆန့်ကျင်လျှင်ပြီးရော၊ ကွန်မြူနစ်ဆန့်ကျင်သူ မည်သူ့ကိုမဆို ကူညီပေးခဲ့သည်။ သို့ဖြင့် အမေရိကန်သည် အရှေ့ပိုင်းဒေသတွင် strong man ထက် တန်ခိုးကြီးသူအာဏာရှင်တို့ကို မွေးခဲ့သည်။ အားပေးခဲ့သည်။

ဒုတိယအချက်မှာ အရှေ့အလယ်ပိုင်းဒေသ ပထဝီနိုင်ငံရေးတွင် အီရန် (အယာတိုလာ)တို့က တန်ခိုးထွားလာပြီး အမေရိကန်ဆန့်ကျင်ရေးကို ပြုလုပ်ခဲ့ကြသည်။ အီရန် အယာတိုလာတို့ကို မဲတင်းရန် အီရတ် အာဏာရှင်ကို ကူညီခဲ့သည်။

ဤနှစ်ကြောင်း ထောက်ပြပြီး ဆဒမ်ဟူစိန်သည် တစ်ခါက 'အမေရိကန်၏လူ' ဟု ပြန်လည်ဖော်ပြကြသည်။

## အိပ်မက်မတူ

ဤအကြောင်းရေးသူ ဖာရစ်နူးက ဆဒမ်၏ဇာတ်လမ်းသည် ကြေကွဲစရာ ကောင်းသည်။ မွတ်ဆလင်ကမ္ဘာရှိ အာဏာရှင်တို့အတွက် သံဝေဂရစရာ ဖြစ်သည်ဟု ထောက်ပြပြီး၊ အမေရိကန်လိုလားသော မွတ်ဆလင်ကမ္ဘာမှ အာဏာရှင်တို့၏ ဇာတ်သိမ်းမကောင်းပုံတို့ကို တန်းစီဖော်ပြသွားသည်။ အီရန်မှ ရှားဘုရင် ဟာဘစ်ဘူရီဘာ၊ အေဘူလ်ဟတ်၊ အန်ဝါဆဒတ်၊ ဖာဒီနဲလ်မာကိုး(စ်) နှင့် ဆိုဟာတိုတို့ ဖြစ်ကြသည်။

ဆဒမ်ဟူစိန် အာဏာရအောင် အမေရိကန်က ကူညီအားပေးခဲ့သည်။ မွေးထုတ်ခဲ့သည်။ အခု အသုံးမဝင်သည့်အခါ ထုတ်လုပ်သူက ပြန်ခေါ်လိုက်သည်မှာ တရားကျစရာဖြစ်သည်ဟု ဆိုသည်။ ရက်စက်ကြမ်းကြုတ်သော အာဏာရှင်ခေတ်သည် ကုန်ဆုံးသွားပြီ။ အနောက်တိုင်း မီဒီယာတို့က ဤ ရက်စက်ကြမ်းကြုတ်သူကို အနောက်တိုင်းက မွေးထုတ်ကူညီခဲ့သည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com


အချက်ကို အလွယ်တကူမေ့ဖျောက်ပစ်ပြီး အောင်ပွဲခံရေးသားနေကြသည်မှာ အံ့သြစရာမဟုတ်ဟု ဆောင်းပါးရှင် ဖာရစ်နူးက ဝမ်းနည်းပက်လက် ရေးသည်။

ကမ္ဘာ့နိုင်ငံရေးသည် အစစ်အမှန်နိုင်ငံရေး real politik ဖြစ်သည်။ ဤ အစစ်အမှန်နိုင်ငံရေး၌ အကျိုးစီးပွားကိုပိုပြီး ဖိုးကပ်(စ်)လုပ်သည်။ တန်ဖိုး value ကို အသားမပေးပေ။ ထို့ကြောင့် အကျိုးစီးပွားကို ဦးစားပေးရသော နိုင်ငံရေးတွင်၊ မနှစ်သက်သူတို့နှင့် တစ်ခုတင်တည်း အိပ်ရသည့် bed fellows အဖြစ်မျိုးတွေ အတော်များများ ပြုလုပ်ရသည်မှာ၊ လုပ်ရိုးလုပ်စဉ်ပင် ဖြစ်သည်။ တစ်ခုတင်တည်း အတူအိပ်သော်လည်း အိပ်မက်ချင်း တူကြမည်မဟုတ်ပေ။

ယခုခေတ်မှတော့ မဟာဗျူဟာအခင်းအကျင်းက အခြေခံအရ ပြောင်းသွားသည်။ အကျိုးစီးပွားနဲ့တန်းတူ၊ တန်ဖိုးကို ဦးစားပေးဆောင်ရွက်မှုတွေ ဖြစ်ပေါ်လာသည်။ ပေါင်းသည့်သူချင်း အိပ်မက်တွေ တတ်နိုင်သမျှတူကြရမည်။

## ချီကာဂို သတိပေးသံ

စစ်အေးခေတ်နောက်ခံနှင့် စဉ်းစားလာရသော နောက်ပြဿနာတစ်ခုမှာ နျူးကလီယား အကြမ်းဖက်မှု nuclear terrorism ဖြစ်သည်။ ယခင်က အကြမ်းဖက်ဝါဒသည် နျူးကလီယားညီမျှခြင်း nuclear equation ထဲ ကိန်းရှင် အဖြစ် မပါဝင်ပေ။ နျူးကလီယားနိုင်ငံရေးကသတ်သတ်၊ အကြမ်းဖက်ဝါဒက သတ်သတ် သီးခြားစီဖြစ်သည်။ မရောပေ။ အကြမ်းဖက်ဝါဒဆိုသည်ကလည်း သိပ်မထွန်းကားသေး။ ယခုလောက်ထိ မကြီးမားသေး။

သို့ရာတွင် စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီး ပြီးသည်နှင့် အကြမ်းဖက်ဝါဒသည် စိတ်ကူးယဉ်သိပ္ပံဝတ္ထုအဖြစ်မှ တကယ့် လက်တွေ့အစစ်အမှန် reality အဖြစ်သို့ ကူးပြောင်းရောက်ရှိလာသည်။ ၁၉၉၄ ခုနှစ်က ချီကာဂိုတက္ကသိုလ်တွင် အဏုမြူသိပ္ပံပညာရှင်များ ညီလာခံတစ်ရပ် ကျင်းပပြုလုပ်ခဲ့ဖူးသည်။

ဤညီလာခံတွင် သိပ္ပံပညာရှင်တို့က နိုင်ငံရေးအင်အားစုတစ်စုသည် အရပ်ဘက် ကူးသန်းရောင်းဝယ်ရေး လေယာဉ်ပျံတစ်စီးဖြင့် နျူးကလီယား လက်နက်တို့ကို တင်ဆောင်လာပြီး အမေရိကားကို လျှပ်တစ်ပြက် အဏုမြူ လက်နက်တို့ဖြင့် တိုက်ခိုက်နိုင်သည်ဟု သတိပေးခဲ့ဖူးသည်။ သူတို့ကို နျူးက

www.burmeseclassic.com

www.burmeseclassic.com


လီးယား လျှပ်တစ်ပြက်တိုက်ခိုက်မှု nuclear blitzorig ဟု ခေါ်သည်။ နျူးက လီးယား အကြမ်းဖက်ဝါဒသည် ဖြစ်နိုင်ခြေရှိသည်ဟု သတိပေးခြင်းဖြစ်သည်။

သို့သော် တကယ့်လက်တွေ့၌ သိပ္ပံဝတ္ထုရေးဆရာတို့ကသာ ပုံပြင်ဝတ္ထု အဖြစ် ရေးကြသည်။ နျူးကလီယားအကြမ်းဖက်တိုက်ခိုက်မှုသည် ပုံပြင်ဝတ္ထု အဆင့်မှ မကျော်ခဲ့ပေ။ သို့ရာတွင် စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက် တိုက်ခိုက်မှုကြီးမှစ၍ နျူးကလီယား အကြမ်းဖက်တိုက်ခိုက်မှုသည် တကယ် ဖြစ်နိုင်ခြေရှိလာသည်။ အထောက်အထားအနေဖြင့် အာဖဂန်နစ္စတန်စစ်ပွဲတွင်၊ အယ်လ်ခိုက်ဒါစခန်းတစ်ခုကို သိမ်းပိုက်လိုက်ရာ၌ နျူးကလီယားစက်ရုံ ဓာတ် ပေါင်းဖိုတို့ကို ဝင်ရောက်တိုက်ခိုက်ရန် အစီအစဉ်ပုံကြမ်းတို့ကို ဖမ်းဆီးရမိသည့် အချက်က ပြသည်။

## မှော်ဆရာ့ ဘီလူး

ထို့ကြောင့် နျူးကလီးယား အကြမ်းဖက်မှုသည် ပုံစံနှစ်မျိုးဖြင့် ဖြစ်ပေါ် နိုင်သည်။

ပထမပုံစံမှာ အာဖဂန်နစ္စတန်စစ်ပွဲတွင် ဖမ်းမိသည့် ပုံကြမ်းအတိုင်း ပစ်မှတ်ထားသော နျူးကလီးယားစက်ရုံနှင့် ဓာတ်ပေါင်းဖိုတို့ကို ရိုးရိုး လက်နက်တို့ဖြင့်လည်းကောင်း၊ အသေခံဗုံးဖောက် တိုက်ခိုက်သောနည်း ဖြင့်လည်းကောင်း တိုက်ခိုက်ရန်ဖြစ်သည်။

ဒုတိယပုံစံမှာ အကြမ်းဖက်သမားတို့က ဈေးကွက်ထဲ ပေါပေါရောက် ရှိလာသော နျူးကလီးယားကုန်ကြမ်း (ယူရေနီယံနှင့် ယူတိုနီယံ) တို့ကို ရအောင် ရှာဖွေစုပေါင်းပြီး နျူးကလီးယားလက်နက် အကြမ်းထည်များ ထုတ်လုပ်ပြီး တိုက်ခိုက်ရန် ဖြစ်သည်။

ဤနျူးကလီယားကုန်ကြမ်းတို့ကား တစ်ကမ္ဘာလုံး ပျံ့နှံ့နေသည်။ နျူး ကလီးယား ဓာတ်အားပေးစက်ရုံတို့အနှံ့ ရှိနေသည်။ အဏုမြူရောင်ခြည်တို့ကို ဆေးရုံတို့က သုံးစွဲနေသည်။ နျူးကလီးယားကို အသုံးပြုသော စက်ရုံတွေ၊ သင်္ဘောတွေလည်း ပေါ်လာသည်။ စွန့်ပစ်နျူးကလီးယားပစ္စည်းတို့ကလည်း အနှံ့ရှိနေသည်။ အဏုမြူလက်နက် မပြန့်ပွားသည့်တိုင်အောင်၊ လက်နက်လုပ်

www.burmeseclassic.com

www.burmeseclassic.com


နိုင်သော အဏုမြူကုန်ကြမ်းတို့က ဈေးကွက်ထဲ ပျံ့နှံ့ရောက်ရှိလာသည်။

ဘယ်ပုံစံဖြစ်ဖြစ်၊ ဤနျူးကလီယားပျံ့နှံ့မှုသည် မည်သူမပြု မိမိမှုပင် ဖြစ်သည်။ အမေရိကန်သမ္မတ အိုက်စင်ဟောင်ဝါသည် 'ငြိမ်းချမ်းရေးအတွက် အဏုမြူ' atoms for peace အဆိုကို ကုလသမဂ္ဂတွင် တင်သွင်း၍ အတည်ပြု စေခဲ့သောကြောင့်ဖြစ်သည်။ ဤအဆိုကို ပြဋ္ဌာန်းပြီးသည်နှင့် နျူးကလီယား လျှို့ဝှက်ချက်အတော်များများသည် လျှို့ဝှက်စာရင်းမှ ပယ်ဖျက်ပေးလိုက်သည်။ declassification ဟု ခေါ်သည်။ အမေရိကန်ကလည်း 'ပညာသည်၊ လောက အလုံးစုံနှင့် သက်ဆိုင်သည်' knowledge is universal ဆိုသောမူကို လက်ခံ ထားသဖြင့် နျူးကလီယားသိပ္ပံပညာ ထွန်းကားရေးကိုလည်း အားပေးခဲ့သည်။

ယခု 'ငြိမ်းချမ်းရေးအတွက် အဏုမြူ' ဟူသောအဆိုသည် ထောင်ချောက် ဗုံး ဖြစ်လာပြီ။ ထရိုဂျင်မြင်း ဖြစ်လာပြီ။ မှော်ဆရာကြီး အပြင်ထုတ်ထားသော ဘီလူးကျင်နင်းကို ပုလင်းထဲ ဘယ်လိုပြန်ထည့်မလဲဟု မေးနေကြသည်။ နျူးက လီယား ညီမျှခြင်းတွင် အကြမ်းဖက်ဝါဒသည် ကိန်းရှင်အဖြစ် ပါဝင်ပတ်သက် လာပြီ။ နျူးကလီယားအကြမ်းဖက်မှု nuclear terrorism သည် တကယ်ဖြစ်နိုင် ခြေရှိလာသောအခါ ရှိရင်းစွဲ နျူးကလီယားညီမျှခြင်းတို့သည်၊ အကုန် ပြောင်း ဆန်အောင် ပြောင်းလဲကုန်ပြီ။ ယာယီမဟုတ်၊ အမြဲတမ်း ပြောင်းလဲကုန်ပြီဟု ဆိုလာကြသည်။

ဤနျူးကလီယားညီမျှခြင်းတွင် နျူးကလီးယားအကြမ်းဖက်မှုက ကိန်းရှင် အဖြစ် ပါဝင်လာသည်မှာ စစ်အေးခေတ်၏အကျိုးဆက်ဟု ပညာရှင်အချို့က သုံးသပ်ဝေဖန်ကြသည်။

ဇန်နဝါရီ၊ ၂၀၀၄။

အညွှန်း – New Strait Time

IGT

www.burmeseclassic.com

www.burmeseclassic.com

# အကြမ်းထည် ဆိုရှယ် ဒါဝင်ဝါဒက သမိုင်းလမ်းကြောင်းကို ပြောင်းနေသည်

## ဒါဝင်အကြမ်းနှင့် အချော

လုပ်ငန်းရှင်တစ်ဦးက အမေရိကန်သမ္မတ ဘု(ရှ်)နှင့် သူ့အဖွဲ့၏ လက်သစ်ကွန်ဆာဗေးတစ်ဝါဒ neo-conservatism ကို မကြာသေးမီက ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်သည်။ အိုင်ဒီအိုလိုဂျီခေါ် သဘောတရားဖြင့် ဝေဖန်ခြင်းဖြစ်လေရာ လူမှုဒါဝင်ဝါဒ social Darwinism အကြောင်းကို အဓိကဦးတည်ဖော်ပြသည်။ သမ္မတဘု(ရှ်)နှင့် အပေါင်းပါတို့သည် လူမှုဒါဝင်ဝါဒမှ အကြမ်းထည်အပိုင်းကို လိုက်နာနေသည်ဟု ဆိုသည်။ crude form of social Darwinism ဟု ဆိုသည်။

သို့ဖြင့် ဒါဝင်ဝါဒတွင် အကြမ်းနှင့်အချော နှစ်မျိုး ရှိပုံရလာသည်။ ဒါဝင်ဝါဒဆိုသည်မှာ survival for the fittest အသန်စွမ်းဆုံးသူက အသက်ရှင်သန်သည်ဆိုသော ဇီဝဗေဒဆင့်ကဲဖြစ်ပေါ်မှု evolution တရား ဖြစ်သည်။ ဤတရားအရ လူသည် အသက်ရှင်သန်ရန် အလုပ်နှစ်မျိုး လုပ်ရသည်။

ပထမအလုပ်မှာ လူများတကာနှင့် ပြိုင်ဆိုင်ရသည်။ ပြိုင်ဆိုင်နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com


ရန်းကန်ရသည်။ competion ပြိုင်ဆိုင်မှုအပိုင်း ဖြစ်သည်။

ဒုတိယအလုပ်မှာ သူများတွေနှင့် ပူးပေါင်းဆောင်ရွက်ရသည်။ cooperation ပူးပေါင်းဆောင်ရွက်မှုအပိုင်း ဖြစ်သည်။

ပထမပိုင်းဖြစ်သော ယှဉ်ပြိုင်မှုပိုင်းကို အကြမ်းထည်အပိုင်းဟူ၍ ခေါ်သည်။ ဒုတိယပိုင်းဖြစ်သော ပူးပေါင်းဆောင်ရွက်မှုအပိုင်းကို အချောပိုင်း–အနုပိုင်း ခေါ်သည်။ လက်သစ်ကွန်ဆာဗေးတစ်တို့သည် ဒါဝင်ဝါဒကို လူမှုရေးနှင့် နိုင်ငံရေးပိုင်းတွင် ကျင့်သုံးသောအခါ အကြမ်းထည်အပိုင်း ယှဉ်ပြိုင်မှုအပိုင်းကို အဓိကစူးစိုက်သည်။ ဒုတိယပိုင်း ပူးပေါင်းဆောင်ရွက်မှုအပိုင်းကို သိပ်အလေးမထားပေ။

## ၉/၁၁

သမ္မတဂျော့ဘု(ရှ်) အနီးအနား၌ရှိသော လက်သစ်ကွန်ဆာဗေးတစ်တို့သည် ယှဉ်ပြိုင်မှုကို စီးပွားရေးပိုင်း၌ ကြည့်ရာတွင် ကုမ္ပဏီချင်းယှဉ်ပြိုင်မှု competition between firms ကို အဓိကထားကြည့်သည်။ နိုင်ငံတကာဆက်ဆံရေး၌ နိုင်ငံအစိုးရချင်း ယှဉ်ပြိုင်မှု competition between states ကို အဓိကကြည့်သည်။

လက်သစ်ကွန်ဆာဗေးတစ်တို့သည် ဘု(ရှ်) စီးပွားရေးဝါဒ၌ ဈေးကွက်သည်သာ ပဓာနကျသည်။ ဈေးကွက်သည်သာ အခြေခံဖြစ်သည်ဟု ယုံကြည်သည်။ ၎င်းကို ဈေးကွက်အခြေခံဝါဒ market fundamentalism ဟု ခေါ်သည်။ နိုင်ငံတကာဆက်ဆံရေး၌ အမေရိကန်ကြီးစိုးမှုကို ထူထောင်ရန်လိုလားသည်။ ၎င်းကို persuit of American supremacy ဟု ခေါ်သည်။ လက်သစ်ကွန်ဆာဗေးတစ်တို့သည် အမေရိကန်ကြီးစိုးမှုကို အင်အားပြ၍ ထူထောင်လိုကြသည်ဖြစ်၍၊ နိုင်ငံအများနှင့် ပူးပေါင်းဆောင်ရွက်မှုကို သိပ်အလေးမပေးပေ။ အင်အားပြယှဉ်ပြိုင်မှုကို အဓိကစောင်းပေး၍၊ ပူးပေါင်းဆောင်ရွက်မှုကို သိပ်တန်ဖိုးမထားသောကြောင့် သူတို့၏ လူမှုဒါဝင်ဝါဒကို အဆိုပါလုပ်ငန်းရှင်က အကြမ်းထည်လူမှုဒါဝင်ဝါဒဟု သမုတ်သည်။

ပြောရမည်ဆိုလျှင် ဤအကြမ်းထည် ဆိုရှယ်ဒါဝင်ဝါဒကို လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com


အကောင်အထည်ဖော်ရန် အခွင့်အလမ်းပေးလိုက်သည်မှာ၊ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီးပင် ဖြစ်သည်။ အင်အားပြ၍ အမေရိကန်ကြီးစိုးမှုကို ထူထောင်လိုသော သမ္မတဘုရှ်)တို့အဖို့၊ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီးကို အင်အားကြီးကြီးသုံး၍ တုံ့ပြန်၍ အချိန်အခါ ပေါ်ပေါက်သွားသည်။

## မင်ဒိတ်နှင့် ရန်သူ

စက်တင်ဘာ ၁၁ ရက်နေ့မတိုင်မီက သမ္မတဘု(ရှ်) အခက်အခဲနှစ်ရပ်ရှိသည်။ ပထမအချက်မှာ သမ္မတဘု(ရှ်) သမ္မတဖြစ်လာရသည်မှာ အမေရိကန် တရားလွှတ်တော်ချုပ်၌ တစ်မဲအသာဖြင့် သမ္မတဖြစ်လာခြင်းဖြစ်သည်။ ထို့ကြောင့် စက်တင်ဘာ ၁၁ ရက်မတိုင်မီ၌ သမ္မတဘု(ရှ်)တွင် တစ်မဲအသာဖြင့် သမ္မတဖြစ်လာသူ ဖြစ်ခြင်းကြောင့် သူ့၌ တိကျရှင်းလင်းသော လုပ်ပိုင်ခွင့် clear mandate မရှိပေ။ ဒုတိယအခက်အခဲသည် အမေရိကန်ကြီးစိုးမှုကို ထူထောင်ရန်အလို့ငှာ ရှင်းရှင်းလင်းလင်းမြင်ရသော ရန်သူမရှိခြင်းဖြစ်သည်။

ဤအခက်အခဲနှစ်ရပ်နှင့် ရင်ဆိုင်ရစဉ်တွင် မမျှော်လင့်ဘဲ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်ကြီး ပေါ်လာသည်။ ဤအကြမ်းဖက်တိုက်ခိုက်မှုကြီးကို ပြင်းပြင်းထန်ထန် ပြန်လည်တုံ့ပြန်ရန် သမ္မတဘု(ရှ်) အခွင့်အမိန့် ရရှိသွားသည်။ ထို့အပြင် ရန်သူလည်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပေါ်လာသည်။

ဆိုလိုရင်းကား၊ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီးသည် လူမှုဒါဝင်ဝါဒကို အကောင်းဆုံး အကောင်အထည်ဖော်ရန် လမ်းပွင့်သွားသည်ဆိုသောအချက် ဖြစ်သည်။

ဤသို့ လမ်းဖွင့်သွားသည်နှင့် သမ္မတဂျော့ဘု(ရှ်)သည် စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီးကို 'စစ်အပြုအမူ' act of war အဖြစ် ရှုမြင်သုံးသပ်လိုက်သည်။ ဤရှုမြင်သုံးသပ်ချက်နှင့်အညီ အကြမ်းဖက်ဝါဒကို တိုက်ခိုက်ရန် စစ်ကြေညာလိုက်သည်။ declaration of war on terrorism ဟု ဆိုလိုက်သည်။ ဤတုံ့ပြန်နည်းသည် အမေရိကန်၏အင်အား၊ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com


စစ်အင်အားကို ပြင်းပြင်းထန်ထန် အသုံးပြုခြင်း ဖြစ်တော့သည်။ အမေရိကန်ကြီးစိုးမှုကို စစ်အင်အားဖြင့် ပြသလိုက်ခြင်းဖြစ်တော့သည်။ ထုထောင်လိုက်ခြင်း ဖြစ်တော့သည်။ သမိုင်းလမ်းကြောင်းသည် ပြောင်းလဲသွားသည်။

## လမ်းနှစ်လမ်း

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြီးကို စစ်အပြုအမူဖြင့် မမြင်ဘဲ၊ လူသားတို့အပေါ် ကျူးလွန်သော ရာဇဝတ်မှု crime against humanity အဖြစ် ရှုမြင်ယူဆလျှင်လည်း ဖြစ်နိုင်သည်။ အကယ်၍ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီးကို ရာဇဝတ်မှုဖြင့်ရှုမြင်လျှင် တုံ့ပြန်မှုသည် ရဲအလုပ် police work ဖြစ်မည်။

ထို့ကြောင့် ရဲအလုပ်အဖြစ် တုံ့ပြန်ခဲ့လျှင် သမိုင်းလမ်းကြောင်း ပြောင်းလဲမှုသည် တစ်မျိုးပုံစံ ဖြစ်သွားနိုင်သည်။ ယခု စစ်ဆင်မှုအလုပ်အဖြစ် တုံ့ပြန်ခြင်းကြောင့် သမိုင်းလမ်းကြောင်းသည် တစ်မျိုးပြောင်းလဲသွားတော့သည်။ သို့ဖြင့် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကို စစ်ရေးလှုပ်ရှားမှုအနေဖြင့် တုံ့ပြန်သင့်သလား၊ (သို့တည်းမဟုတ်) ရဲအလုပ်သဘောမျိုးဖြင့် တုံ့ပြန်သင့်သလားဆိုပြီး အငြင်းအခုံဖြစ်လာကြသည်။

အီရတ်စစ်ပွဲသည် သေသေချာချာကြည့်လျှင် ရဲအလုပ်ဖြစ်သည်။ သို့ရာတွင် စစ်အင်အားပြသခြင်း၊ စစ်အင်အားထက်မြက်ခြင်းကိုလည်း ဖော်ပြလိုသောအခါ ရဲအလုပ်ကို စစ်အင်အားဖြင့် ပြုလုပ်ရသောပုံစံမျိုး ဖြစ်ပေါ်လာသည်။ police work in combat gear စစ်ရေးဂီယာသွင်း၍ ရဲအလုပ်လုပ်ခြင်းဟု ပြောသည်။

ထို့ကြောင့် ရှေ့တွင် အမျိုးသားလုံခြုံရေး မဟာဗျူဟာနှင့်ပတ်သက်၍ ရွေးချယ်စရာနှစ်လမ်း ရှိလာသည်။ ပထမလမ်းမှာ သမ္မတဘုရှ်အစိုးရ၏ လက်ရှိမဟာဗျူဟာကို ဆက်လက်ကျင့်သုံးသည့်လမ်း ဖြစ်သည်။ ဒုတိယလမ်းသည် အမေရိကန်ခေါင်းဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ကျင့်သုံးသောလမ်း ဖြစ်သည်။

ဒီဇင်ဘာ၊ ၂၀၀၃။

www.burmeseclassic.com

www.burmeseclassic.com

# လိပ်နှင့် ခရမ်းချဉ်သီး

**“ခေတ်သစ်စစ်ပွဲသည် ယခင်ခေတ်တွေတုန်းက ခင်းကျင်းခဲ့သည့် စစ်ပွဲမျိုးတွေ မဟုတ်ပြီ။ နိုင်ငံကြီးချင်း တိုက်ကြခိုက်ကြသည့် စစ်ပွဲမျိုးတွေ မဟုတ်ပြီ။ ရပ်ဝေးသွားတိုက်ရသော စစ်ပွဲ distant wars တွေ ဖြစ်မည်ဟုဆိုသည်။ အာဖဂန်နစ္စတန်စစ်ပွဲမျိုး၊ ယခု အီရတ်စစ်ပွဲမျိုး။”**

**စားနေ**

(ဖတ်) ရသည်။ “ဖတ်” တွင် လက်သည်းကွင်းပိတ်လုပ်ထားသည်ကို သတိထားစေလိုသည်။ ဤအကြောင်း နောက်မှပြောပြီး ယခု ဝတ္ထုဇာတ်လမ်းကို အရင်ပြောလိုသည်။ ဝတ္ထုနာမည်က “လိပ်နှင့်ခရမ်းချဉ်သီး”။

အမေရိကား၊ နယူးဂျာစီရှိ ခြံကြီးတစ်ခြံတွင် အဘွားကြီးတစ်ယောက် ခရမ်းချဉ်သီးပင်တွေ စိုက်ထားသည်။ တစ်မနက် အိပ်ရာနိုးသောအခါ လိပ်ကြီးတစ်ကောင် ခြံထဲမှခရမ်းချဉ်သီးတွေ စားနေသည်ကို အံ့အားသင့်စွာ တွေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့ဖြင့် အဘွားကြီးသည် လိပ်ကြီးကို ကားပေါ်တင် သူ့ခြံနှင့် တစ်မိုင် လောက်ဝေးသော တောအုပ်ကြီးထဲ လွှတ်ထားလိုက်သည်။ တစ်ပတ်လောက် ကြာ မနက်အိပ်ရာမှနိုး၍ သူ့ခြံထဲ ဆင်းလာရာ လိပ်ကြီးတစ်ကောင် ခရမ်းချဉ် သီးတွေ စားနေသည်ကို တွေ့ရပြန်သည်။

အဘွားကြီးက ယခုလိပ်သည် ယခင်လိပ်နှင့်တူ–မတူ မသဲကွဲပေ။ ထို့ ကြောင့် ထုံးယူပြီး လိပ်ကြီးကျောကုန်းပေါ် ထုံးတို့ပေးလိုက်သည်။ ပြီး လိပ်ကြီး ကို ကားပေါ်တင်ကာ သူ့ခြံနှင့် ဆယ်မိုင်လောက်ဝေးသည့် တောအုပ်ကြီးထဲ လွှတ်လိုက်သည်။

လေးငါးရက်လောက်ကြာ၍ တစ်မနက် ခရမ်းချဉ်သီးခြံထဲ ဆင်းကြည့် လေရာ လိပ်ကြီးတစ်ကောင် ခရမ်းချဉ်သီးတွေ စားနေပြန်သည်။ ဤလိပ်ကြီးသည် ကျောကုန်း၌ထုံးတို့ထားသော လိပ်ကြီးပင်။ အဘွားကြီးသည် ဒီတစ်ခါတော့ လိပ်ကြီးကို ကားပေါ်မတင်တော့ပေ။

ရေကန်တစ်ကန် အမြန်တည်ဆောက်ပြီး လိပ်ကြီးကို အိမ်မွေးသတ္တဝါ ကဲ့သို့ ရေကန်ထဲ၌ပင် အပြီးမွေးလိုက်တော့သည်။ ခရမ်းချဉ်သီးကိုလည်း အဝ ကျွေးသည်။

ဇာတ်လမ်းက ဤမျှသာ ဖြစ်သည်။

## ပုံပြောသူမမြင်ရ

စာရေးသူသည် ဤဝတ္ထုတိုကလေးကို စာအုပ်ထဲမှ ဖတ်ရခြင်းမဟုတ် ပေ။ တီဗွီဂြိုဟ်တု ချဲနယ်လိုင်းတစ်လိုင်းတွင် ဖတ်ရခြင်းဖြစ်သည်။ ဤနေရာ၌ ဖတ်ကို လက်သည်းကွင်းပိတ် လုပ်မထားပါ။ အကြောင်းမူ စာအုပ်ထဲမှာ မဟုတ် ဘဲ တီဗွီထဲတွင်ပေါ်သော ဘုတ်ဖြူပေါ်တွင် အစစ်အမှန် တကယ်ဖတ်ရသော ကြောင့် ဖြစ်သည်။ ၎င်းကို virtual reading လို့ ခေါ်မလားမသိ။ စာအုပ် ဖတ်ဘိသကဲ့သို့ တူသည်။

ဝတ္ထုတိုလေးကို ထိုင်ကြည့်ရင်း စာရေးသူစိတ်ထဲ အတွေးတစ်ခု ပေါက် လာသည်။ စာဖတ်တယ်ဆိုတာ စာအုပ်ရှိမှ မဟုတ်တော့ပါကလား။

www.burmeseclassic.com

www.burmeseclassic.com


ဤဝတ္ထုတိုကို ဆရာလုပ်သူက ပြန်ပြောပြနေခြင်းဖြစ်သည်။ အင်္ဂလိပ်စာပို့ချချက်ဖြစ်၍ ဝတ္ထုထဲမှ အင်္ဂလိပ်စာအသုံးအနှုန်းတို့ကိုလည်း ဆရာက ရှင်းပြနေသည်။ သို့သော် ဆရာကိုမမြင်ရပေ။ သူ့အသံသာ ကြားရသည်။ မမြင်ရသော ပုံပြောသူ invisible narrator ဖြစ်ပေသတည်း။

ဤဝတ္ထု၌ လိပ်က ခရမ်းချဉ်သီးကို ဘယ်လောက် ကြိုက်နှစ်သက်သလဲဆိုသောအချက်ကို ခံစားမိနိုင်သလို၊ လိပ်နှင့်အဘွားကြီးတို့၏ သဘာဝ မေတ္တာ၊ လူနှင့်တိရစ္ဆာန်တို့၏ သဘာဝမေတ္တာကိုလည်း ခံစားနိုင်သည်။ ဤဝတ္ထုတိုလေးသည် သင်္ချာရသကိုလည်း ပေးသည်။ တစ်မိုင်ကွာဝေးသော တောအုပ်မှ ခရမ်းချဉ်သီးခြံသို့ ဘယ်နှစ်ရက်လာရသည်။ ဆယ်မိုင်ဝေးသောတောအုပ်မှ ခရမ်းချဉ်သီးခြံသို့ ဘယ်နှစ်ရက်လာရသည်ကိုတွက်၍ လိပ်၏ လှုပ်ရှားမှုနှုန်းကို တွက်ချက်နိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ စာအုပ်ရှိမှ ဝတ္ထုရှိသည် မဟုတ်တော့ပေ။ သေသေချာချာ စဉ်းစားကြည့်လျှင် စာအုပ်မပေါ်မီ ရှေးပဝေသဏီက နှုတ်ဟော ပုံပြောဆရာတို့က ဒဏ္ဍာရီတို့ကို ပုံပြော၍ လက်ဆင့်ကမ်းခဲ့ကြသည့် ဓလေ့ထုံးစံသည်၊ ခေတ်သစ်ပုံစံဖြင့် ပြန်လည်အသက်ဝင် လန်းဆန်းခြင်းပေလောဟု ဆင်ခြင်လို့ရသည်။

ဂြိုဟ်တုစလောင်း၊ အဝေးသင်ရုပ်မြင်သံကြားနည်းတို့ဖြင့် ပုံတွေပြန်ပြောနိုင်နေပြီး ရေးလည်းရေးနိုင်သည်။

## ဘလက်ဘုတ်၊ မြေဖြူနိဂုံး

စာရေးသူသည် အဝေးသင်ဂြိုဟ်တု ချဲနယ်လ်တို့ကိုလည်း ဖွင့်ကြည့်မိသည်။ ဘလက်ဘုတ်ခေါ် ကျောက်သင်ပုန်းအမည်းတွေ မဟုတ်ပြီ။ ဝှိုက်ဘုတ်ခေါ် သင်ပုန်းဖြူတွေဖြစ်နေပြီ။ ဆရာတို့ကလည်း မြေဖြူမသုံးတော့။ ဆော့(ဖ်)ပင် သုံးနေကြသည်။ ထို့ကြောင့် ဆရာအိုကြီးတစ်ယောက်က ဘလက်ဘုတ်နဲ့ မြေဖြူခေတ် နိဂုံးချုပ်ပြီဟု ညည်းသည်ကို နားလည်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com


နိဂုံးချုပ်တွေပြောရလျှင် တစ်ပြုံကြီးဖြစ်မည်။ သမိုင်း၏နိဂုံးမှစလိုက်ရာ ယခုနိဂုံးတွေ တစ်ပြုံကြီးဆက်တိုက်ပေါ်လာသည်။ ယခုနောက်ဆုံး နေတိုး၏ နိဂုံး End of NATO ဆိုပြီးပေါ်လာသည်။ ဤနိဂုံးကလည်း ခေတ်သစ်စစ်ပွဲကို သုံးသပ်ရာမှပေါ်လာခြင်းဖြစ်သည်။

ခေတ်သစ်စစ်ပွဲသည် ယခင်ခေတ်တွေတုန်းက ခင်းကျင်းခဲ့သည့် စစ်ပွဲမျိုးတွေ မဟုတ်ပြီ။ နိုင်ငံကြီးချင်း တိုက်ကြခိုက်ကြသည့်စစ်ပွဲမျိုးတွေ မဟုတ်ပြီ။ ရပ်ဝေးသွားတိုက်ရသော စစ်ပွဲ distant wars တွေ ဖြစ်မည်ဟုဆိုသည်။ အာဖဂန်နစ္စတန်စစ်ပွဲမျိုး၊ ယခု အီရတ်စစ်ပွဲမျိုး။

ဤလိုစစ်ပွဲမျိုးတွင် လက္ခဏာလေးပါးရှိရသည်။

(၁) အဝေးပုံကုန်တင် စစ်သားတင် သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးများ အများအပြားလိုသည်။

(၂) ပစ်မှတ်ကို တိတိကျကျပစ်ခတ်နိုင်သော စမတ်လက်နက်မျိုးတွေ လိုသည်။

(၃) မြန်မြန်လှုပ်ရှားနိုင်သည့် အထူးတပ်ဖွဲ့မျိုးတွေ လိုသည်။

(၄) ခေတ်မီ လျှို့ဝှက်ဆက်သွယ်ရေးစနစ်မျိုးတွေ လိုသည်။

နေတိုးတွင် ဤလက္ခဏာများ ဆင်းရဲနေသည်။ ထို့ကြောင့် နေတိုးသည် ကိုယ့်ဟာကိုယ် မဆီလျော်အောင်၊ မအပ်စပ်အောင်ဖန်တီးပြီး နိဂုံးချုပ်ရတော့မည်ဟု နိမိတ်ဖတ်ကြသည်။

ကုလသမဂ္ဂပင်လျှင် နိဂုံးချုပ်လေမလားဟု မေးခွန်းထုတ်လာသည်။ စစ်အေးခေတ်၏ စိန်ခေါ်မှုတို့ကို ရင်ဆိုင်ဖြေရှင်းရန် ရည်စူးဖွဲ့စည်းထားခဲ့လေရာ ၁၁ စက်တင်ဘာပြီးနောက် ပေါ်ပေါက်လာသော အသစ်စိန်ခေါ်မှုတို့နှင့် ကုလသမဂ္ဂ အံမကိုက်ခွင်မကျဖြစ်လာပုံကို ထောက်ပြလာကြသည်။ တစ်ဦးတည်းရှိလာသော အမေရိကန် စူပါ ပါဝါနှင့် ကုလသမဂ္ဂတို့ အံမဝင်ခွင်မကျဖြစ်ပြီ။

## ရသသစ်များ

တက္ကနိုလိုဂျီက ရသသစ်တို့ကို ဖန်တီးလာသည်။ တက္ကနိုလိုဂျီ၏ အလုပ်

www.burmeseclassic.com

www.burmeseclassic.com


သည် အနုပညာရသကို ပို၍ထက်မြက်အောင်၊ နက်ရှိုင်းအောင် ပေးသည်သာ ဖြစ်သည်ဟု သမားရိုးကျ နားလည်ထားကြသည်။ ရသဖန်တီးသူတို့မှာ အနုပညာရှင်တို့သာ ဖြစ်သည်။

ယခုဤသဘောထက် ကျော်လွန်သွားလေပြီ။ တက္ကနိုလိုဂျီက အနုပညာရသအသစ်တို့ကို ဖန်တီးပေးသည်။ အနုပညာမဆန်သော ရသသစ်တို့ကိုလည်း မွေးထုတ်လာသည်။ မတူသော ရသချင်းကိုလည်း ပေါင်းစပ်ပေးသည်။ combination of compatibles ဟုခေါ်သည်။ လိုင်းချင်းမတူသော်ငြားလည်း ပေါင်းစပ်လို့ရပြီ။

ဥပမာ–ကွန်ပျူတာဂိမ်းနှင့်ဂီတသည် လိုင်းတစ်ခြားစီဖြစ်သည်။ ဒီဂျစ်တဲလ် တက္ကနိုလိုဂျီပေါ်လာသောအခါ ဂိမ်းလည်း ဒီဂျစ်တဲလ်၊ ဂီတလည်း ဒီဂျစ်တဲလ် ဖြစ်လာသည်။ ယခုဂိမ်းကုမ္ပဏီနှင့် ဂီတကုမ္ပဏီတို့ပေါင်းပြီး ဂိမ်းနှင့်ဂီတရောမွှေရန် ကြံဆလာသည်။ ထွက်လည်း ထွက်နေသည်။

ပြောရလျှင် တယ်လီဖုန်းနှင့်ကင်မရာသည် တခြားစီဖြစ်သည်။ အမျိုးအစားလည်း မတူ၊ လိုင်းလည်း မတူ၊ ဟော–ခု တယ်လီဖုန်းနှင့် ဓာတ်ပုံရိုက်လို့ရအောင် လုပ်လာသည်။ "မျိုးဆက်သုံး" နှင့် "မျိုးဆက်လေး" ဂျီအက်(စ်)အမ်မိုဘိုင်းဖုန်းတို့တွင် ကင်မရာထည့်လာပြီ။

ရှေ့တွင် လိပ်နှင့်ခရမ်းချဉ်သီး ဝတ္ထုတိုမျိုးကို ဆဲလ်ဖုန်းတွင်ဖတ်ရန် စာရေးသူ မျှော်လင့်နေသည်။

ဧပြီ၊ ၂၀၀၃။

အညွှန်း။ စလောင်း

www.burmeseclassic.com

www.burmeseclassic.com

# ရွှေမင်းသမီးနှင့် ဖားဒဏ္ဍာရီ

## နို့ဖြတ်စကလေးအရွယ်

ဒဏ္ဍာရီပညာရှင် ဂျိုးဇက်ကင်ဘဲလ်က ဒဏ္ဍာရီ mythology ကို အတ္ထုပ္ပတ္တိ biography ဟု သတ်မှတ်သည်။ ပုံပြင်တို့ထဲမှ ဇာတ်ကောင်တို့၏ အတ္ထုပ္ပတ္တိတို့ပေတည်း။ ဇာတ်ကောင်တို့၏ဘဝသည် ပုံပြင်ထဲ ပြောင်းလဲနေသည်။ transfiguration ဟု ခေါ်သည်။ ဤအပြောင်းအလဲတို့သည် လျှို့ဝှက်သည်းဖို ဆန်သည်။ ဘဝစခန်း ပြောင်းလဲမှု၏ လျှို့ဝှက်နက်နဲချက်တို့ကို လေ့လာခြင်းသည်ပင် ဒဏ္ဍာရီကို လေ့လာရာမည်သည်။

ဤဘဝပုံသဏ္ဌာန်ပြောင်းလဲမှုတို့၌ thresholds လှေကားတက်အဝင်ဝတွေရှိသည်။ ဤလှေကားတက်တို့ကိုဖြတ်ပြီး အတ္ထုပ္ပတ္တိ ပြောင်းလဲသွားသည်။ လှေကားတက်အဖြတ်၌ စွန့်စားရန်နှိုးဆော်မှု call to adventure ရှိသည်။ ဤတွင် ဒဏ္ဍာရီမှန်လျှင် စွန့်စားခန်းတို့နှင့် ပြည့်နေရမည်။ စွန့်စားခန်းဆိုတော့ ဟီးရိုးသူရဲကောင်း ရှိရသည်။ ဟီးရိုးက စွန့်လွှတ်စွန့်စားပြုမည်။

ဟီးရိုးကို သဘာဝလွန်တန်ခိုးရှင် supernatural power တစ်ဦးဦးက ကူသည်။ ဤသဘာဝလွန်တန်ခိုး အကူအညီဖြင့် ဟီးရိုးက စွန့်စားခန်းတွေ အမျိုးမျိုးပြုလုပ်သည်။ အံ့ဖွယ်တွေဖြစ်သည်။ အကျဉ်းအကျပ် crisis မျိုးစုံကို ကျော်ဖြတ်သည်။ ရှေ့တော်ပြေးတွေ နိမိတ်တွေ ပြတတ်သည်။

သူရဲကောင်း (သို့မဟုတ်) ကယ်တင်ရှင်သည် သဏ္ဌာန်ကြီးကြီးလည်း

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နိုင်သည်။ နဂါးငယ်လေးလို ဖားငယ်လေးလိုလည်း ဖြစ်နိုင်သည်။ ပုံပြင်တစ်ခု၏ အဆိုအရ ဤမြေကမ္ဘာကြီးကို မြွေကြီးတစ်ကောင်က သူ၏ခေါင်းဖြင့် ရွက်ထားခြင်းဖြစ်သည်။ ဖားငယ်သည် မြွေကြီး၏ကလေးအရွယ် nursery counterpart တစ်ရပ် ဖြစ်တော့သည်။ ဒဏ္ဍာရီတို့တွင် အကောင်ကြီး သတ္တဝါငယ်များအဖြစ်ချုံ့၍ သရုပ်ဖော်ခြင်းကို၊ နို့ဖြတ်စအရွယ် ကလေးဆိုက် ပြုသည်ဟုဆိုသည်။ ဤအမြင်ကို အခြေခံလျက် အမျိုးသားရေးဝါဒ ဒဏ္ဍာရီတို့ကို နို့ဖြတ်စအရွယ် ကလေးပုံပြင်စာရင်းထဲ သွင်းသည်။

## နေရောင်ခြည် ပက်ဖြန်း

အထက်ပါ သဘောတရားတို့ကို ရှင်းပြပြီး၊ ဒဏ္ဍာရီပါရဂူက ရွှေမင်းသမီးလေး ပုံပြင်တစ်ခုကို ပြောပြသည်။

"ရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါး ရှိလေသည်။ ဤဘုရင်ကြီးတွင် သမီးသုံးပါးရှိရာ ချောမောလှပကြသည်။ သမီးအငယ်ဆုံးက ဘယ်လောက်တောင် ချောမောလှပသနည်းဆိုမူ၊ နေမင်းကြီးပင် မြင်ဖူးသမျှထဲ အလှဆုံးဖြစ်နေ၍၊ သူ၏နေရောင်ခြည်ကို ဤမင်းသမီးကလေးအား နေ့စဉ် ပက်ဖြန်းပေးသည်။

ဘုရင်ကြီးစံမြန်းရာ ရဲတိုက်ကြီးအနီးတွင် တောအုပ်ကြီးတစ်ခု ရှိသည်။ အေးမြသော ရေကန်ငယ်တစ်ခုလည်းရှိသည်။ အချောမောဆုံး အငယ်ဆုံး ရွှေမင်းသမီးသည် ထိုကန်သို့သွား၍ ကြည်နူးလေ့ရှိရာ၊ တစ်နေ့တွင် မင်းသမီးလေးက ရွှေဘောလုံးလေးကို မြှောက်ကစားသည်။ မြှောက်လိုက်သော ရွှေဘောလုံးသည် လက်ထဲပြန်မကျဘဲ ရေကန်ထဲ ကျသွားလေတော့သည်။

ရေကန်သည် အတော်နက်ရာ ရွှေဘောလုံးကို မမြင်ရတော့ပေ။ ရွှေမင်းသမီးလေး ငိုပြီ။ သူမ၏ငိုသံသည် ကျယ်၍ကျယ်၍လာလေရာ တစ်ယောက်ယောက်၏ ခေါ်သံကို ကြားလိုက်သည်။

"ဘာများဖြစ်နေပါလိမ့် ရွှေမင်းသမီးလေးရယ်၊ ငိုလိုက်တာများ ခဲလုံးတောင် သနားဦးမယ်"

အသံလာရာသို့ ကြည့်လိုက်ရာ၊ အရုပ်ဆိုးဆိုး ဖားတစ်ကောင်က ရေပေါ်ခေါင်းဖော်ပြီး ပြောနေခြင်းကို တွေ့ရသည်။ ဖားက ဖြစ်ပုံကိုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကျုပ် ကူညီနိုင်တယ်၊ ရွှေမင်းသမီးလေးနှစ်သက်တဲ့ ရွှေဘောလုံး ပြန်ရအောင် လုပ်ပေးရင် ကျုပ်ကို ဘာပေးမလဲ"

"လိုချင်တာပေးပါ့မယ် ကိုရွှေဖားရယ်၊ ပြောပါ ဘာလိုချင်သလဲ။ ကျွန်မ အဝတ်အစားတွေလား၊ လက်ဝတ်လက်စားတွေလား၊ သရဖူလား"

"ဒါတွေ မလိုချင်ပါဘူး ရွှေမင်းသမီးလေးရယ်။ ကျုပ် ရွှေမင်းသမီးနဲ့အတူ ကစားချင်တယ်။ ထမင်းစားဝိုင်းမှာ အတူထမင်းစားချင်တယ်။ ရွှေမင်းသမီး ငုံ့ပေးတဲ့ ဖလားနဲ့ ရေသောက်ချင်တယ်။ ရွှေမင်းသမီးခုတင်မှာ အိပ်ချင်တယ်။ ဒါတွေကို ပေးပါမယ်လို့ ခုကတိပေးရင် ကျုပ်အခု ရေထဲခုန်ဆင်းပြီး ရွှေဘောလုံးလေးကို ယူပေးမယ်"

ရွှေမင်းသမီးက စဉ်းစားသည်။ ဒီဖား အနှစ်သာရမရှိတဲ့စကားတွေ ဘာကြောင့်များ ပြောနေပါလိမ့်။ ရေကန်ထိပ် တစ်ကောင်တည်းနေ၊ လူသူအဖော်လည်းမရှိ။

ဖားက ရွှေမင်းသမီး၏ကတိကို ရသောအခါ ရေထဲ ခုန်ဆင်းသွားပြီး ခဏလေး ရေကူးအပြီးတွင် ရွှေဘောလုံးလေးကို ပါးစပ်ထဲထည့်၊ ကမ်းစပ် မြက်ခင်းစိမ်းပေါ် ထွေးထုတ်ပေးလိုက်သည်။ ရွှေမင်းသမီးလေးသည် သူ့ရွှေဘောလုံးလေးကို မြင်သောအခါ ဝမ်းသာအားရဖြစ်ပြီး ရွှေဘောလုံးကို ကောက်ကာ တောထဲ ဝင်ပြေးလေတော့သည်။

"စောင့်ဦးလေ၊ ရွှေမင်းသမီးလို ကျုပ်က ပြေးနိုင်တာမဟုတ်ဘူး"

သူ အော်ရုံကလွဲ၍ ဘာတတ်နိုင်မှာတုန်း။ ရွှေမင်းသမီးသည် သူ့ကိုပင် သတိမရဘဲ ပြေးလေပြီ။ ဖားအဖို့ ကမ်းစပ်ပြန်၊ သာခွေယိုင်လုပ်ရုံပဲ ရှိတော့သည်။ မကျေမနပ်လျှင် ကန်ထဲခုန်ပြီး ရေကူးနေရုံ ဖြစ်တော့သည်။

ပုံပြင်ကား ဤမျှသာတည်း။

## မွေးဖွားခြင်း၏ အကျုပ်အတည်း

စိတ်စိစစ်သူက blunder အလွဲလွဲအချော်ချော် မှားယွင်းမှုကို ပြောပြသည်။ ဤအလွဲလွဲအချော်ချော် မှားယွင်းမှုသည် ကံကြမ္မာတစ်ခုကို တံခါးဖွင့်ပေးလိုက်ရာမည်သည်။ ဤပုံပြင်၌ အလွဲလွဲအချော်ချော် မှားယွင်းမှုသည် သုံး

www.burmeseclassic.com

www.burmeseclassic.com


ပိုင်း ဖြစ်ပွားသည်။

(၁) ရွှေဘောလုံးလေး ပျောက်ဆုံးသွားမှုသည် ရွှေမင်းသမီးလေး တစ်ခုခုနှင့် ကြုံတွေ့တော့မည်ဟု လက္ခဏာပြသည်။

(၂) ဖားသည် ဒုတိယ အလွဲလွဲအချော်ချော် ဖြစ်သည်။

(၃) ရွှေမင်းသမီးလေး မဆင်မခြင် အရမ်းကတိပေးမှုတို့ ဖြစ်သည်။

ရွှေမင်းသမီးလေး ရွှေဘောလုံး ရေထဲကျသွား၍ ငိုနေစဉ် ဖားသည် အံ့ဖွယ်တန်ခိုးဖြင့် မြင်ကွင်းထဲ ရောက်လာသည်။ သူသည် စွန့်စားရန်နှိုးဆော်ခံရပြီ။ စိတ်ကုပါရဂူကြီး ဖရွိုက်က ဒဏ္ဍာရီတို့တွင် သောကတစ်ခဏ moment of anxiety ကို ဖော်ပြရစမြဲဖြစ်သည်။ အကြောင်းမူ လူ့ဘဝတွင် ဤကာလ တကယ်ရှိသောကြောင့် ဖြစ်သည်။

ဤသောကကာလသည် မိခင်ဝမ်းမှ ကျွတ်ရသည့်အချိန်၌ အပြင်းထန်ဆုံး ဖြစ်သည်။ မိခင်ဝမ်းမှကျွတ်ချိန် ခံစားရသော ဝေဒနာခံစားမှုကို crisis of birth မွေးဖွားခြင်းအကျပ်အတည်းဟု ခေါ်သည်။ ဤအကျပ်အတည်းမှ ဝေဒနာတို့သည် စိတ်၏အနက်ရှိုင်းဆုံးအပိုင်းထဲ ရောက်သွားကာ မသိစိတ်တွေကို ပြုနေသည်။

BURMESE CLASSIC .com

အထက်ဖော်ပြပါ ပုံပြင်တွင် ဖားသည် ငြင်းပယ်ခံရသည်။ တရုတ်ပုံပြင်တို့တွင် နဂါးသည် ငြင်းပယ်ခံရသည်။ ဤသို့ ငြင်းပယ်ခံရမှုတို့ကို တုံ့ပြန်သည့်အနေဖြင့် နဂါးက နေကိုမျိုပြလိုက်သည်။ ဖားကလည်း နေကို ပါးစပ်ထဲထည့်သည်။ နေနှင့်အံတုသော ပုံပြင်တို့သည် အတ္တကို တန်ခိုးကြီးအောင်ပြုခြင်း ego aggrandizements တို့ ဖြစ်သည်။

တစ်ဖက်မှကြည့်လျှင် ရွှေမင်းသမီးလေးနှင့် ဖားပုံပြင်သည် ကလေးအရွယ် အခြေအနေကို ထင်ဟပ်သည်သာ ဖြစ်သည်။

စက်တင်ဘာ၊ ၂၀၀၃။

အညွှန်း – The Hero with a thousand Faces
by J.Campbell

www.burmeseclassic.com